
ဆုပြည့်စုံတွန်းစာပေ
ဆောင်းလုလင်
သစ္စာ၏သားကောင်များ

ဆုပြည့်စုံထွန်း စာပေ

အမှတ် (၅၀၀/၅၁၂) ၂(ခ)လွှာ၊ ပထမထပ်၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့.
ဖုန်း- ၃၇၃၆၆၄၊ ၃၇၆၇၃၃

## — ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## — ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## — နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## — စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## — လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဆုပြည့်စုံထွန်းစာပေ



စာမူခွင့်ပြုချက်အမှတ် ▸ ၅၀၁၅၉၇၁၀၀၈
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ▸ ၅၀၁၅၅၅၁၁၀၈

□□

ပုံနှိပ်ခြင်း

ပထမအကြိမ် ▸ (၂၀၀၉၊ ဇွန်လ)
အုပ်ရေ ▸ (၅၀၀)

□□

မျက်နှာဖုံး ▸ ရန်နိုင်ဦး
ကွန်ပျူတာစာစီ ▸ *Quality*
အတွင်းဖလင် ▸ *Quality*

□□

ပုံနှိပ်သူ

ဦးမန်းနော်တင်(ပိုးကရင်ပုံနှိပ်တိုက်) (၀၂၈၀၁)
အမှတ် ၁၂၀၊ မင်းရဲကျော်စွာလမ်း၊ အလုံမြို့နယ်။

□□

ထုတ်ဝေသူ

မခင်မာရွှေ၊ (၀၃၉၀၅) (မြဲ)၊
အမှတ် ၅၀၈/၅၁၂ (ပထမထပ်)၊
ကုန်သည်လမ်းနှင့် ဆိပ်ကမ်းသာလမ်းထောင့်၊
ရန်ကုန်မြို့။

□□

တန်ဖိုး ▸ ၁၂၀၀ - ကျပ်

၈၉၅. ၈၃

ဆောင်းလုလင်

သစ္စာ၏သားကောင်များ/ဆောင်းလုလင် — ရန်ကုန်၊
ဆုပြည့်စုံထွန်းစာပေ၊ ၂၀၀၉။
၁၃၂ - စာ၊ ၁၃x၂၀. ၅စင်တီ
(၁) သစ္စာ၏သားကောင်များ

အတိတ်ဆိုသည်မှာ လူတိုင်း၌ရှိပေမည်။

စကြာဝဠာကြီးတစ်ခုလုံးနှင့် ကမ္ဘာမြေကြီးမှာပင် အတိတ်ကာလ ဟူ၍ရှိခဲ့သေးရာ လူတွေ၌လည်း သူ့သက်တမ်းနှင့်သူ အတိတ်ကာလ အပိုင်းအခြားတစ်ခုစီတော့ ရှိကြလေမည်သာ။

ကျွန်ုပ်တော်ဆိုလိုသည့် အတိတ်ကာလဆိုသည်မှာ လူသားတစ်ဦးချင်း ပိုင်ဆိုင်သော မိမိကိုယ်ပိုင်အတိတ်ကာလများကို ဆိုလိုပါသည်။

အတိတ်ဖြစ်ရပ်တို့သည် မှုန်ဝါးဝါးမှေးမှိန်မှိန်လည်း ဖြစ်ချင်ဖြစ်မည်။ ထင်ထင်ရှားရှား သတိရတမ်းမက်ဖွယ်အတိတ်တို့လည်း ရှိကြမည်။ မထူးခြားသော သာမန်အတိတ်ဖြစ်ရပ်တို့ကိုတော့ မှတ်မိသိရှိတော့မည် မဟုတ်သလို ကိုယ့်ဘဝအတွက် အရေးပါထူးခြားလှသော အတိတ်ဇာတ်ကြောင်းများကိုမူ မေ့ကြလိမ့်မည် မဟုတ်ပါပေ။

ထိုအတိတ်တို့သည် အတိတ်အဖြစ်သာ လွမ်းဆွတ်ဖွယ်သက်သက် ရှိနေလျှင်တော့ တမ်းတသတိရရင်းဖြင့်သာ လွမ်းဆွတ်နေရုံရှိလေမည်။

အတိတ်ဖြစ်ရပ်တို့သည် အသစ်တစ်ဖန် ပြန်လည်ဆန်းသစ်နိုးကြားလာသည့်အခါတွင်တော့ . . .

* * * * *

"မောင်က ခုတလော တစ်မျိုးပဲကွယ်"

သွယ်က အဲဒီလိုစွပ်စွဲသည့်အခါတိုင်း ကျွန်တော့်မှာ မျက်နှာအထားရခက်ခဲ့ရပါသည်။ ချစ်သူ၏ စူးစမ်းဟန်ပါသော မျက်ဝန်းနက်နက်များကိုလည်း ရင်မဆိုင်ရဲစွာ ရှောင်လွှဲနေမိပြန်သည်။

"ခင်ဗျားလုပ်ပုံက သွယ်သွယ့်ကို သစ္စာဖောက်တဲ့ လုပ်ရပ်မျိုးပဲဗျ။ ခင်ဗျားအပေါ်မှာ ဘာမျှအပြစ်ဆိုစရာမရှိအောင် ကောင်းနေတဲ့ မိန်းကလေးတစ်ယောက်ကို ဒီလိုမရက်စက်သင့်ပါဘူးဗျာ"

ကျွန်တော့်သူငယ်ချင်း ကိုရဲမင်း၏စွပ်စွဲချက်ကတော့ ပြောင်ကျလွန်းလှပါသည်။ ချစ်သူသွယ်သွယ်မျိုး၏ သံသယစကားများကိုပင် ဖြေကြားရမှာ မဝံ့မရဲဖြင့် ဝေ့လည်ရှောင်လွှဲခဲ့သော ကျွန်တော်သည် ကိုရဲမင်း၏စကားများကို တုံ့ပြန်ချေပဖို့ ပို၍ပင် အင်အားနည်းနေရသေးတော့၏။

"သွယ်သွယ်နဲ့ခင်ဗျား သမီးရည်းစားသက်တမ်း ဘယ်လောက်လဲ။ မို့ အဲ ... လေးနှစ်၊ ကျွန်တော်နဲ့မြမြလက်ထပ်တဲ့နှစ်မှာ ခင်ဗျားတို့ ချစ်ခဲ့ကြတာဆိုတော့ သုံးနှစ်တောင်ရှိပြီပေါ့။ ဒီသုံးနှစ်အတွင်းမှာ သွယ်သွယ်က ခင်ဗျားကို မေတ္တာလျှော့တဲ့စကားမျိုး လေသံနဲ့တောင် ဟခဲ့ဖူးလို့လားဗျာ။ ခင်ဗျားမျက်နှာကို အရိပ်တကြည့်ကြည့်နဲ့နေတဲ့မိန်းကလေး၊ ကျွန်တော်တို့ လင်မယားအသိဆုံးပေါ့။ သွယ်သွယ်စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ဗျာ"

သွယ်နှင့်ကျွန်တော်၏ အခြေအနေမှာ ကိုရဲမင်းပြောသည့် အနေအထားထက်ပင် ပို၍ခရီးရောက်နေပြီး ဖြစ်ပါသည်။ တရားဝင်စေ့စပ်ကြောင်း လမ်းမထားသော်လည်း နှစ်ဖက်မိဘများ သိရှိပြီးအနေအထား။ နှစ်ဖက်ဆွေမျိုးများအားလုံးကလည်း ကြည်ဖြူခွင့်ပြုထားပြီးသား အခြေအနေ၊ မကြာလှသောအချိန်တွင် သွယ်နှင့်ကျွန်တော် လက်ထပ်ကြမည်ဟု ကျွန်တော်တို့တာဝန်ထမ်းဆောင်ရာ ကုမ္ပဏီအသိုင်းအဝိုင်းကပါ နားလည်ထားကြပြီး ဖြစ်သည်။

"ခင်ဗျား သစ္စာဖောက်နေတာပဲ"

ကိုရဲမင်းက ပြတ်ပြတ်သားသားနှင့် ပြင်းပြင်းထန်ထန် စွပ်စွဲလိုက်သည်။

ကျွန်တော် တကယ်ပဲ သွယ့်ကို သစ္စာဖောက်နေမိတာလား။

ကိုရဲမင်းရဲ့ သစ္စာဖောက်တယ်ဆိုတဲ့ စွပ်စွဲချက်၊

သွယ့်ရဲ့ "မောင်က ခုတလောတစ်မျိုးပဲကွယ်" ဆိုတဲ့ သွေးတိုးစမ်းစကားများကို ကျွန်တော် ဆန်းစစ်ကြည့်မိရပါပြီ။

သွယ်ပြောသလို ခုတလောမှာ ကျွန်တော် တစ်မျိုးဖြစ်နေတာကတော့ အမှန်ပါပင်။ ဒါပေမဲ့ သွယ့်အပေါ်မှာ အချစ်လျော့သွားတာမျိုး မဟုတ်တာတော့ ကျမ်းကျိန်ပြောဝံ့လောက်အောင် သေချာပါသည်။

ခက်တာက ကျွန်တော်ကြုံတွေ့နေရသည့် အနေအထားကိုက တစ်မျိုးကြီးဖြစ်နေရခြင်းပင်။

'ဝေ'နှင့် ပြန်လည်ဆက်သွယ်ခွင့်ရခြင်းကပင် ကျွန်တော့် စိတ်ထားများကို တစ်မျိုးတစ်ဖုံပြောင်းလဲစေခဲ့သည်လား။

ကျွန်တော်ကိုယ်တိုင်လည်း မဝေခွဲတတ်တော့ပါ၊

* * * * *

အသက်သုံးဆယ်ကျော်အရွယ် ကုမ္ပဏီအရာရှိတစ်ဦးဖြစ်သည်ထိ ရင့်ကျက်နေပြီဖြစ်သော ယခုလိုကာလ၀ယ် ကလေးကလားဆန်စွာဖြင့် အချစ်ပေါင်းများ အကြောင်းကို ကျွန်တော်မပြောလိုပါ။

ချစ်ခဲ့ဖူးတဲ့ချစ်သူတွေ၊ ထားခဲ့ဖူးတဲ့ရည်းစားတွေ၊ တွဲခဲ့ဖူးတဲ့ မိန်းကလေးတွေအကြောင်းကို စားမြုံ့ပြန်နေလို့ရော ဘာထူးမှာလဲ။

ဒါပေမဲ့ ဆယ်ကျော်သက်အရွယ်ကတည်းက ချစ်ခဲ့ဖူးတဲ့ ချစ်ဦးသူ တစ်ယောက်အကြောင်းကိုတော့ ကျွန်တော် မမောတမ်းပြောချင်ပါသေးသည်။ ထိုချစ်ဦးသူသည် ချစ်ဦးသူဆိုသည့်အတိုင်း ကျွန်တော့်ဘ၀မှာ ပထမဆုံးချစ်ခဲ့ဖူးသော ချစ်သူတစ်ယောက်လည်း ဖြစ်ပါသည်။

ဝေ ... ဝေ ...

ဝေက ကျွန်တော့်ရဲ့သစ်လွင်သော နှလုံးသားကို အဦးဆုံးလှုပ်ရှားစေသူဖြစ်ခဲ့သည်။

ဝေသည် ကျွန်တော့်ရင်ကို မြင်စကာပင် ဆွဲကိုင် လှုပ်ယမ်းနိုင်သော မိန်းကလေးတစ်ယောက် ဖြစ်ခဲ့ပါသည်။

* * * * *

ဆုပြည့်စုံထွန်းစာပေ

"သူ့နာမည်က ဝေလွင် . . . တဲ့"

ခင်မောင်ဇော်က သူ ရလာခဲ့သော သတင်းကို ယောကျ်ားလေးအုပ်စုရှေ့တွင် ဖြန့်ဝေလိုက်သည်။

ဒုတိယအစမ်းစာမေးပွဲ ဖြေရခါနီးအချိန်ကျမှ ကျောင်းသို့ ကျောင်းသူအသစ်တစ်ဦး ရောက်လာသည်။

အတန်းများအားလုံး စာသင်နေချိန်မှာ ကျောင်းဝင်းထဲသို့ ဝင်လာသော မာဇဒါဂျစ်ကားကြီးကို အားလုံးကပင် သတိပြုမိကြ၏။ ကားအစီးရေနည်းပါးလှသော ကျွန်တော်တို့နယ်မြို့ကလေးတွင် မာဇဒါဂျစ်ကားကို မြင်ရုံဖြင့် ဌာနဆိုင်ရာတစ်ခုမှ အရာရှိကြီးတစ်ဦး စီးခွင့်ရသောကားဖြစ်မှန်း သိနေကြပြန်သည်။

ကျောင်းသူကျောင်းသားများ၏အာရုံက ကျောင်းအုပ်ကြီးရုံးခန်းဆီသို့ ဦးတည်သွားနေသော ကားကလေးဆီ ရောက်နေကြသည်။

ကားအရပ်တွင် ကားပေါ်မှ ကျွန်တော်တို့အရွယ် မိန်းကလေးတစ်ဦးနှင့် သူ့ထက်နည်းနည်းပိုကြီးသော ယောကျ်ားလေးတစ်ဦး ဆင်းလာတာကို မြင်လိုက်ရသည်။ နှစ်ဦးစလုံး လွယ်အိတ်ကိုယ်စီ လွယ်ထားကြသည်။

ထို့နောက် ထိပ်ပြောင်ပြောင်အဘိုးကြီးတစ်ဦး ဆင်းလာပြန်သည်။ မြင်ကွင်းကိုမြင်ရုံဖြင့် ထိုအဘိုးကြီးသည် ဤမြို့သို့ နောက်ရောက်လာသောအရာရှိကြီးဖြစ်ကြောင်း၊ သူ့သားနှင့်သမီးကို ကျောင်းလာအပ်ခြင်းဖြစ်ကြောင်း သိလိုက်ကြသည်။

ဆရာမက ကားဆီသို့မျှော်ငေးရင်း စပ်စုနေကြသော ကျောင်းသားများကို စားပွဲအား ကြိမ်လုံးဖြင့်ရိုက်၍ အသံမြည်စေပြီး အာရုံလွှဲလိုက်သည်။

ကျွန်တော်၏အကြည့်ကို ဆရာမရှိရာသို့ အာရုံလွှဲလိုက်ရသော်လည်း ကျောင်းသူအသစ်ကလေး၏ ရုပ်ပုံက မျက်လုံးထဲမှာ ကပ်ပါလာခဲ့သည်။

ခဏကလေး ဖျတ်ခနဲမြင်လိုက်ရသော သွယ်လျဖြူစင်သည့် သူမသွင်ပြင်ကို အဝေးမှမြင်ရုံနှင့်ပင် ကျွန်တော် ဘယ်လိုခံစားသွားရမှန်း မသိ။

ခံစားမှုအသစ်ဖြင့် ရင်လှိုက်ဖိုခဲ့ရသော ကျွန်တော့်ကို ပိုပြီးတုန်လှုပ်စေခဲ့သည့်ဖြစ်ရပ်က နောက်ဆယ့်ငါးမိနစ်ခန့်အကြာတွင် ကျောင်းသူအသစ်ကလေးသည် ကျွန်တော်ရှိရာ စာသင်ခန်းထဲသို့ ရောက်ရှိလာခြင်းပင် ဖြစ်တော့၏။

* * * * *

ကျောင်းသူအသစ်ကို အားလုံးကပင် စိတ်ဝင်စားကြသည်။

မုန့်စားကျောင်းဆင်းချိန်တွင် ကျောင်းသူအသစ်နှင့် ပတ်သက်သည့် အချက်အလက်များသိနိုင်ရန် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စုံစမ်းကြတော့သည်။

ကျောင်းသူအသစ်ကလေးဘေးမှ မိန်းကလေးသူငယ်ချင်းများထံ ချဉ်းကပ်ရင်း သူမနာမည်ကို ဦးစွာသိလာခဲ့သော ခင်မောင်ဇော်က ကျွန်တော်တို့ကို တစ်ဆင့်ပြန်ပြောပြခဲ့ခြင်းဖြစ်၏။

"သူ့နာမည်က ဝေလွင် ... တဲ့"

" ဝေဝေလွင် ... ဟုတ်လား"

"ဝေဝေလွင် မဟုတ်ဘူး။ ဝေလွင်တဲ့၊ နှစ်လုံးထဲ' '

*ဝေလွင် ...*

ဝေလွင် ...

ကျွန်တော်က သူမနာမည်ကို စိတ်ထဲမှရွတ်ကြည့်ရင်း သူမ ရှိရာသို့ လှမ်းကြည့်မိ၏။

ဖြူဖွေးသန့်စင်ပြီး နုမွတ်ညှံ့သက်စွာလှပနေသော သွယ်လျလျ မိန်းကလေးအတွက် ဝေလွင်ဆိုသည့် နာမည်မှာ လိုက်ဖက်သည်ဟု ထင်မိပါသည်။

ပြီးတော့ ... ဝေလွင့်ကို ကြည့်ပြီး ကျွန်တော့်ရင်မှာ လှုပ်ရှားခဲ့ရသည်။

တစ်ကြိမ်တစ်ခါမှ မခံစားဖူးသည့် ခံစားချက်မျိုး ဖြစ်တာကိုလည်း ကျွန်တော့်ကိုယ်ကျွန်တော် သတိထားမိပါသည်။

* * * * *

ဝေလွင်နှင့် ခင်မင်ရင်းနှီးမှုရဖို့ အခွင့်အရေးကို အခြားသူများထက် ကျွန်တော်က ပိုရခဲ့သည်။

ဒုတိယအစမ်းစာမေးပွဲ ဖြေခါနီးမှ ရောက်လာသော ဝေလွင့်အဖို့ ကျွန်တော်တို့ကျောင်းမှ သင်ရိုးညွှန်းတမ်းများကို အမီလိုက်ခဲ့ရသည်။ ယခင်နေခဲ့သောကျောင်းမှ သင်ပုံသင်နည်းနှင့် အနည်းငယ်တော့ ကွဲပြားခြားနားလိမ့်မည်။ ရှိနှင့်ပြီးမှတ်စုများကို ဝေလွင့်မှာ အသစ်တစ်ဖန် ပြန်၍ ကူးယူရတော့သည်။

သည်မှာ ... အတန်းထဲ၌ စာအတော်ဆုံးဖြစ်သော ကျွန်တော်သည် ဝေလွင့်အတွက် အားကိုးရာတစ်ခု ဖြစ်ခဲ့တော့သည်။

ဆရာမကိုယ်တိုင်က ဝေလွင်မှတ်စုများ ကူးယူနိုင်ရန် ကူညီဖို့ ကျွန်တော့်ကို တာဝန်ပေးသလို၊ ဝေလွင့်ကိုလည်း ကျွန်တော့်ထံမှ အကူအညီယူနိုင်ကြောင်း အားပေးခဲ့သည်။

"မောင်စိုးဦး၊ အတန်းသူအသစ်ကို မှတ်စုစာအုပ်တွေ ငှားလိုက်ပါ။ နားမလည်တာရှိလည်း ရှင်းပြပေးပါ။ မင်းကိုယ်တိုင်လည်း ကူးသင့်ရင်

ကူးပေးလိုက်ပါကွယ်"

သည်လိုနှင့်ပဲ ဧဝလွှင့်စာအုပ်တွေထဲ၌ ကျွန်တော်ပါကူ၍ ကူးရေးပေးခဲ့ရာ ကျွန်တော့်လက်ရေးများကိုပါ ဝေလွှင့်အတွက် လက်ဆောင်ပေးနိုင်ခဲ့ပါသည်။

"စိုးဦးကို ဝေ အရမ်းကျေးဇူးတင်တာပဲ"

'ရပါတယ် မဝေလွှင်"

"ဝေလို့ပဲ ခေါ်လေ၊ စိုးဦးသာ သဘောမကောင်းရင် ဝေ အရမ်းပင်ပန်းမှာပဲ"

"ရပါတယ် ဝေရယ်"

"ရော့ ... စိုးဦး။ ဟောဒီထဲမှာလည်း ရေးပေးဦး"

ဝေလွှင်က သားရေဖုံးအပြာရောင်ဖြင့် ဖုံးထားသော လက်တစ်ဝါးစာ စာအုပ်ကလေးကို ကျွန်တော့်ဆီ ကမ်းပေးရင်း ပြောလိုက်သည်။

ခင်မင်ရင်းနှီးသူများက အမှတ်တရစာစုများ ရေးပေးလေ့ရှိသည့် အော်တိုစာအုပ်ကလေး။

ထိုခေတ်ကလူငယ်များအတွင်းမှာ အော်တိုရေးသည့် အလေ့အထ ခေတ်စားပါသည်။ လှပသည့်အော်တိုစာအုပ်ကလေးတွေလည်း ပုံစံမျိုးစုံ၊ အရွယ်မျိုးစုံဖြင့် ထွက်သည်။ သို့သော် ဈေးကြီးသောကြောင့် လူတိုင်းအော်တို မထားနိုင်ကြပါ။ ခေတ်ဆန်လိုသူ၊ ပကာသနလုပ်လိုသူ မိန်းကလေးတချို့ပဲ အော်တိုစာအုပ်ထားကြသည်။

ဝေလွှင်ကတော့ တစ်နယ်ကတစ်နယ် မကြာမကြာ ပြောင်းရွှေ့နေရလို့ သူငယ်ချင်းများ၏အမှတ်တရစာစုများကို စုစည်းထားနိုင်ရန် အော်တိုထားတာ ဖြစ်ပါလိမ့်မည်။

ကျွန်တော်က ဝေလွင် ကမ်းပေးသော်အော်တိုစာအုပ်ကလေးကို လှမ်းယူလိုက်၏။

"ဝေ ရေးနိုင်းလို့သာပဲ၊ ကျွန်တော် အော်တိုတစ်ခါမျှ မရေးဖူးဘူး"

"စိုးဦးကလည်း၊ စိုးဦးရော အော်တိုစာအုပ် မထားဘူးလား"

"မထားဖြစ်ပါဘူး ဝေရယ်၊ သတိတောင် မရဘူး"

"ဝေတို့ကတော့လေ ... တစ်နယ်ပြီးတစ်နယ်ပြောင်းနေရတော့ သူငယ်ချင်းအပေါင်းတွေကို သတိတရဖြစ်အောင် အော်တိုရေးနိုင်းတာပဲ။ စိုးဦးလည်း ရေးပေးနော်"

"ဟုတ်ကဲ့ ... ဒါပေမဲ့ ဝေက ကျွန်တော်တို့မြို့ကို ခုမှရောက် ခါစဆိုတော့ တော်တော်နဲ့ပြောင်းရမှာ မဟုတ်သေးပါဘူး"

"မသိနိုင်ဘူး စိုးဦးရဲ့၊ ဒက်ဒီက ခရိုင်ဝန်ထောက်ဖြစ်နေတာ ကြာပြီ။ မကြာခင် တိုင်းအဆင့်ဝန်ထောက်ကြီးဖြစ်တော့မှာ။ အဲဒီကျရင် ဒီမြို့မှာ နေလို့မရတော့ဘူးလေ။ တိုင်းမြို့တစ်ခုခုကိုပြောင်းရမှာပေါ့။ ဒက်ဒီ့ အလုပ်က မြို့တစ်မြို့မှာနေရရင် အလွန်ဆုံး သုံးနှစ်, လေးနှစ်ပဲ"

"ဪ"

ဝေ့ဆီက ပြောင်းသည့်ရွှေ့သည့်စကားများ ကြားလိုက်ရရုံဖြင့် ကျွန်တော့်မှာ လွမ်းသွားရလေသည်။

* * * * *

ကျွန်တော်သည် ဝေ ပေးလိုက်သော အော်တိုစာအုပ်ကလေးကို ကိုင်ကာ ဘာရေးရမှန်းမသိဘဲ တွေဝေနေခဲ့သည်။

ယခင်နေခဲ့သောမြို့က သူငယ်ချင်းတွေ ရေးပေးလိုက်သည့်စာများ ကို လှန်လှောဖတ်နေမိသည်။

တစ်ယောက်က အော်တိုစာအုပ်၏ နောက်ဆုံးစာမျက်နှာတွင် အောက်ပါအတိုင်းရေးထားသည်ကို တွေ့ရ၏။

*"နောက်ဆုံးမှာရေးလို့ နောက်ဆုံးမှမေ့ပါလို့"*

ထိုစာစုကိုရေးထားသူမှာ ယောကျ်ားလေးတစ်ယောက် ဖြစ်လေသည်။

မိန်းကလေးတစ်ယောက်ကတော့ ...

*"တက္ကသိုလ်မှာ ပြန်ဆုံကြစို့ကွယ်"* တဲ့ ...

*"ရည်ရွယ်ချက်အောင်မြင်ပါစေ"* *"လိုရာခရီးရောက်ပါစေ"* လို့ ရိုးရိုးကြီးရေးထားတဲ့စာတွေလည်း တွေ့ရသည်။

တချို့က လေးလုံးစပ်ကဗျာဖြင့် သုံးလေးကြောင်း ရေးထားတာ တွေ့ရသည်။

*"ဘဝတစ်ကွေ့မှာ ခဏတွေ့လည်း ထာဝရမမေ့ပါ"တဲ့။*

*"ခရောင်းလမ်းတွင်၊ လျှောက်လှမ်းလျှင်လည်း၊ အားအင်မနည်း၊ ဖွဲ့နိုင်မြဲဖို့၊ တို့ဆုတောင်းသည်" တဲ့။*

အများစုမှာ ဘယ်တော့မှုမမေ့ဖို့ သတိရနေဖို့ ရေးထားတဲ့စာစု များ ဖြစ်ပါသည်။

တစ်နေရာမှာတော့ ...

*"ဝေတစ်ယောက် ပြည်သူလူထုကိုအကျိုးပြုတဲ့ စေတနာရှင် ဆရာဝန်မကြီးဘဝကို ရည်မှန်းတဲ့အတိုင်း ရောက်ပါစေလို့ တို့ဆုတောင်း လိုက်ပါတယ်"* ဟုရေးထားသည့် မိန်းကလေးတစ်ယောက်၏လက်ရေးကို ဖတ်ရလေသည်။

ဩော် ... ဝေက ဆရာဝန်ဖြစ်ဖို့ ရည်ရွယ်ချက်ရှိသူကိုး။

ကျွန်တော်သည် ဝေ့ အော်တိုထဲတွင် ဘာရေးရမှန်းမသိ၊ စာသား ရိုးရိုးကြီးတွေလည်း မရေးလို၊ သူတကာထက် ထူးခြားတဲ့စကားလုံးမျိုးလည်း တွေးမရနှင့် အော်တိုစာအုပ်ကလေးကိုကိုင်ရင်း တွေဝေနေလေသည်။

သည်လိုနှင့် ကျွန်တော်သည် အော်တိုစာအုပ်ကလေး၏ ရှေ့ဆုံး စာမျက်နှာကို လှန်ကြည့်လိုက်ရာ ဝေ့ လက်ရေးဖြင့် ...

*"အမှတ်တရထက် အမှတ်ရစေဖို့*
*အမှတ်တရစာစုလေးတွေ*
*ရေးပေးကြနော် ..."*

*ဝေလွင်*

ဟု လက်မှတ်ထိုးပြီး ရေးထားသောစာသားလေးကို တွေ့လိုက်ရသည်။

ဝေ့လက်မှတ်နှင့်စာသားအောက်တွင် စာမျက်နှာ ထက်ဝက်ခန့်မှာ အလွတ်အတိုင်း ရှိနေလေသည်။

ကျွန်တော်သည် လွတ်နေသောစာမျက်နှာအောက်ပိုင်း၌ ဝေလွင်ဆိုသောအမည်ကို ပန်းချီစာလုံးဖြင့် ရေးခြယ်နေမိလေသည်။

ဘောပင်အပြာဖြင့် ဝေလွင့်အမည်ကို ပန်းစာလုံးပုံဖော်ကာ ဘေးမှ ဘောပင်အနီဖြင့် အရောင်ထပ်၍ခြယ်လိုက်သည်။ ဝေလွင်ဆိုသော နာမည်လေးသည် ကျွန်တော် ရေးခြယ်လိုက်သောပန်းစာလုံးပုံနှင့် လိုက်ဖက်စွာ နှစ်ရောင်စပ်ဖြင့် လှပစွာ ခြယ်မှုန်းပြီးသွားလေသည်။

ကျောင်းတွင် ပွဲလမ်းသဘင်ရှိသည့်အခါတိုင်း ဘလက်ဘုတ်ပေါ်၌ ပန်းချီစာလုံးဖြင့် မြေဖြူရောင်စုံကိုသုံးကာ ကျွန်တော် ရေးခြယ်ပေးရမြဲဖြစ်ပါသည်။ ကျွန်တော်သည် ပန်းချီပြိုင်ပွဲများ၌ ဆုရဖူးသူလည်းဖြစ်၍ ကျောင်းမှပွဲလမ်းသဘင်တို့တွင် ခေါင်းစီးစာတန်းများကို တာဝန်ယူ လုပ်ပေးရပါသည်။

ဝေ့နာမည်ကို ပန်းစာလုံးဖြင့် စာရွက်ပေါ်တွင် ပုံဖော်သောအလုပ်မှာ ကျွန်တော့်အတွက် အပန်းမကြီးဘဲ အလွယ်တကူ ပြီးမြောက်သွားလေသည်။

ထိုညက ကျွန်တော်သည် ဝေ့အော်တိုစာအုပ်ကလေးကို အပြန်ပြန် အလှန်လှန် လှန်လှောဖတ်ရှုပြီး ပန်းချီစာလုံးဖြင့် ဝေ့နာမည်ရေးဆွဲသည်နှင့်သာ အချိန်ကုန်သွားရလေသည်။ အော်တိုထဲ၌ ရေးသားရန်စာသားများ စိတ်ကူးထဲတွင် ပေါ်မလာ၍ မရေးဖြစ်ခဲ့သေးပေ။

* * * * *

နောက်နှစ်ရက်အကြာတွင် ဝေက သူ့အော်တိုစာအုပ်ကို ကျွန်တော့်ထံမှ ပြန်တောင်းသည့်ထိ ကျွန်တော် အော်တိုမရေးရသေးပါ။

"မရေးရသေးဘူး ဝေ"

"ဟင် ... စိုးဦးကလည်း အော်တိုရေးတာ ဘာ့များခက်လို့လဲကွာ"

"သူများတွေထက် ပိုပြီးထူးထူးခြားခြားရေးချင်လို့ စဉ်းစားနေတာပါဝေ"

"အလို့ ... ကဲ ... ဒီလိုဆိုလည်း အပြောင်မြောက်ဆုံးဖြစ် အောင် ရေးပြလိုက်စမ်းပါ စိုးဦးရယ်"

ဝေက ရယ်ကာမောကာ ပြောသည်။

ကျွန်တော်သည် နှစ်ရက်, သုံးရက် အချိန်ကုန်ခံလိုက်မှပင် ဝေ့ အော်တိုစာအုပ်ထဲ၌ သုံးလေးကြောင်းစာ စာသားလေး တစ်ပိုဒ်ကို ရေးနိုင်ခဲ့လေသည်။

အော်တိုစာအုပ်ကို ဝေ့ဆီပြန်ပေးတော့ လှန်ဖတ်မည်ပြင်နေသော ဝေ့ကို ကျွန်တော်က ဟန့်တားလိုက်သည်။

"အိမ်ကျမှဖတ်ပါ ဝေရယ်"

ကျွန်တော်ရေးထားတဲ့စာကို ကျွန်တော့်ရှေ့မှာ ဖတ်ကြည့်မှာကို ကျွန်တော် ရှက်နေသည်။

တကယ်တော့ ကဗျာစပ်ပေးရကောင်းနိုးဖြင့် ကဗျာစာသားတွေလည်း တစ်ပိုင်းတစ်စရေးခြစ်၊ နှစ့်သည် ပြောင်မြောက်သည်ထင်သော စာသားများကိုလည်း ရွေးချယ်စဉ်းစားရင်း စာရွက်လွတ်ပေါင်းများစွာ ကုန်ခဲ့ရသော ကျွန်တော်သည် တကယ်တမ်း ရေးလိုက်သည့်အခါတွင်တော့ ဘာမှု မဆန်းကြယ်သော စာပိုဒ်လေးတစ်ခုသာ ထွက်လာခဲ့ပါသည်။

*"ဝေ့အတွက်ဆို ...*
*ဘာပဲလိုလို*
*ဘာပဲ လုပ်ပေးရ ပေးရ*
*ဝေလိုသမျှ အကူအညီတွေကို*
*အမြဲဖြည့်ဆည်းပေးပါ့မယ် ...*
*ဝေ့ကို ထာဝရပါရမီဖြည့်ချင်တဲ့*

စိုးဦး"

* * * * *

သည်လိုဆိုတော့လည်း ဝေနှင့်ကျွန်တော်တို့၏ ခင်မင်ရင်းနှီးမှုသည် ရွယ်တူသူငယ်ချင်းများအတွက် လူငယ်ဘာဝ နောက်ပြောင်စရာတစ်ခု ဖြစ်ခဲ့ရလေသည်။

ကျွန်တော့်သူငယ်ချင်းများက ဝေနှင့်ကျွန်တော့်ကို စုံတွဲတစ်တွဲအဖြစ် သတ်မှတ်ပြီး စကြနောက်ကြသလို၊ မိန်းကလေးသူငယ်ချင်းတွေကလည်း ဝေ့ကို ကျွန်တော်နှင့် စွပ်စွဲပြီး နောက်ပြောင်ကြသည်။ နောင်တော့ ကျွန်တော်တို့နှစ်ယောက်လုံးရှေ့မှာပင် နောက်ပြောင်ကြသည့်အဆင့်သို့ ရောက်လာတော့၏။

တစ်ခုထူးခြားတာက အဲဒီလို အစခံရတိုင်း ဝေသည် တခြားမိန်းကလေးတွေလို ရှက်ရွံ့မနေတတ်ခြင်းပင်။ စကြနောက်ကြသူများကို ဟန့်လည်း မဟန့်တား၊ ရိုက်မောင်းပုတ်မောင်းလည်း မလုပ်ဘဲ အလိုက်သင့် ရယ်မောနေတတ်သည်။

သည့်လိုနေလို့ စကြဲနောက်ကြဲတဲ့အတိုင်း သဘောတူကြည်ဖြူတယ်လို့တော့ မှတ်ယူလို့မရနိုင်ပါ။ ဝေ့စရိုက်ကိုက ပွင့်လင်းပြီးရိုးသားခြင်းဖြစ်ပါသည်။

ဝေကတော့ အစအနောက်ခံရချိန်တွင် ဘယ်လိုခံစားရသည် မသိ။

ကျွန်တော်ကတော့ မျက်နှာမထားတတ်အောင် ပူထူရှိန်းဖိန်းနေတတ်သည်။ ရင်များလည်း ဖိုနေမိသည်။

ကျွန်တော်သည် ထိုအချိန်မှစ၍ ဝေ့နှင့်တွေ့သည့်အခါတိုင်း၊ ဝေ့ရှေ့ကိုရောက်တိုင်း ရင်ခုန်နေတတ်ခဲ့လေသည်။

* * * * *

သည်လိုနှင့် ရှစ်တန်းစာမေးပွဲကြီး ပြီးဆုံးသွားလေသည်။

နွေရာသီကျောင်းပိတ်ရက်တွင် ဝေ့ကို ကျွန်တော် မတွေ့ရပါ။ ဝေတို့မောင်နှမနှစ်ယောက်စလုံး ရန်ကုန်မှာသွားနေကြသည်ဟု သတင်းကြားရသည်။

စာမေးပွဲနောက်ဆုံးနေ့က ဝေနှင့် မဆုံလိုက်ရသည့်အတွက် နှုတ်ဆက်ခွင့် မရလိုက်ပေ။

အောင်စာရင်းတွေထွက်တော့ ဝေရော၊ ကျွန်တော်ပါ စာမေးပွဲအောင်ပါသည်။ နှစ်ယောက်စလုံး သိပ္ပံဘာသာတွဲဖြင့် အောင်ခဲ့ကြပါသည်။

ကိုးတန်းနှစ်အတွက် ကျောင်းပြန်ဖွင့်သည့်နေ့မှပင် ဝေ့ကိုပြန်တွေ့ရတော့သည်။

"ဟေး . . . စိုး"

ဝေက ကျွန်တော့်ကိုမြင်မြင်ချင်း ပြေးလာကာ ဝမ်းသာအားရခေါ်လိုက်သည်။

"စိုးကိုပေးဖို့ ဝေ့မှာ လက်ဆောင်ပါလာတယ်"

ဝေက ပြောပြောဆိုဆို လွယ်အိတ်ထဲမှ အထုပ်တစ်ထုပ်ကို ဆွဲယူလိုက်၏။

ကျွန်တော့်လက်ထဲ ကမ်းပေးလို့ စက္ကူအိတ်ကိုလှပ်ကြည့်လိုက်သည့်အခါ ချုပ်ပြီးသား ကျောင်းစိမ်းပုဆိုးတစ်ထည်ကို တွေ့လိုက်ရလေသည်။

"ဟင် ... ဝေ ဘာဖြစ်လို့ ..."

ကျောင်းစိမ်းပုဆိုးအသစ်ကလေးကိုကြည့်ကာ ကျွန်တော် ဝတ်ထားသော ပုဆိုးဟောင်းလေး၏နုံချာမှုအတွက် ရှက်သွားမိလေသည်။ ကျွန်တော်ဝတ်ထားသောပုဆိုးမှာ မနှစ်ကဝတ်ခဲ့သောပုဆိုးပင် ဖြစ်ပါသည်။ ကျွန်တော့်မှာ လဲဝတ်စရာ ပုဆိုးနှစ်ထည်ပဲ ရှိသည်။

ဒါကိုသိလို့များ ဝေက ကျွန်တော့်ကို လက်ဆောင်ပေးလေသလား။

"ဝေက စိုးကို လက်ဆောင်ပေးတာလေ"

"ဘာလို့ပေးရတာလဲ ဝေရယ်"

"စိုးက ဝေ့ကိုကူညီတယ်လေ၊ စာအုပ်တွေပေးငှားတယ်၊ စာတွေလည်း ကူးပေးတယ် မဟုတ်လား"

"အဲဒါ စေတနာသန့်သန့်နဲ့ ကူညီတာပါ။ လက်ဆောင်မျှော်ကိုးလို့ မဟုတ်ပါဘူး ဝေ"

"သိပါတယ်၊ စိုး ကူညီလို့ ဝေ စာတွေလိုက်နိုင်တာ။ သိပ္ပံဘာသာတွဲနဲ့ အောင်တာ။ မာမီကလည်း စိုးကို လက်ဆောင်ပေးခိုင်းတယ်"

"ဟင် ..."

"အဲဒါ ... ဝေ ရန်ကုန်ကဝယ်လာတာ"

"ဝေရယ်"

* * * * *

ကိုးတန်းစာသင်နှစ်တစ်နှစ်သည်လည်း အမှတ်မထင် ကုန်လွန်သွားခဲ့ပါသည်။

သူငယ်ချင်းတွေကတော့ ဝေနှင့်ကျွန်တော့်ကို စကြနောက်ကြမြဲပါပင်။

ဝေက ဟန့်တားစကားမဆို၊ စိတ်ဆိုးဟန်မပြဘဲနေနေတော့ ဝေသဘောတူလို့များလားလို့ ကျွန်တော် ထင်လာမိလေသည်။

ခင်မောင်ဖေက ဝေ့ကို စာပေးဖို့မြှောက်ပေးသည်။

ကျွန်တော် စာမပေးရဲပါ။ တခြားနည်းနှင့်လည်း ဝေ့ကို ဖွင့်မပြောရဲပါ။ ရည်းစားစကား ပြောရလောက်အောင်လည်း ကျွန်တော်တို့မှာ အရွယ်မရောက်သေးဘူးလို့ ထင်နေသည်။

ဘာပဲဖြစ်ဖြစ် ... သူငယ်ချင်းတွေကတော့ ကျွန်တော်တို့ နှစ်ယောက်ကို သမီးရည်းစားများလို့ သတ်မှတ်ထားကြလေ၏။

ကျွန်တော်ကလည်း တစ်ချိန်တွင် ဝေ့ကိုချစ်ရေးဆိုလျှင် ဝေက ကျွန်တော့်အချစ်ကို တုံ့ပြန်လိမ့်မည်ဟု ထင်နေသည်။

ခုတော့ ကျွန်တော် ဝေ့ကို ဖွင့်မပြောရဲသေးပါ။

ဖွင့်ပြောရလောက်အောင်လည်း ကျွန်တော်တို့သည် အရွယ်မရောက်သေး။ ကိုးတန်းကျောင်းသားများသာ ရှိသေးသည် မဟုတ်ပါလား။

ဝေကား ကျွန်တော် အချိန်မရွေးခူးဆွတ်လျှင် ညွတ်ယိုင်ကြွေကျလာမည့် ပန်းကလေးတစ်ပွင့်ဟု ကျွန်တော် ထင်ခဲ့မိလေသည်။

* * * * *

ဝေနှင့် ကျွန်တော့်ကြားမှာ အဟာန့်အတားဟူ၍ တစ်ခုသာရှိသည်။

ထိုတစ်ခုကား ... ဝေ့အစ်ကို ကိုအောင်မြတ်ဦး ဖြစ်ပါသည်။

ကိုအောင်မြတ်ဦးသည် ဝေ့ထက် အသက် ၂ နှစ်ပိုကြီးသော အစ်ကိုတစ်ယောက် ဖြစ်ပါသည်။ ဝေတို့မှာ မောင်နှမနှစ်ယောက်တည်းသာ ရှိလေသည်။

မောင်နှမဆိုသော်လည်း ဝေနှင့်ကိုအောင်မြတ်ဦးသည် ကွာခြားလှပါသည်။

ဝေက အေးဆေးတည်ငြိမ်ကာ သဘောကောင်းသလောက် ကိုအောင်မြတ်ဦး၏အမူအရာက ကြွပ်ဆတ်ဆတ် ကြွစောင်းစောင်း နိုင်လှလေသည်။ ဖခင်၏ရာထူးဂုဏ်သိန် အရှိန်အဝါ ဟပ်နေပုံရသည်။ တစ်ဖက်သားကို နှိမ့်ချ အထင်အမြင်သေးဟန်များက သူ့မျက်နှာမှာ ထင်ဟပ်နေ၏။ လူတစ်ဖက်သားကိုကြည့်လျှင် ခေါင်းကိုမော့်၍ မျက်လုံးကိုမှေးစင်းကာ မတူမတန်သလို ကြည့်တတ်သော ကိုအောင်မြတ်ဦး၊

တစ်နေ့ ကျောင်းမုန့်စားဆင်းချိန်တွင် သူက ကျွန်တော့်ကို လာရန် လုပ်လေသည်။

"ပော့ကောင် ... နေဦး"

နောက်မှခေါ်သံကြောင့် ကျွန်တော်လှည့်ကြည့်လိုက်တော့ ကို အောင်မြတ်ဦး ဖြစ်နေသည်။

ကျွန်တော် ရပ်စောင့်နေလိုက်သည်။

"မင်းက ဘာကောင်လဲကွ"

စပြောကတည်းက မပြေပြစ်သောစကားဖြင့် စသည်။

"မင်းကို ငါကြည့်မရဘူး။ ပော့ကောင်"

"ဘာ"

ကျွန်တော် ဒေါသထောင်းခနဲ ထွက်သွားသည်။ ဝေ့အစ်ကိုဆိုသော အသိဖြင့် စိတ်ကိုထိန်းလိုက်ရ၏။

"မင်း ငါ့ညီမနဲ့ မတွဲနဲ့။ ငါ့ညီမနဲ့ မင်းနဲ့ ဘာမျှမဆိုင်ဘူး။ မင်းလို ဆင်းရဲသားနဲ့ မတူမတန်ဘူး။ နားလည်လား"

ကျွန်တော် သူ့ကို ဘာပြန်ပြောရမှန်း မသိပါ။ တစ်ခုခု ပြန်ပြောလျှင် လည်း ရန်ဖြစ်ရတော့မှာ သေချာသည်။ ဝေ့အစ်ကိုဖြစ်သူနှင့် ကျွန်တော် ပြဿနာမဖြစ်ချင်။

"ဟွဲ ..."

သူက တံတွေးတစ်ချက် ထွေးလိုက်သေးသည်။

"မင်း ... ဝေလွှင်နဲ့ဆက်ပြီး ပတ်သက်ရဲရင် ပတ်သက်ကြည့်၊ ငါနဲ့တွေ့မယ်။ ဒီမယ် ... ဒါကိုကြည့်ထား"

လက်သီးထောင်ပြကာ ကျွန်တော့်ရှေ့မှ လှည့်ထွက်သွားသည်။

ဆုမြည့်စုံတွန်းစာပေ

ယောက်ျားလေးအချင်းချင်း အကျောခံရတာ အတော်ခံပြင်းဖို့ ကောင်းပါသည်။ 'ဆင်းရဲသား'မို့ ဝေနှင့်မတူမတန်ဘူးဆိုတဲ့ စကားကို ကျွန်တော် အခံပြင်းဆုံး ဖြစ်သည်။

ကျွန်တော်တို့ ဆင်းရဲတာ မှန်ပါသည်။ ဝေတို့ အသိုင်းအဝိုင်း အနေအထားနှင့် ကျွန်တော်တို့မိသားစုအခြေအနေမှာ မနှိုင်းယှဉ်သာအောင် ကွာပါသည်။

ဝေ့ဖခင်မှာ အရာရှိကြီးဖြစ်သော်လည်း ကျွန်တော့်အဖေသည် ရုံးတစ်ရုံးမှ လက်နှိပ်စက်စာရေးသာ ဖြစ်လေသည်။ မောင်နှမများပြားခြင်းက ကျွန်တော်တို့မိသားစုကို ဆင်းရဲတွင်း ပိုနက်စေခဲ့ပါသည်။ ကျွန်တော့်အောက် ၌ ညီ၊ ညီမ ငါးယောက်ရှိပါသေးသည်။ အဖေတစ်ဦးတည်းဝင်ငွေဖြင့် မလောက်ငသော ကျွန်တော်တို့မိသားစုမှာ ဆင်းရဲသားမိသားစုသာ ဖြစ်တာ မှန်ပါသည်။

သို့သော် အားနည်းချက်ကို ဖြောင်ဖွင့်ပြောပြီး နှိမ့်ချခံရတော့ ဒေါသထွက်မိသည်။ အားလည်းငယ်မိသည်။

ဆင်းရဲတာ အပြစ်တစ်ခုလား။

ဆင်းရဲချမ်းသာဆိုတာ ဘဝပေးအခြေအနေကြောင့်ဆိုတာ ပြည့်စုံ ကြွယ်ဝသည့် ကိုအောင်မြတ်ဦးလိုလူက နားလည်မည်မထင်ပါ။

ထိုနေ့က ကျွန်တော်သည် လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ် ရင်း မျက်ရည်များဝိုင်းကာ အံကြိတ်ရင်း နေရာမှ မရွေ့ရပ်နေမိသည်။

အပြစ်အပျက်ကိုမြင်သွားသောခင်မောင်ဖော်က ကျွန်တော့်ပခုံးကို လာပုတ်ပြီးချော့ခေါ်သောအခါမှသာ အတန်းထဲသို့ ပြန်ဝင်ဖြစ်ခဲ့လေသည်။

* * * * *

စနေနေ့ ကျောင်းပိတ်ရက်တွင် မမျှော်လင့်ဘဲ ကျွန်တော်တို့အိမ် အထိ ဝေ ရောက်လာခဲ့သည်။

ကြက်များကို အစာကျွေးနေသော ကျွန်တော်သည် ...

"ဒါ ... စိုးဦးတို့အိမ်လားဟင် ဒေါ်ဒေါ်"

ဆိုသော မေးသံကို ကြားလိုက်သောကြောင့် အိမ်ရှေ့သို့ပြေးထွက် လာခဲ့လေသည်။ ဝေ့အသံကို မှတ်မိလိုက်၍ အံ့လည်း အံ့သြသွားမိသည်။

"ဟာ ... ဝေ"

စက်ဘီးပေါ်မှဆင်းကာ အိမ်ရှေ့တွင် မတ်တတ်ရပ်နေသော ဝေ့ကို မြင်မှ ခါးတောင်းကျိုက်ထားသော ပုဆိုးကို ပြင်ဝတ်လိုက်ရလေသည်။

ဝေက အိမ်ရှေ့တွင် အဆင်သင့်တွေ့သည့် ကျွန်တော့်အမေကို မေးနေခြင်းဖြစ်သည်။

"ဝေ ဘာယ်ကလာတာလဲဟင်"

"ဒီကိုပဲ သက်သက်လာခဲ့တာ။ စိုးဦးတို့အိမ်က ကြက်တွေ မွေးထားတာကို။ မျော်စရာကြီးနော်၊ ကြက်တွေ အစာကျွေးနေတာ မဟုတ်လား။ လုပ်စရာရှိတာ လုပ်လေ"

ဝေက စွပ်ကျယ်ချိုင်းပြတ်နှင့် ပုဆိုးခါးတောင်းကျိုက်ထားသော ကျွန်တော့်ကို ပြုံးစိစိကြည့်ရင်း ပြောလိုက်သည်။

"သမီးလေး၊ အထဲကိုဝင်ထိုင်လေကွယ်"

အမေက ဖိတ်မန္တကပြုလိုက်သည်။

ဝေက စက်ဘီးကိုအိမ်ဝင်းထဲတွန်းယူခဲ့ပြီး အိမ်ရှေ့မှာချထားသည့် တန်းလျားပေါ်ဝင်ထိုင်လိုက်လေ၏။

ကျွန်တော်သည် နုံချာလှသော ကျွန်တော်တို့ တဲအိမ်ကလေးအတွက် ဝေ့ကို ရှက်နေမိသည်။ ဝေ ဘာဖြစ်လို့ အိမ်အထိလာလည်တာပါလိမ့်။

ကျွန်တော့်ညီ၊ ညီမများက အိမ်ရှေ့ကိုထွက်လာကြကာ ဝေ့ကို ဝိုင်းကြည့်နေကြလေသည်။ အမေကတော့ ဝေ့ရှေ့မှာ မနေတတ်မထိုင်တတ် ဖြစ်နေရှာလေသည်။

"ကလေးတွေ ... သွားကြစမ်း။ ဘာလာလုပ်ကြတာလဲ"

ကျွန်တော်က ညီ၊ ညီမများကို ငေါက်လွှတ်လိုက်သည်။

"နေပါစေ၊ စိုးဦးထက် အငယ်တွေလား။ ဘယ်နှစ်ယောက်လဲ ဟင်"

"ကျွန်တော့်အောက်မှာ ညီ၊ ညီမငါးယောက် ရှိသေးတယ် ဝေ"

"ဪ ..."

အမေက ရေနွေးကြမ်းအိုးကိုယူလာကာ တန်းလျားပေါ်ချလိုက်သည်။

"ကလေးမ ... ရေနွေးကြမ်းသောက်ဦးကွယ့်"

"ရပါတယ် ဒေါ်ဒေါ်၊ ဝေ ... ရေနွေးကြမ်း မသောက်တတ်ပါဘူး မလုပ်ပါနဲ့"

အဖေကတော့ အိမ်ပေါ်မှဆင်းမလာဘဲ ဝေ့ကို အကဲခတ်ကြည့်နေသည်။

"စိုးဦး လုပ်စရာရှိတာလုပ်လေ၊ ကြက်တွေ အစာကျွေးနေတာ မဟုတ်လားဟင်။ ဝေ ကြည့်ချင်တယ်၊ ဝေ့ကို ကြက်တွေ လိုက်ပြစမ်းပါ"

ကျွန်တော်က ဝေ့ကို အိမ်နောက်ဘက် ကြက်ခြံသို့ခေါ်သွားပြီး ပြလိုက်သည်။ ကြက်များကိုလည်း ဆက်အစာ ကျွေးနေလိုက်သည်။

"ကြက်တွေကို ကြက်သားသည်တွေဆီ ပြန်ရောင်းစားတာလား ဟင်"

"မဟုတ်ဘူး၊ ဒါ ဥစားကြက်၊ အသားစားကြက် မဟုတ်ဘူးလေ ဝေရဲ့"

"ကြက်တွေကို သူ့ဟာသူ အစာရှာစားဖို့ လွှတ်မထားဘူးလား"

ကျွန်တော် ရယ်လိုက်မိသည်။

ဝေသည် မွေးမြူရေးအကြောင်း နားမလည်ချေ။ ဥစားကြက်နှင့် အသားစားကြက် ကွဲပြားတာကိုတောင် မသိရှာပေ။

ကျွန်တော် ရှင်းပြလိုက်မှ ဝေက သဘောပေါက်သွားကာ ရယ်မောနေ၏။

"ဒါဆို ကောင်းတာပေါ့။ စိုးဦးတို့ ငရဲမကြီးတော့ဘူးပေါ့နော်။ ဥစားကြက်က ဥတဲ့ဥက ကြက်အကောင်လေးတွေ ပေါက်လာစရာလည်း အကြောင်းမရှိတော့ ဥကိုရောင်းစားလို့လည်း ငရဲမရောက်တော့ဘူး"

"အင်း ... ဒါပေမဲ့ ဒီကြက်တွေ မဥနိုင်တော့တဲ့အချိန်ကျရင်တော့ ကြက်သားသည်ဆီ ရောင်းရတာပါပဲ ဝေရယ်"

"အို"

"ဒါ ထားပါလေ၊ ကျွန်တော့်အိမ်ကို ဝေ ဘယ်လိုသိလာတာလဲ ဟင်။ ဝေတို့ဆီကနေဆို လာရတာ အဝေးကြီး"

"အမယ်လေး ... ဘာခက်လို့လဲ၊ လေးတိုင်စင်ရပ်ကွက်လို့ မေးလိုက်ရင် လူတိုင်းသိတာကို။ လမ်းထိပ်မှာလည်း ခင်မောင်ဇော်နဲ့ တွေ့ခဲ့တယ်လေ"

"မှုတ်လား"

"ခင်မောင်ဇော်က သူလိုက်ပို့ပေးမယ်တောင် ပြောသေးတာ။ ဝေက ကိုယ့်ဟာကိုယ် စက်ဘီးနင်းလာလိုက်တာ"

"ဝေ့အိမ်က လွှတ်သားပဲ"

"ဒီနားဟိုနား စက်ဘီးစီးမယ်လို့ပြောပြီး ထွက်လာခဲ့တာပေါ့။ စိုးဦး အလုပ်ပြီးပြီလားဟင်"

"ပြီးပါပြီ"

"ဝေ့ကို ဒီနားက လွမ်းစေတီဆိုတာကို လိုက်ပို့ပေးပါလား"

"လွမ်းစေတီက ဟိုးချောင်ထဲမှာ"

"ရှုခင်းလှတယ်ဆိုလို့ပါ"

"ဝေ သွားချင် ပို့ပေးပါ့မယ်ဗျာ၊ ဒါဆို ကျွန်တော် တစ်လက်စတည်း ရေချိုးလိုက်ဦးမယ်နော်"

"ချိုးလေ၊ ဝေ စောင့်နေမယ်"

* * * * *

ဝေ့စက်ဘီးနှင့်ပင် လွှမ်းစေတီကိုထွက်ခဲ့ကြသည်။

ကျွန်တော်က ရှေ့မှနင်း၍ ဝေက နောက်ထိုင်ခုံမှ ထိုင်လိုက်ခဲ့ပါသည်။

ကျွန်တော့်ရင်များ ခုန်နေသည်ကို ပြောစရာမလိုတော့ပါ။

လမ်းကြမ်းသောနေရာများ၌ ဝေက ကျွန်တော့်ခါးကို တစ်ချက်တစ်ချက် လှမ်း လှမ်းကိုင်လိုက်ရာ အသည်းနှလုံးများ ထွက်ကျမတတ် လှိုက်ဖိုသွားလေသည်။

လွှမ်းစေတီကိုရောက်တော့ ဝေက စေတီကို ဦးချရှိခိုးသည်။

ကျွန်တော့်ဘက်သို့လှည့်ကာ ဝေက ပြောလေသည်။

"ဝေ လာတာ စိုးဦးကို တောင်းပန်ချင်လို့ပါ"

"ဗျာ"

"ဟိုတစ်နေ့က ကိုကိုက စိုးဦးကို ရန်စတယ်ဆို"

"ဪ ... ဒါလား။ ကိစ္စမရှိပါဘူး ဝေ။ သူပြောတာတွေလည်း မှန်သားပဲ။ အစ်ကိုတစ်ယောက်အနေနဲ့ပြောတာ ပြောပါစေ"

"ဟင် ... ကိုကိုက စိုးဦးကို ဘာတွေပြောသွားလို့လဲဟင်။ ဝေ့ကို ပြောစမ်းပါ"

"ကျွန်တော့်ကို ရန်စတယ်ဆိုတာရော ဝေ့ကို ဘယ်သူပြောလို့ သိတာလဲ"

"ခင်မောင်ဇော်ပဲပေါ့"

"ခင်မောင်ဇော်ကလည်း သူက အကြောင်းစုံ ဝေ့ကို ပြောမပြဘူးလား"

"ပြဿနာဖြစ်တဲ့အကြောင်းသာ ပြောတာ။ ကိုကိုက သက်သက်ရန်စတာတဲ့။ စိုးဦးက သည်းခံလိုက်တယ်တဲ့။ ကိုကို ဘာတွေပြောတယ်ဆိုတာတော့ ပြန်မပြောဘူး။ ကိုကိုက စိုးဦးကို ဘာတွေပြောသွားတာလဲဟင်"

ကျွန်တော် သက်ပြင်းချလိုက်သည်။

"ကျွန်တော်က ဆင်းရဲသားတဲ့။ ဝေနဲ့မတူမတန်ဘူးတဲ့။ ကျွန်တော့်ကို ဝေနဲ့ကင်းကင်းနေပါတဲ့"

"အို"

"ကိုအောင်မြတ်ဦး ပြောတာတွေမှန်ပါတယ် ဝေ။ ကျွန်တော်တို့က ဆင်းရဲသားတွေပါ၊ ဝေ အခုမြင်ခဲ့ပြီပဲ"

"စိုးဦး ... အဲဒါနဲ့ဘာဆိုင်လဲ၊ ဝေ့မှာ ဒါတွေမရှိဘူး။ စိုးဦးကို ခင်တာပဲ ရှိတယ်။ ဝေ့ကို စိုးဦး ကူညီခဲ့တာတွေအတွက်လည်း ဝေက ကျေးဇူးတင်နေတာ၊ ဆင်းရဲတာချမ်းသာတာ လူနဲ့ဘာမှမဆိုင်ပါဘူး။ စိုးဦးက လူငယ်ပဲ၊ ယောကျ်ားလေးပဲ၊ အခုဆင်းရဲပေမဲ့ ကိုယ့်ခြေထောက် ပေါ်ကိုယ်ရပ်တည်တဲ့အခါကျ ချမ်းသာမှာပေါ့"

"ဘာပဲဖြစ်ဖြစ်လေ၊ ကိုအောင်မြတ်ဦးကလည်း အစ်ကိုတစ်ယောက် ဆိုတော့ သူ့ညီမအတွက် ပြောပိုင်ခွင့်ရှိတာပေါ့"

"ဝေ တောင်းပန်ပါတယ် စိုးဦး။ ကိုကို့အစား ဝေကပဲ တောင်းပန် ပါတယ်။ ကိုကိုကလေ ဘွားဘွားက မြေးဦးဆိုပြီး အလိုလိုက်ထားလို့ ဆိုးချင် တိုင်းဆိုးနေတာ"

"ကျွန်တော်စကတည်းက စိတ်မဆိုးပါဘူး ဝေရယ်"

"စိုးဦးက သဘောထားကြီးတယ်နော်။ ဝေလေ ကိုကိုပြောတာတွေ အတွက် တောင်းပန်ချင်လို့ သက်သက်လာခဲ့တာ"

"ဪ ... ဝေရယ်"

* * * * *

ထိုနှစ် နွေရာသီကျောင်းအပိတ်တွင် ဝေတို့ ပြင်ဦးလွင်ကို သွားလည်ကြသည်။ ပြင်ဦးလွင်မှာလည်း ဝေတို့အမျိုးတွေရှိသည်ဟု ပြောသည်။

ကျောင်းပြန်ဖွင့်မှပင် ဝေနှင့်ပြန်ဆုံခွင့်ရတော့၏။

ကျွန်တော်တို့ဆယ်တန်းသို့ တက်ကြရသည်။

ဝေ့အစ်ကို ကိုအောင်မြတ်ဦးမှာ ကျွန်တော်တို့ထက် တစ်တန်းကြီးရာ ဆယ်တန်းဖြေထားရသူ ဖြစ်သည်။ ကျွန်တော်တို့ ကျောင်းပြန် တက်စတွင် ဆယ်တန်းအောင်စာရင်းများ မထွက်သေးပေ။ ကိုအောင်မြတ်ဦး ကျောင်းမှာ မရှိ၍ ဝေနှင့်ရဲရဲတင်းတင်း ပြောဆိုဆက်ဆံမြဲ ရှိနေရသည်။

သို့သော် ကံဆိုးစွာပင် ...

ကံဆိုးသည်ဆိုခြင်းမှာ ကိုအောင်မြတ်ဦးအတွက်ရော ကျွန်တော့်အတွက်ပါ ဖြစ်သည်။

ဆယ်တန်းအောင်စာရင်းထွက်တော့ ကိုအောင်မြတ်ဦး ကျလေသည်။

ကျွန်တော်တို့ကျောင်းမှာပဲ ဆယ်တန်းကို ဒုတိယနှစ်အဖြစ် ပြန်တက်ရသည်။ မောင်နှမနှစ်ယောက်ဆယ်တန်းမှာ အတူတူ ဖြစ်သွားကြသည်။

ဝေတို့ကို အိမ်ကကားနှင့်ကြိုပို့ပေး၍ ကိုအောင်မြတ်ဦးရှေ့မှာ ဝေနှင့် ခပ်ကင်းကင်းပင် နေခဲ့ပါသည်။

တစ်ခုတော့ တော်သေးသည်။ ဆယ်တန်းချင်းတူသော်လည်း ကိုအောင်မြတ်ဦးက ဝိဇ္ဇာဘာသာတွဲယူသူမို့ အခန်းချင်း အတော်အလှမ်းဝေးပါသည်။

ကျွန်တော်တို့၏ ခင်မင်ရင်းနှီးမှုကတော့ ပြောင်းလဲမသွားပါ။ သူ့အစ်ကိုကွယ်ရာဖြစ်သော အတန်းထဲမှာ ဝေနှင့်ကျွန်တော်သည် ယခင်အတိုင်း ရင်းရင်းနှီးနှီး ဆက်ဆံမြဲ။

အပေါင်းအသင်းများကလည်း ကျွန်တော်တို့နှစ်ယောက်ကို စကြနောက်ကြမြဲပင်။

ဝေ အပြုံးမပျက်သည့်အတွက် တစ်ချိန် ကျွန်တော်ချစ်ရေးဆိုခဲ့လျှင် ဝေ့ဘက်က တုံ့ပြန်လိမ့်မည်ဟု မျှော်လင့်မိပါသည်။ ဖွင့်ပြောဖို့ကိုတော့ ကျွန်တော် မစဉ်းစားသေးပါ။

အရေးကြီးသော ဆယ်တန်းစာမေးပွဲက ရှိသေးသည် မဟုတ်လား။

* * * * *

သို့ရာတွင် မမျှော်လင့်သော စေ့ဆော်မှုများက ဝေ့ကို ဖွင့်ပြောဖို့ အလိုအလျောက် တိုက်တွန်းခဲ့ပေသည်။

ဝေ၏အလှသည် ကျွန်တော်တို့ကျောင်းတွင်သာမက အခြား အထက်တန်းကျောင်းများထိအောင် သတင်းမွှေးခဲ့လေသည်။ ကျွန်တော်တို့ ကျောင်းသည် အမှတ် (၁) ကျောင်းဖြစ်၍ အမှတ် (၂) ကျောင်းသည် ကျွန်တော်တို့ကျောင်းနှင့် မနီးမဝေးတွင် ရှိပါသည်။

အမှတ် (၂) ကျောင်းမှ ကျောင်းသားများသည် ဝေ့ကို လာရစ်ကာ ပိုးပန်းကြ၊ စကြနောက်ကြသည်များ ရှိလာသည်။

အမှတ် (၂) ကျောင်းမှ အဆယ်တန်းတစ်ခါကျ ကျောင်းသားကြီးများ သည် ကျောင်းဆင်းချိန်မတိုင်ခင်တိုင်း ကျွန်တော်တို့ ကျောင်းလမ်းထိပ်သို့ ရောက်လာတတ်လေသည်။

ကြာတော့ ကျွန်တော်တို့အားလုံး သတိထားမိလာသည်။

သူတို့သည် ဝေတို့ကားအနားမှ ဖြတ်သွားတိုင်း –

"ပန်းတွေနဲ့ဝေ ... ကိုယ့်အချစ်ဦးခေါင်းမှာ ပန်းကလေးတွေ ဝေ" ဆိုသည့်သီချင်းကို သံပြိုင်အော်ဆိုကြလေသည်။

ဝေသည် မည်သည့်အခါမျှ ပန်းမပန်ပါ။

သို့သော် သီချင်းသည် ဝေ့ကိုရည်ရွယ်၍ တမင်ဆိုနေမှန်း သိသာလှပါသည်။

ကျောင်းသားအားလုံးသိသလို သတိထားမိသလို ကားပေါ်မှာ ဝေနှင့် အတူပါသွားသော ဝေ့အစ်ကို ကိုအောင်မြတ်ဦးလည်း မသိဘဲနေမည်မဟုတ်။

တစ်နေ့တော့ . . .

ဝေတို့ကား ကျောင်းထဲမှအထွက် အမှတ် (၂) ကျောင်းမှ ကျောင်းသားများက 'ပန်းတွေနဲ့ဝေ' သီချင်းကိုအဆိုတွင် ကားသည် ရုတ်တရက် ရပ်သွားလေသည်။

ကိုအောင်မြတ်ဦးက ဒရိုင်ဘာကို ရပ်ခိုင်းလိုက်ခြင်း ဖြစ်ပါသည်။

ကားပေါ်မှ ကိုအောင်မြတ်ဦးဆင်းလာသည်ကို ကျွန်တော်တို့ မြင်လိုက်ကြသည်။

ကျောင်းသားများနှင့် အချေအတင်စကားပြောနေတာကို တွေ့နေရသည်။

ကျွန်တော်နှင့် ခင်မောင်ဇော်သည် အခြေအနေကို ရပ်ကြည့် အကဲခတ်နေကြ၏။

ကိုအောင်မြတ်ဦး စကားပြောနေပုံမှာ မာမာထန်ထန် မျက်နှာထားတင်းတင်းနှင့်ဖြစ်သည်။ ရန်းငြိုးမရှိသော ကျွန်တော့်ကိုပင် ချိုးချိုးနှိမ်နှိမ် မောက်မောက်မာမာဆက်ဆံခဲ့သော ကိုအောင်မြတ်ဦးသည် သူ့ရှေ့တွင် သူ့ညီမကို ရိသဲ့သဲ့လုပ်သူများအား ရန်စကားသာ ပြောမည်မှာ သေချာပါသည်။

ခဏလောက်ပဲ စကားပြောလိုက်ကြသည်။

တစ်ဖက်ကျောင်းသားအုပ်ထဲမှ တစ်ယောက်ကို ကိုအောင်မြတ်ဦးက စ,ထိုးလိုက်တာကို မြင်လိုက်ရလေသည်။

တစ်ဖက်ကလည်း ကိုအောင်မြတ်ဦးကို ပြန်ထိုးကြသည်။ တစ်ယောက်နှင့်အဖွဲ့ တစ်ဖက်သတ်ပွဲ ဖြစ်နေသည်။

ကျွန်တော်သည် ကိုအောင်မြတ်ဦးကို ကိုယ့်ကျောင်းကကျောင်းသားအဖြစ် ကူညီရအောင်ကလည်း သူနှင့်ပြဿနာတက်ထားသည်။ ဘာလုပ်ရမှန်းမသိ ဖြစ်နေ၏။

ဝေသည် ကားပေါ်မှ ပြေးဆင်းလာလေသည်။

"ဝေ မဆင်းနဲ့"

ဝေ့ကို ထိမိခိုက်မိမည်စိုး၍ ကျွန်တော်က လှမ်းအော် ဟန့်တားကာ ပြေးသွားမိလေသည်။

ဝေက ကြားပုံမရပေ။

ဝေတို့ ဒရိုင်ဘာကြီးကလည်း ဂေါက်တံကြီးကို ကိုင်ကာ ကားပေါ်မှ ဆင်းလာလေပြီ။

ကျောင်းဆင်းချိန်မို့ ကျောင်းသားကျောင်းသူများ ဝိုင်းအုံလာကြလေသည်။

"ခင်မောင်ဇော် ဆရာကြီးကို ပြေးပြောလိုက်ကွာ"

ကျွန်တော်သည် ဝေ ရှိရာပြေးသွားရင်း ခင်မောင်ဇော့်ကို လှမ်းပြောလိုက်သည်။

သို့သော် ရန်ပွဲသည် မကြာရှည်လိုက်ပါ။

အနီးရှိလက်ဖက်ရည်ဆိုင်မှ လူကြီးတချို့ထလာကာ ဝိုင်းဖျဉ်လိုက်ကြသည်။ သတင်းကြားသော ဆရာများလည်း ရောက်လာကြ၏။

မည်သူမှ များများစားစား ထိမိခိုက်မိ မရှိလိုက်ကြချေ။

ကျွန်တော်သည် ဝေ့အနား ရောက်သွားရင်း ဝေ့လက်ကိုလှမ်းဆွဲထားလိုက်မိသည်။

"မင်းတို့အမှတ် (၂) က ကျောင်းသားတွေ မဟုတ်လား။ မင်းတို့ဆရာမကြီးကို အကြောင်းကြားရမယ်။ အားလုံးငါ့ရုံးခန်းထဲ လိုက်ခဲ့ကြ၊ အောင်မြတ်ဦးလည်း လိုက်ခဲ့"

ဆရာကြီးက အားလုံးကို သူ့ရုံးခန်းထဲ ခေါ်သွားလေသည်။

ကိုအောင်မြတ်ဦးသည် ဝေ့ကိုလှမ်းကြည့်လိုက်ရာ ဝေ့အနီးမှ ကျွန်တော့်ကို မြင်သွားလေသည်။ ထိုအချိန်တွင် ဝေ့လက်ကိုလွှတ်လိုက်ပြီးဖြစ်၍ တော်သေးသည်။

"မိဝေ၊ ကားပေါ်ပြန်တက်စမ်း။ ဟိုကောင်က ဘာလာလုပ်တာလဲ"

ကျောင်းရုံးခန်းထဲလိုက်ရခါနီးမှာပင် ကျွန်တော့်ကို လှမ်း၍ရန်လုပ်လိုက်သေး၏။

ကျွန်တော်လည်း လူအုပ်ကြားထဲ အသာလျှိုကာ ထွက်လာခဲ့လိုက်တော့သည်။

* * * * *

၈

ထိုအဖြစ်အပျက်အတွက် ထူးထူးခြားခြား ကိစ္စ မများလိုက်ပါ။ ဆရာကြီးက အမှတ် (၂) ကျောင်းမှ ဆရာမကြီးကို လှမ်းအကြောင်းကြား ကာ ကျောင်းသားများကို ပြန်လာခေါ်စေလိုက်သည်။ နောင်တွင် အမှတ် (၁) ကျောင်းသို့ ယခုကဲ့သို့လာမရှုပ်စေရန် ဆုံးမပေးဖို့ ပြန်အပ်ပေးလိုက် သည်ဟု ဆိုသည်။

ထိမိခိုက်မိ ပြင်းပြင်းထန်ထန် မဖြစ်၍လည်း သံသရာမရှည်ခဲ့ပါ။

သို့သော် ထိုအဖြစ်သည် ကျွန်တော့်အတွက်တော့ ကြီးကျယ်သော ပြဿနာကြီး ဖြစ်ခဲ့လေသည်။

ဝေကား လူငယ်ထုကြားတွင် ရေပန်းစားလှသော အလှနတ်မိမယ် တစ်ပါးပါတကား။

ဝေ့ကို ကျွန်တော့်နည်းတူ နှစ်သက်နေသူတွေ မနည်းမနောရှိနေ ကြောင်း ထိုအဖြစ်က သက်သေပြလိုက်လေသည်။

ကျွန်တော့်ရင်တွေ ပူလောင်လာသည်။

ဝေ့နှလုံးသားတွင် အခြားသူတစ်ယောက်ရှိနေမှာကို ကျွန်တော် စိုးရိမ်လာသည်။

လတ်တလောအခြေအနေတွင် ကျွန်တော်သည် ဝေနှင့်အရင်းနှီးဆုံးနှင့် အနီးကပ်ဆုံးနေခွင့်ရသူ ဖြစ်သည်။ ဝေနှင့်သည်လောက် အနေနီးစပ်ပြီးမှ ဝေ တခြားသူတစ်ယောက်ကို ချစ်လိုက်လျှင် ကျွန်တော် ခံနိုင်ရည်ရှိပါမည်လား။

ကျွန်တော်ချစ်နေကြောင်းကို ဝေသိအောင် တရားဝင် ဖွင့်ပြောသင့်သလား။

ခင်မောင်ဇော်နှင့် အခြားသူငယ်ချင်းများကလည်း ကျွန်တော့်ကို မြှောက်ပေးခဲ့လေသည်။

"မင်း စဉ်းစားနော်၊ ခုအချိန်မှာ ဝေက မင်းကို အရမ်းမေတ္တာပေးနေတာ။ မင်း ကျွန်ရစ်ဖြစ်နေမယ် ပော့ကောင်"

"ဟုတ်တယ်၊ ဝေ့ကို လိုက်နေတဲ့ကောင်တွေက နည်းတာ မဟုတ်ဘူး"

* * * * *

ကျွန်တော်သည် အနုစ္ဆဲ့ဆုံး၊ အလှပဆုံးစာလုံးများကို တန်ဆာဆင်ကာ ဝေ့ကိုပေးဖို့ ရည်းစားစာတစ်စောင်ကို သုံးညအချိန်ကုန်ခံ၍ ရေးခဲ့လေသည်။

စာရေးဖို့ လမ်းထိပ်စာအုပ်အငှားဆိုင်မှ ငြိမ်းကျော်၊ နွမ်ဂျာသိုင်း၊ မောင်စိန်ဝင်းတို့၏အချစ်ဝတ္ထုများကိုငှားကာ လှန်လှောရှာဖွေ၍ အကောင်းဆုံးဖြစ်အောင်ရေးခဲ့ပါသည်။

ဗလ္လာစာအုပ်ထဲမှ စာရွက်များစွာကုန်၍ အချောသတ်ပြီးစီးသည့်အခါ စာရေးစက္ကူကတ်တစ်ခုဝယ်၍ အပြီးသတ် ကူးရေးလိုက်လေသည်။

စာအိတ်ကိုလည်း ထိုစဉ်က တစ်အိတ်ငါးကျပ်ပေးရသည့် ရောင်စုံပန်းချီပုံများပါသော စာအိတ်လှလှလေးကို ဝယ်လိုက်သည်။ စာအိတ်ကလေးသည် ပန်းနုရောင်အောက်ခံနှင့် စာအိတ်၏ညာဘက်ထောင့်၌ အသည်းနှလုံးပုံနှစ်ခု အပေါ်အောက်ထပ်ထားသည့်ပုံ ပါလေသည်။ ငှက်ကလေးနှစ်ကောင်သည် အသည်းနှလုံးပုံတစ်ခုစီ၌နားကာ နှုတ်သီးချင်းတေ့ဆက်ထားကြဖို့လေသည်။

ကျွန်တော်က အလှဆုံးလက်ရေးဖြင့် အချောသတ် ကူးရေးထားသည့် စာရွက်ပြာလေးကို ပန်းနုရောင်စာအိတ်ထဲ ထည့်လိုက်သည်။ အပြင်မှ ရေမွှေးများပင် ဖျန်းလိုက်သေးသည်။

ရေမွှေးမှာ ဘုရားစင်နှင့် အိမ်တွင်းနတ်စင်အားဖျန်းရန် အမေ ဝယ်ထားသည့် ရေမွှေးဖြစ်ပါသည်။ အမေ မသိအောင် ဘုရားစင်ပေါ်မှ ယူ၍ ဖျန်းလိုက်ခြင်းဖြစ်သည်။

နောက်တစ်နေ့တွင် ဝေ့ကို ထိုစာပေးတော့ ကျွန်တော်သည် ရင်များ တလှပ်လှပ်ခုန်ကာ တုန်လှုပ်လျက်ရှိသည်။

မုန့်စားကျောင်းဆင်းချိန်တွင် ဝေ့အနီး ဘယ်သူမှမရှိချိန်သွားကာ မှတ်စုစာအုပ်ကလေးကို ပေးလိုက်သည်။ စာအုပ်ကြားထဲတွင် စာအိတ်ကလေး ရှိပါသည်။

"အဲဒီ ... အဲဒီထဲမှာ စာ ... စာတစ်စောင်ပါတယ် ဝေ၊ ဖတ်ကြည့်။ အိမ်ရောက်မှ ဖတ်ကြည့်နော်"

ကျွန်တော့်အသံများ သိသိသာသာ တုန်ယင်နေပါသည်။

ဝေက ကျွန်တော် အမူအရာပျက်နေပုံကို သတိထားမိကာ မျက်လုံး အကြောင်သားဖြင့် ငေးကြည့်နေလေ၏။ ဘာမှပြန်မပြောဘဲ စာအုပ်ကလေး ကိုလှမ်းယူကာ လွယ်အိတ်ထဲ ထည့်လိုက်လေသည်။

* * * * *

တစ်ညလုံး ကျွန်တော် အိပ်မပျော်တော့။

ဒီအချိန်ဆိုရင် ဝေ ကျွန်တော့်စာကို ဖတ်နေပရော့မည်။ ဝေ စိတ်ဆိုးမှာလား။ ကျွန်တော့်ကိုများ ရန်တွေ့မလား။

သည်လိုမှမဟုတ်လျှင် ဝေ ကျွန်တော့်ကို ချစ်တယ်လို့ အဖြေပေးမှာလား။ အဖြေပေးရင်ကော စာပြန်ရေးပြီး ပေးမှာလား။ နှုတ်နှင့်ဖြေမှာလား။

ကျွန်တော်သည် အမျိုးမျိုးစဉ်းစားရင်း ဘယ်လူးညာလှိမ့်ဖြင့် အိပ်မပျော်နိုင်အောင် ဖြစ်နေရလေသည်။

ကျွန်တော့်စာကို ဆရာမကိုပြ၍ တိုင်တာမျိုးတော့ ဝေလုပ်လိမ့်မည် မထင်ပါ။

နောက်တစ်နေ့ ကျောင်းအသွားတွင် ကျွန်တော်၏ အထင်အမြင်များအားလုံး လွဲမှားသွားသည်ကို ကြုံရလေသည်။

ကျွန်တော်က စာသင်နေရင်း စိတ်မဖြောင့်ဘဲ ဝေရှိတဲ့ ဂိန်းကလေးခုံတန်းဘက် ခဏခဏလှည့်ကြည့်နေမိသည်။

ကျွန်တော်၏အမူအရာများ အရမ်းပျက်နေသည် ထင်ပါသည်။ ဆရာမကပင် စိုးဦး ဒီနေ့ဘာဖြစ်နေလဲ ဟု သံသယဖြင့် အမေးခံရသည်။ ရုတ်တရက် ဆရာမ,ကောက်မေးလိုက်သော သင်ခန်းစာကိုလည်း ကျွန်တော် မဖြေနိုင်ခဲ့ချေ။

ဝေကတော့ ဘာမှမဖြစ်သလို ခပ်တည်တည်၊ ဣန္ဒြေရရ ထိုင်လျက် ရှိလေသည်။

ဝေ့ကို အကဲခတ်ရခက်လှလေသည်။

မုန့်စားဆင်းချိန်ရောက်တော့ ဝေက ကျွန်တော့်အနီး လျှောက်လာကာ –

"စိုးဦး တို့ အပြင်ခဏသွားရအောင်"

ဟု လာခေါ်လေသည်။

ဝေ့လက်ထဲတွင် ကျွန်တော် စာညှပ်ပေးလိုက်သော မှတ်စုစာအုပ်ကလေးကို ကိုင်ထားသည်။

ကျွန်တော်သည် ရင်ခုန်စွာပင် ဝေ့နောက်မှလိုက်ခဲ့၏။

ဝေက,ကျောင်းပန်းခြံဘေးမှ ထင်ရှူးပင်အောက်တွင် ရပ်လိုက်လေသည်။

ကျွန်တော် သူ့အနားရောက်သည်နှင့် မှတ်စုစာအုပ်ကလေးကို ကမ်းပေးလိုက်သည်။

စာအုပ်ကလေးကို ကျွန်တော်လှမ်းယူလိုက်ရာ အထဲမှ စာခေါက်ထူထူတစ်ခုဖြင့် ဖုငှနေသည်ကို စမ်းမိလိုက်၏။

ကျွန်တော်သည် ရင်ခုန်စွာပင် စာအုပ်ကလေးကို အမြန်လှန်ကြည့်လိုက်သည်။

"ဟင်"

အတွင်း၌ ကျွန်တော် ပေးထားသောစာအိတ်ကလေးသည် ပုံပန်း မပျက်ရှိနေ၏။ ရေမွှေးနံ့စူးစူးက ပျံ့ထွက်လာသည်။

"ဝေ ... ဒီစာကို ဝေ မဖတ်ဖူးလားဟင်"

"ဖတ်ပါတယ်၊ ဝေ ဖတ်ပြီးပါပြီ"

"ဖတ်ပြီးပြီ၊ ဟုတ်လား"

ဝေ ပုံစံက ဣန္ဒြေမပျက်ပင်ရှိနေ၏။

"ဝေ ... ဝေ ... ကျွန်တော့်ကို စာပြန်ရေးမပေးဘူးလား ဟင်"

ဝေက ခေါင်းကိုရမ်းပြသည်။

"ဝေ စိတ်ဆိုးသွားလို့လားဟင်"

"ဝေ စိတ်မဆိုးပါဘူးစိုး"

"ဒါဖြင့် ဘာလို့ ဒီစာကိုပြန်ပေးတာလဲ"

"ဝေတို့က ငယ်ငယ်လေးရှိသေးတာပဲ စိုးရယ်၊ ဝေ့ကို အဲ့လိုစာမျိုး မပေးပါနဲ့"

"မဟုတ်ဘူး ဝေ၊ ကျွန်တော် ဝေ့ကို ..."

"အဲ့လိုစကားမျိုးလည်း မပြောပါနဲ့ဦး စိုး။ ဝေတို့က ခုမှ ဆယ်တန်းပဲ ရှိသေးတာ။ ဝေတို့အရွယ်က ရည်းစားထားရမယ့်အရွယ်မှ မဟုတ်သေး တာ"

"ဒါပေမဲ့"

"ဘာဖြစ်လဲ"

"ဝေ့ကို ... ဝေ့ကို ... ကျွန်တော် ..."

"ချစ်တယ်ပေါ့၊ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဝေ ယုံပါတယ် စိုး၊ စိုး ဝေ့ကိုချစ်နေတာလည်း သိပါတယ်။ ဒါပေမဲ့ ဝေတို့ ရည်းစားလိုတော့ မနေချင်သေးဘူးဟယ်"

"ကျွန်တော် ဘယ်လိုနားလည်ရတော့မှာလဲ ဝေ"

"ကျောင်းနေတုန်းမှာ ဝေ ရည်းစားမထားချင်ဘူး။ ဆယ်တန်းအောင်ပြီးမှထားမယ်။ အဲဒီကျမှထားမယ့် ဝေ့ရဲ့ ရည်းစားကလည်း စိုးပဲဖြစ်မှာပါ။ စိုး ဝေ့ကိုချစ်တယ်ဆိုတာ ဝေ ယုံတယ်။ အခုတော့ ဒီစကားတွေ မပြောကြေး၊ ဆယ်တန်းအောင်မှ တစ်ခါထပ်ပြောနော်"

"ဝေရယ်၊ အခုပြောရတာက ဝေ့ကို စိုးရိမ်လို့ပါ။ ဝေ့ကို စိတ်ဝင်စားနေတဲ့လူတွေက များတယ်လေ"

"စိုး၊ တို့နဲ့အနီးကပ်အဖြစ်ဆုံး စိုးက ရည်းစားစာ ပေးတာကိုတောင် ဝေ ငြင်းနေတာလေ။ ဝေ့ကို ဘယ်သူတွေက ဘယ်လောက်စိတ်ဝင်စားစား၊ ဝေက ပညာသင်တုန်းမှာ အချစ်ရေးကို စဉ်းစားမှာကို မဟုတ်ဘူး"

"ဒါဖြင့် . . ."

"မစိုးရိမ်ပါနဲ့ စိုးရယ်၊ ဝေ ပြောပြီလေ။ ဆယ်တန်းအောင်တဲ့အချိန်ကျ ဝေ့ကို ရည်းစားစကားတစ်ခါထပ်ပြောပါလို့။ အဲ့ဒီကျတော့ ဝေအဖြေပေးမှာပါလို့၊ စိတ်ချပါစိုး။ ဝေ ပေးမယ့်အဖြေကလည်း စိုးကိုချစ်တယ်ဆိုတဲ့အဖြေမျိုးပဲ ဖြစ်မှာပါ"

ဝေက ပြောပြီး လှည့်ထွက်သွားလေတော့သည်။

ကျွန်တော် ဘယ်လိုနားလည်ရမှန်းမသိတော့။

* * * * *

ဘာပဲဖြစ်ဖြစ် ဝေ့စိတ်တိုင်းကျ သူငယ်ချင်းတွေလိုပဲ ကျွန်တော် နေခဲ့ပါသည်။ လောလောဆယ် သူငယ်ချင်းအနေအဖြစ်ပေမဲ့ ဆယ်တန်း အောင်ရင် အဖြေပေးမယ်လို့ ဝေက ကတိပေးထားပြီးသား မဟုတ်လား။ ပြီးတော့ သူပေးမယ့်အဖြေကလည်း 'ချစ်တယ်' ဆိုတဲ့အဖြေပဲ ဖြစ်မယ်ဆို တာ ဝေက ကြိုပြောထားပြီးသားလေ။ ကျွန်တော် ဘာလို့ အရင်လိုရတော့ မှာလဲ။

သို့သော် ပတ်ဝန်းကျင်က ကျွန်တော်တို့ကို ချစ်သူရည်းစားတွေ လို့ပဲ သတ်မှတ်သည်။ ဘယ်လိုမျှရှင်းပြလို့မရ။

သူငယ်ချင်းတွေလိုနေတယ်ဆိုပေမဲ့ ဝေ့ကိုကြည့်တဲ့ ကျွန်တော့်ရဲ့ မျက်ဝန်းထဲက အကြင်နာအငွေ့အသက်များကိုတော့ ဟန်ဆောင်ထိန်းချုပ် ထားလို့ မရနိုင်ပါ။ ဝေ့ဘက်ကလည်း ကျွန်တော့်ကို သူများတွေထက် လိုက် လျောပျူငှာ ဆက်ဆံလေ့ရှိရာ သူငယ်ချင်းလို့ နာမည်ခံထားသည့်တိုင် ပတ် ဝန်းကျင်က ချစ်သူများအဖြစ်သတ်မှတ်ကြတာ အဆိုးမဆိုသာပြန်ပေ။

"စာကျက်နော်၊ ကြိုးစားနော် စိုး။ ဝေတို့ဆရာဝန်ဖြစ်အောင် ကြိုးစားကြစို့။ စိုးက ဝေ့ထက် စာပိုတော်တာပဲ၊ ဂုဏ်ထူးတွေနဲ့အောင်မှာပါ။ ဆယ်တန်းအောင်ရင်တော့ ဝေတို့ လူကြီးတွေဖြစ်ပြီပေါ့။ အဲဒီကျမှ စိုး ဖြစ်စေချင်သလို ဝေတို့ ချစ်သူတွေလို့နေကြစို့လေ"

နူတ်မှ 'ချစ်တယ်'လို့ ဖွင့်ဟမပြောရုံတစ်မည်သာ ရှိသည်။ ဝေ့စကားများက ကျွန်တော့်ကို ချစ်သူတစ်ယောက်အဖြစ် လက်ခံမယ်ဆိုတာကို ကတိအထပ်ထပ်ပေးနေသလို ဖြစ်နေ၏။

ဒါနှင့်ပဲ ကျွန်တော် ကျေနပ်လှပါပြီ။

ဝေပြောသလို ဆယ်တန်းအောင်ဖို့၊ ဂုဏ်ထူးများများနှင့်အောင်ဖို့၊ လိုင်းကောင်းကောင်းဝင်ဖို့ ကြိုးစားရပါမည်။

သည်လိုနှင့်ပဲ ကျွန်တော်သည် ဆယ်တန်းကျော်လွှန်မည့် ကာလအား လက်ချိုးရေတွက်ရင်း စောင့်ဆိုင်းနေခဲ့ရပါသည်။

* * * * *

အနာဂတ်ဆိုသည်မှာ ရည်ရွယ်မျှော်လင့်သလိုလည်း ဖြစ်လာချင်မှလာသည်။ ကံကြမ္မာက သူ့သဘောအတိုင်း ဦးဆောင်သရွေ့ လူတွေလိုက်၍ လှုပ်ရှားရပါသည်။ သည်လို သဘောတရားကို ကျွန်တော်သည် ငယ်ငယ်ရွယ်ရွယ်နှင့်ပင် သိရှိကြုံတွေ့ခဲ့ရပါ၏။

ဝေဩကတိများဖြင့် အနာဂတ်အတွက် ကြိုတင်စိတ်အေးခဲ့ရသော ကျွန်တော်သည် မမျှော်လင့်သော ဘဝအပြောင်းအလဲတစ်ခုကြောင့် မျှော်လင့်ချက်များ ယိမ်းယိုင်ပြိုပျက်ခဲ့ရလေတော့သည်။

ဝေ့ဖေဖေ နယ်ပြောင်းရမည့်အမိန့်စာသည် ကျွန်တော်တို့ ဆယ်တန်းစာသင်နှစ် နှစ်တစ်ဝက်ကျိုးချိန်တွင် ထွက်လာခဲ့လေသည်။ သည့်မတိုင်မီ သုံးလကပင် ဝေ့ဖခင်သည် ရာထူးတိုးကာ တိုင်းအဆင့် အရာရှိရာထူးကို ရရှိခဲ့ပြီးဖြစ်ပါ၏။

---

ဆုပြည့်စုံထွန်းစာပေ

ရာထူးအဆင့်နှင့်လျော်ညီစွာ တိုင်းမြို့တစ်မြို့သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရမည် ဖြစ်လေသည်။

ဝေတို့ပြောင်းရမည့်မြို့က စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့။

ဝေက ထိုသတင်းကိုပြောပြလိုက်သည့်အခါ ကျွန်တော့်ရင်ထဲမှာ ဟာခနဲ ဖြစ်သွားလေသည်။

"ဝေလည်း စိတ်မကောင်းပါဘူး စိုး။ ဝန်ထမ်းဆိုတာ ဒီလိုပဲ၊ တာဝန်ကျရာသွားရတာပဲ၊ ငြင်းလို့မရဘူး စိုးရဲ့။ ဝေတို့အဖို့တော့ နယ်အပြောင်းအရွှေ့ဆိုတာ ရိုးနေပါပြီ။ ငယ်ငယ်ကတည်းက ဒက်ဒီ ပြောင်းရွှေ့ရာနောက်ကို နှစ်နှစ်တစ်ခါ၊ သုံးနှစ်တစ်ခါဆိုသလို လိုက်ပြောင်းနေရတာလေ"

"ဝေတို့ စာမေးပွဲဖြေပြီးတဲ့အထိ နေခဲ့လို့မရဘူးလားဟင်"

"ဒက်ဒီက ပထမတော့ အဲဒီလို စဉ်းစားပါသေးတယ်။ ဝေတို့မောင်နှမ ဆယ်တန်းစာမေးပွဲပြီးတဲ့အထိ မိသားစုကို ဒီမြို့မှာထားခဲ့မလို့ပဲ။ နောက်တော့ ဆွေမျိုးမရှိတဲ့နေရာမှာ မာမီနဲ့ကလေးတွေချည်းစိတ်မချလို့တဲ့။ အထူးသဖြင့် ကိုကို့ကိုပေါ့။ ဒက်ဒီက ကိုကို့ကို သူ့ကွယ်ရာမှာ စိတ်မချဘူးလေ။ ဝေ့ကိုတော့ ဘယ်ကဖြေဖြေ ဆယ်တန်းအောင်မယ်ဆိုတာ ဒက်ဒီက ယုံတယ်။ ဝေတို့က စာမေးပွဲအတွက် ဖောင်လည်း မတင်ရသေးဘူး မဟုတ်လား။ စစ်ကိုင်းကနေပဲ ဆယ်တန်းဖြေဖို့ ဒက်ဒီဆုံးဖြတ်လိုက်တယ် စိုးရယ်"

"ဝေရယ်"

"မကြာပါဘူး စိုး၊ စိုးသာ စာကြိုးစားပါ။ ဆယ်တန်းအောင်ရင် တက္ကသိုလ်တက်ရတော့မှာပဲ။ တက္ကသိုလ်မှာ ပြန်ဆုံကြမှာပေါ့ စိုးရယ်"

"ကိုယ်တက္ကသိုလ်တက်ဖို့က မသေချာပါဘူး စိုး။ ကိုယ့်အိမ်က ကိုယ့်ကို တက္ကသိုလ်ဆက်ထားနိုင်မှာ မဟုတ်ပါဘူး"

"အို ... ဘာပဲဖြစ်ဖြစ်လေ၊ ဆယ်တန်းအောင်ရင် လူကြီးတစ်ပိုင်း ဖြစ်ပြီပဲ။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်နိုင်အောင် ကြိုးစားရမှာပေါ့။ ဝေ စိုးကို သစ္စာမဖောက်ဘူးဆိုတာ ဝေ ကတိပေးပါတယ် စိုး"

"သစ္စာမဖောက်ဘူး ... ဟုတ်လား။ သစ္စာမဖောက်ဘူးဆိုတော့ ဝေက ကိုယ့်ကိုချစ်တယ်လို့ အဖြေပေးလိုက်တာပေါ့နော်။ ကိုယ့်ကိုချစ်သူ အဖြစ် သတ်မှတ်လိုက်တာပေါ့။ ဟုတ်လားဟင် ဝေ ..."

"ဒိုးရယ်"

"အဖြေပေးခဲ့ပါ ဝေ၊ မခွဲရခင် ဝေ့နှုတ်ကနေ ချစ်တယ်လို့ ကိုယ့်ကို ပြောခဲ့ပါ ဝေရယ်။ ဝေပါးစပ်က ချစ်တယ်ဆိုတဲ့စကားကို ကိုယ် ကြားပါရစေ"

* * * * *

သည်လိုနှင့် ဝေတို့မိသားစု ကျွန်တော်တို့မြို့မှ ပြောင်းရွှေ့ရတော့မည့်ရက်မှာ တဖြည်းဖြည်း နီးကပ်လာပါသည်။

ဝေတို့မောင်နှမနှစ်ယောက်စလုံး ကျောင်းထွက်လက်မှတ်များ ယူပြီးပြီ။ ဆရာ၊ ဆရာမများကိုလည်း နှုတ်ဆက်ကန်တော့ပြီးပြီ။

ဝေတို့ မနက်ဖြန်မနက်ဆိုလျှင် ကျွန်တော်တို့မြို့မှ ခွာပါတော့မည်။

* * * * *

မနက်ဖြန်ဆိုလျှင် ဝေတို့ပြောင်းကြတော့မည်။

မပြောင်းခင် ဝေနှင့် လွတ်လွတ်လပ်လပ် တွေ့ချင်သည်။ စကားတွေ အားပါးတရပြောချင်သည်။

ကျွန်တော်ပူဆာတော့ ဝေ ပထမငြင်းသည်။

"ဘယ်တွေ့လို့ဖြစ်မှာလဲ စိုးရယ်၊ ကိုကို သိသွားရင်မလွယ်ဘူး"

"တစ်နေရာရာမှာပေါ့။ သူငယ်ချင်းအိမ် တစ်အိမ်အိမ်ဖြစ်ဖြစ်"

"ဟင့်အင်း ... ဟင့်အင်း ... ဝေ အဲ့လိုမျိုးမတွေ့ချင့်ဘူး"

"စကားတွေပြောချင်လို့ပါ ဝေရယ်"

"အိမ်ကသိသွားရင်မလွယ်ဘူး စိုး၊ ကိုကိုပြောပြထားလို့ အိမ်က ဝေနဲ့စိုးအကြောင်းကို သိနေကြပြီ။ ပြောင်းခါနီး ပြဿနာတက်မှာ စိုးတယ် စိုးရယ်"

"ဒါဆိုလည်း ကိုယ်နဲ့ ရုပ်ရှင်တစ်ပွဲတော့ လိုက်ကြည့်ပါ ဝေရာ နော် ... ရုပ်ရှင်ရုံထဲမှာပဲ စကားတဝပြောမယ်လေ။ ဘယ့်နှယ်လဲ၊ ရုပ်ရှင် ညနေပွဲဆိုရင် မိုးလည်း မချုပ်ပါဘူး၊ ဟင် ... ဝေ"

ဝေ တွေဝေနေသည်။

"မြန်န္တာရုံမှာ ကြည့်ကြမယ်လေ၊ ဘယ်လိုလဲ"

ဝေက တွေဝေကာ စဉ်းစားနေပေသည်။

"ခွဲရခါနီး ကိုယ့်ကို ဒီအခွင့်အရေးလေးတော့ပေးပါ ဝေရယ်"

ဝေက သက်ပြင်းကိုချလိုက်လေသည်။

"စကားပြောချင်လို့ပါ ဝေ"

"အင်းလေ ... စိုးသဘောပါ၊ ရုပ်ရှင်ညနေပွဲနော်"

ဝေက သဘောတူလိုက်လေပြီ။

"ဘယ်မှာဆုံကြမလဲ"

"ရုပ်ရှင်ရုံမှာပဲ စိုး စောင့်နေ"

"ဘယ်သူ့မျှမခေါ်ခဲ့နဲ့နော်"

"အင်းပါ စိုးရဲ့၊ ဒါပဲနော်။ ရုပ်ရှင်ရုံထဲမှာ စကားပဲပြောရမှာ"

ဝေ လိုက်လျောလိုက်သည့်အတွက် ကျွန်တော် ဝမ်းသာသွားရလေသည်။ မြနန္ဒာရုံမှာကြည့်မယ်ဆိုတာကို မငြင်းသည့်အတွက်လည်း ကျွန်တော် စိတ်ကျေနပ်သွားသည်။

မြနန္ဒာရုံကို ကျွန်တော်တမင်ရွေးထားခြင်း ဖြစ်သည်။ မြနန္ဒာရုံက မြို့အစွန်မှာ ရှိသည်။ ရုံသိပ်မကောင်း၍ လူကြည့်နည်းသည်။ ပြီးတော့ မြနန္ဒာရုံမှာတင်နေသည့်ဇာတ်ကားက ဒီနေ့နောက်ဆုံးနေ့။ ရုံတင်ထားတာ ကြာပြီမို့ ကြည့်သူ ပါးသွားပြီ။

မြနန္ဒာရုံ၏အခြေအနေသည် ကျွန်တော်နှင့်ဝေ လွတ်လွတ်လပ်လပ် တွေ့ဆုံစကားပြောနိုင်သည့် အနေအထားမှာရှိနေ၏။

* * * * *

ချိန်းတဲ့အတိုင်း ရုပ်ရှင်မပြမီ ငါးမိနစ်အလိုမှာ ဝေ ရောက်လာ၏။

ဝယ်ထားတဲ့လက်မှတ်တစ်စောင် ဝေ့ကိုပေးလိုက်ပြီး ရုံထဲသို့ တစ်ယောက်တခြားစီ ဝင်ခဲ့ကြသည်။

ရုံထဲရောက်ပြီးမကြာမီ ရုပ်ရှင်ပြဖို့ မီးများမှိတ်သည်။

ထိုအချိန်ကျမှ ဝေ့ဘေးထိုင်ခုံမှာ ကျွန်တော် ဝင်ထိုင်လိုက်၏။ ကျွန်တော်တို့နှစ်ယောက် ရုပ်ရှင်အတူကြည့်တာကို ဘယ်သူမျှ မသိနိုင်တော့။

ရုပ်ရှင်စပြပြီ။

ရုပ်ရှင်မှာ **ကျော်သူ၊ မို့မို့မြင့်အောင်နှင့် တင်နီလာဝင်း** တို့ ပါဝင်သော ဇာတ်ကားတစ်ကားဖြစ်သည်။ ရုပ်ရှင်ကားနာမည်က '***သစ္စာပန်းတစ်ပွင့်*** ...တဲ့။

ထို '***သစ္စာပန်းတစ်ပွင့်***' ရုပ်ရှင်ကားသည် နောင်တစ်ချိန်တွင် ကျွန်တော့်ဘဝတစ်လျှောက်လုံးအတွက် မမေ့ရက်စရာ၊ တသသဖြစ်ဖွယ်ရာ ဇာတ်ကားတစ်ကား ဖြစ်လာလိမ့်မည်ဟု ထိုစဉ်ကတော့ ကျွန်တော် မသိသေး။

ဇာတ်ကားထဲတွင် ကျော်သူသည် ဒေါ်စံရှားတင်၏ သားဖြစ်သည်။ ဒေါ်စံရှားတင်ကို အကြော်ရောင်းသည့် မုဆိုးမကြီးအဖြစ် ပြထား၏။ အမေ

တစ်ခု၊ သားတစ်ခု ဆင်းရဲပင်ပန်းစွာဘဝကို ရုန်းကန်ရပုံ၊ သားငယ် ကျော်သူ အား ပညာတတ်ဖြစ်စေချင်လွန်း၍ စံရှားတင်ကြီးက အဆင်းရဲ အပင်ပန်းခံ ကာ ကျောင်းထားပုံများဖြင့် ဇာတ်လမ်းကိုအစပျိုးထား၏။

တင်နီလာဝင်းမှာ ကျော်သူနှင့် အိမ်နီးချင်း၊ သူငယ်ချင်းများ ဖြစ် ကြသည်။ တင်နီလာဝင်း၏မိဘများမှာလည်း လက်လုပ်လက်စားများဖြစ်ပြီး ဆင်းရဲသားဘဝတူလူတန်းစားများ ဖြစ်ကြသည်။

ကျော်သူနှင့်တင်နီလာဝင်းတို့ ကျောင်းကိုအတူသွားကြပုံ၊ သူငယ် ချင်းများအဖြစ် ခင်မင်ရင်းနှီးကြပုံ၊ တင်နီလာဝင်းက ကျော်သူ့အပေါ် အနွံ အတာခံပုံများဖြင့် ဇာတ်လမ်းကို တဖြည်းဖြည်း သယ်သွားသည်။

ကျွန်တော်သည် ရုပ်ရှင်ကြည့်ရင်း ဝေ့လက်ဖမိုးလေးကို ကျွန်တော့် လက်ဖဝါးဖြင့် ခပ်ဖွဖွအုပ်ထားမိ၏။ ရဲရဲတင်းတင်းတော့ဖြင့် ဝေ့လက်ကို မကိုင်ရဲ။ လက်ချင်းထိရုံ ထိထားသည်နှင့်ပင် ကျွန်တော့် ရင်မှာဖိုလှုပ်ပါပြီ။

စကားတွေတဝကြီးပြောမည် အားခဲထားသော်လည်း ဘာမျှမပြော မိကြ။ ရုပ်ရှင်ကိုငေးရင်းတစ်လှည့်၊ ဝေ့မျက်နှာကို အမှောင်ထဲမှာခိုးကြည့် ရင်း တစ်လှည့်ဖြင့်သာ အချိန်ကုန်လာခဲ့သည်။

ရုပ်ရှင်စပြပြီး ၁၅ မိနစ်ခန့်အကြာမှာပင် ဇာတ်ကား၏ခေါင်းဆောင် မင်းသမီးဖြစ်သော မို့မို့မြင့်အောင် ပေါ်လာလေသည်။

မို့မို့မြင့်အောင်သည် တခြားမြို့တစ်မြို့မှပြောင်းလာပြီး ကျော်သူတို့ မြို့သို့ရောက်လာခြင်း ဖြစ်သည်။ ကျော်သူနှင့်တင်နီလာဝင်း တက်နေသည့် ကျောင်းမှာ လာတက်သည်။

ကျွန်တော်သည် ရုတ်တရက် ဝေ့လက်ကို ဖျစ်ညှစ်လိုက်မိ၏။ ဝေ က ကျွန်တော့်ကိုလှည့်ကြည့်သည်။ မျက်လုံးချင်းအဆုံတွင် တစ်ယောက်ကို

တစ်ယောက်ပြုံးပြမိသည်။ ဇာတ်ကားထဲမှ မင်းသားနှင့်မင်းသမီး တွေ့ဆုံခန်းမှာ ကျွန်တော်တို့နှစ်ယောက်စတွေ့ကြပုံနှင့် တူနေသောကြောင့် ဖြစ်သည်။

ကြည့်ပါ၊ ကျော်သူတို့အတန်းထဲတွင် စာကြည့်နေစဉ် ကျောင်းဝင်းထဲသို့ ကားတစ်စင်း ဝင်လာပုံကိုပြသည်။ ထိုကားပေါ်မှ မို့မို့မြင့်အောင် ကျောင်းလွယ်အိတ်ကလေးလွယ်၍ ဆင်းလာသည်။ ထို့နောက် ကားပေါ်မှ ဆင်းလာသူများက လူကြမ်းမင်းသားကြီးမြင့်နိုင်နှင့် ဒေါ်နွဲ့နွဲ့စမ်း။ ဦးမြင့်နိုင်နှင့် ဒေါ်နွဲ့နွဲ့စမ်းသည် မို့မို့မြင့်အောင်၏မိဘများအဖြစ် ပါဝင်သရုပ်ဆောင်ထားခြင်း ဖြစ်သည်။

ကျောင်းအုပ်ဆရာကြီးရုံးခန်းထဲတွင် ဦးမြင့်နိုင်နှင့် ဒေါ်နွဲ့နွဲ့စမ်းက မို့မို့မြင့်အောင်ကို ကျောင်းအပ်ကြပုံအခန်းပြနေစဉ်မှာပင် ဝေ့ကို ကျွန်တော် တိုးတိုးလေး ကပ်ပြောလိုက်သည်။

"ဝေ ကိုယ်တို့ကျောင်းကို စလာတုန်းကလည်း အဲဒီလိုပဲ သိလား။ ဆရာကြီးအခန်းထဲ ဝေတို့ဝင်သွားတာကြည့်ပြီး ကိုယ်ရင်ခုန်ခဲ့ရတာပေါ့"

"အဟင်း . . . ဟင်း"

ဝေက တိုးတိုးညင်းညင်းရယ်သည်။

ယခုအချိန်တွင် ဝေ့လက်ကို ကျွန်တော်ပိုင်ပိုင်နိုင်နိုင် ဆုပ်ကိုင်ထားမိပြီး ဖြစ်ပါသည်။

တင်နီလာဝင်းနှင့်မို့မို့မြင့်အောင် သူငယ်ချင်းတွေ ဖြစ်သွားကြပုံ၊ တင်နီလာဝင်းမှတစ်ဆင့် မို့မို့မြင့်အောင်နှင့်ကျော်သူတို့ ခင်မင်ရင်းနှီးသွားကြပုံများ ပိတ်ကားပေါ်မှာ ဆက်ပေါ်လာသည်။

"ဝေ ကိုယ့်ဆီကို စာဆက်ဆက်ရေးနော်"

"အင်းပါ"

"ဝေ စရေးမှ ကိုယ်ကရေးလို့ရမှာလေ။ ဝေတို့လိပ်စာအသစ်ကို ဝေ့စာဖတ်ရမှသိမှာ မဟုတ်လား"

"ဝေ ပြောင်းသွားပြီး တစ်ပတ်အတွင်းမှာ စိုးဆီကို ဝေ့စာ ရောက်လာစေရမယ်"

ရုပ်ရှင်ဇာတ်ကားမှာ တစ်စတစ်စ စိတ်ဝင်စားစရာကောင်းလာပြီ ဖြစ်သည်။

ကျော်သူနှင့်မို့မို့မြင့်အောင် တစ်ယောက်ကိုတစ်ယောက် စိတ်ဝင်စားနေကြပုံကို စိတ်ကူးယဉ်ခန်းများဖြင့် ပြသည်။

ထို့နောက် ကျော်သူက တင်နီလာဝင်းမှတစ်ဆင့် မို့မို့မြင့်အောင်ကို ရည်းစားစာပေးခိုင်းသည်။

ထိုအခန်းအပြီးတွင် အလွမ်းသီချင်းတစ်ပုဒ်ဖြင့် တင်နီလာဝင်း၏ စိတ်ထားကိုပေါ်လွင်အောင် ကြားဖြတ်ပြလိုက်သည်။ အိပ်ခန်းထဲတွင် ကျော်သူ၏ဓာတ်ပုံလေးကိုရင်ဝယ်ပိုက်ရင်း တင်နီလာဝင်း ဆိုသည့်သီချင်းအဓိပ္ပာယ်တွင် တစ်ဖက်သတ်အချစ်သည် ဆိုးလှကြောင်း၊ မိန်းကလေးဘဝတွင် မိမိအချစ်ကို ဖွင့်ဟဖို့ခဲယဉ်းကြောင်းနှင့် ချစ်သူစိတ်ချမ်းသာဖို့ဆိုလျှင် ဘာမဆိုလုပ်ဆောင်ပေးဖို့ အဆင်သင့်ရှိကြောင်းစသည့် စာသားများ ပါဝင်သည်။ ယင်းပြကွက်ဖြင့် တင်နီလာဝင်းမှာလည်း ကျော်သူ့ကို တစ်ဖက်သတ်ချစ်နေကြောင်း သရုပ်ဖော်သွားသည်။

ကျော်သူနှင့်မို့မို့မြင့်အောင်တို့ ချစ်သူများဖြစ်သွားကြပြီး လျှောက်လည်ကြပုံအခန်းများကို စုံတွဲသီချင်းများဖြင့် ကြည်နူးစရာကောင်းအောင် ပြသသွားသည်။

"ဝေ ... ကိုယ့်ကို ချစ်တယ်လို့ပြောပါလားဟင်"

ဝေ့ခေါင်းက ကျွန်တော့်ဘက်သို့ လှည့်လာ၏။

ဝေ့အကြည့်များက ရွှန်းရွှန်းစားစားရှိလှလေသည်။

''ဟင် ... မသွားခင် ချစ်တယ်ဆိုတဲ့စကားလေးကို ပြောခဲ့ပါလား ဝေရယ်''

''ချစ်ပါတယ် စိုး ... ချစ်တယ် ... ဝေ စိုးကို ချစ်ပါတယ်ကွယ်''

''ဝေရယ်''

ကျွန်တော်က ဝေ့ဘက်သို့ကိုင်းကာ ဝေ့လက်နှစ်ဖက်လုံးကို ကျွန်တော့်လက်နှစ်ဖက်ဖြင့် ဆုပ်ညှစ်ထားလိုက်လေသည်။

''သစ္စာရှိပါနော် ဝေ''

''စိတ်ချပါ စိုး။ ဝေ စိုးကလွဲပြီး ဘယ်သူ့မှမချစ်ဘူး။ စိုးကရော၊ ဝေ့ကို သစ္စာရှိနေမယ်လို့ ယုံရမှာလားဟင်''

''ဝေရယ် ... ဝေဟာ ကိုယ့်ရဲ့အချစ်ဦး၊ အချစ်ဆုံးပါ။ ဝေ့ကို ချစ်တဲ့အချစ်မျိုး ဘယ်သူ့ကိုမှချစ်လို့ရမှာ မဟုတ်ဘူးဆိုတာ ကိုယ် သစ္စာဆိုရဲတယ်''

ကျွန်တော်တို့သည် ကြည့်နေသည့် ရုပ်ရှင်ဇာတ်ကားနာမည်အတိုင်း သစ္စာစကားများ အပြန်အလှန်ဆိုနေကြလေသည်။

ရုပ်ရှင်ဇာတ်ကားသည်လည်း တစ်စထက်တစ်စ ပို၍ စိတ်ဝင်စားစရာကောင်းလာလေပြီ။

အပျော်ခန်းများပြီးသည့်အခါ ဇာတ်လမ်းထုံးစံအတိုင်း အခက်ခန်းသို့မဟုတ် အလွမ်းခန်းသာရပေပြီ။ အလွမ်းခန်းရောက်အောင် ပို့ဆောင်ပေးမည့်သူများလည်း ထုံးစံအတိုင်း ဇာတ်လမ်းထဲက လူကြမ်းနှင့်မိန်းမကြမ်းတို့ဖြစ်ရပေမည်။

ထိုထုံးစံအတိုင်း ကျော်သူနှင့် မို့မို့မြင့်အောင်တို့ချစ်ခြင်းကို ခွင်းမည့်သူများ ပေါ်လာသည်။ တခြားသူများ မဟုတ်ပါ။ မို့မို့မြင့်အောင်၏ မိဘများ ဖြစ်သည်။

မင်းသမီး၏ မိဘနေရာတွင် နာမည်ကြီးလူကြမ်းမင်းသား အကယ်ဒမီ မြင့်နိုင်နှင့် နွဲ့နွဲ့စမ်းတို့ကို ထည့်ထားကတည်းက ဒီလိုပဲဖြစ်တော့မယ်ဆိုတာ မြန်မာဇာတ်ကားကြည့်နေကျပရိသတ်က သိနေပြီးသားပင်။

ကျော်သူနှင့် ချစ်ကျွမ်းဝင်နေကြောင်းသိသွားသည့် မြင့်နိုင်နှင့် နွဲ့နွဲ့စမ်းသည် မိုမိုမြင့်အောင်ကို အခန်းတံခါးပိတ်ကာ ရိုက်နှက်ဆုံးမ လေတော့၏။ အလွမ်းအဆွေးဘက်တွင် ပိုင်နိုင်လှသော မိုမိုမြင့်အောင်အတွက် အကောင်းဆုံးသယ်သွားနိုင်သော အကွက်များပင် ဖြစ်တော့သည်။

ထိုဇာတ်ကွက်တွင် ဦးမြင့်နိုင်ပြောသွားသော စကားတစ်ခွန်းကြောင့် ကျွန်တော့်ရင်မှာ နင့်ခနဲခံစားလိုက်ရသည်။

"ဟင်း ... အကြော်သည်မုဆိုးမစား ဆင်းရဲသားကိုမှ ချစ်ရတယ်လို့ကွာ။ တောက် ... ဒင်းနဲ့ငါ့သမီးနဲ့ တူသလား တန်သလား"

ဝေ့အစ်ကို ကိုအောင်မြတ်ဦး ကြိမ်းဝါးခဲ့သည့် စကားများကို ချက်ချင်း သတိရသွား၏။ ဦးမြင့်နိုင်စကားနဲ့ တထေရာတည်းပါလား။ 'ဆင်းရဲသား' 'ဆင်းရဲသား'တဲ့။

ကျွန်တော်က ဝေ့ကို ဖျတ်ခနဲ လှည့်ကြည့်မိပြန်သည်။

ဝေက ကျွန်တော့်ကိုပြန်ကြည့်ရင်း နှစ်သိမ့်ဟန်ဖြင့် လက်များကို ခပ်တင်းတင်းဆုပ်ညှစ်လိုက်၏။ ရုပ်ရှင်ကြည့်ရင်း ကျွန်တော်ခံစားသွားရသည်ကို ဝေ နားလည်သွားပုံရသည်။

ရုပ်ရှင်က အလွမ်းဘက်အားသန်သွားပြီမို့ ပိတ်ကားပေါ်ကို ကျွန်တော် အာရုံမစိုက်ချင်တော့။ ဝေ့မျက်နှာကိုသာ တစိမ့်စိမ့်ကြည့်ရင်း စကားတွေ ပြောနေမိတော့သည်။

ဝေ့လည်တိုင်နှင့်ပါးပြင်မှ သနပ်ခါးနံ့လေးများက တစ်ချက်တစ်ချက် သင်း၍လာသည်။

ဆုပြည့်စုံထွန်းစာပေ

ဝေနှင့် ခွဲရတော့မည့်အချိန်က တဖြည်းဖြည်း နီးလာလေပြီ။

မခွဲခင်မှာ ဝေ့ပါးကလေးကို တစ်ကြိမ်လောက်တော့ မွှေးခွင့်ရချင်သေးသည်။ အတွေးဖြင့် ကျွန်တော့်ရင်တွေ တဒိတ်ဒိတ်ခုန်လာပြန်၏။

ဝေ့ကို ရအောင်နမ်းမယ်ဆိုသည့် ဆုံးဖြတ်ချက်ကို ချက်ချင်း ချမိပြီး ဖြစ်သွားလေသည်။

ကျွန်တော့်လက်ကို ဝေထိုင်နေသည့် ခုံနောက်မှီပေါ်သို့ တင်လိုက်သည်။ တဖြည်းဖြည်းနှင့် ဝေ့ပခုံးသားလေးကို ခပ်ဖွဖွ တို့ဖက်လိုက်သည်။ ပြီးတော့ ဝေ့ကို ကျွန်တော့်ဘက်ယိုင်လာအောင် ခပ်ဖြည်းဖြည်း ဆွဲယူလိုက်၏။

ကျွန်တော့်ရင်က တထိတ်ထိတ်။

ဝေ့ပါးလေးကို မွှေးဖို့ . . .

ဒိတ် . . . ဒိတ် . . . ဒိတ် . . . ဒိတ် . . .

ထိုစဉ် ချောက်ချားဖွယ်တီးလုံးသံကြောင့် ကျွန်တော့်အာရုံများ ပျက်သွားရလေ၏။

ပိတ်ကားပေါ်ကို အကြည့်ရွှေ့မိသည်။

ကြားထဲမှာ ဘာတွေပြသွားသည်ကိုပင် မသိလိုက်။

ရုပ်ရှင်ပြန်ကြည့်မိချိန်တွင် ကျော်သူက မိုမိုမြင့်အောင်ကို နှိပ်စက်ဖို့ ကြံစည်နေပြီ။

အချိန်က ညသန်းခေါင်ယံအချိန်၊

မိုမိုမြင့်အောင်တို့ ခြံနောက်ဘက် သစ်ပင်ရိပ်ကြီးကိုကွယ်ရင်း ကျော်သူက ရပ်နေသည်။

မိုမိုမြင့်အောင်က ခြေကိုဖွနင်းရင်း အိမ်ကြီးပေါ်မှ လှေကားထစ်များအတိုင်း တစ်ထစ်ချင်း ဆင်းလာသည်။

စောင့်နေသည့် ကျော်သူကိုတစ်လှည့်၊ ခေါင်းတွင် ပဝါလေးကို ရစ်သိုင်းရင်း အိမ်ပေါ်မှဆင်းလာနေသည့် မို့မို့မြင့်အောင်ကိုတစ်လှည့် ချောက်ချားဖွယ်နောက်ခံတီးလုံးများဖြင့် ရင်ဖိုဖွယ်ဖြစ်အောင် ပြထားသည်။

ပရိသတ်က မို့မို့မြင့်အောင် ကျော်သူ့နောက်သို့ လိုက်သွားဖြစ်၊ မဖြစ် စိတ်ဝင်စားစွာနှင့် တိတ်ဆိတ်စွာ ကြည့်နေကြလေသည်။

မို့မို့မြင့်အောင် ခြံနောက်ဘက်သို့ ရောက်သွားပြီ။

သစ်ပင်ကိုကွယ်၍စောင့်နေသော ကျော်သူက ဆီးကြိုလိုက်သည်။ ကျော်သူ့ရင်ခွင်ထဲသို့ မို့မို့မြင့်အောင် ပြေးဝင်လိုက်သည်။ ချစ်သူနှစ်ဦးသည် ပေါင်းစုံမိသည့်အတွက် စိတ်အေးသွားသလို သက်ပြင်းကိုယ်စီချရင်း ခေတ္တမျှ ဖက်ထားကြ၏။

ပြီးမှ ကျော်သူက 'သွားကြစို့' ဆိုသောအမူအရာပြကာ နှစ်ယောက်သား ခြံအပြင်ဘက်သို့ ထွက်သွားကြတော့သည်။

''ဟော့ ... ရပ်လိုက်ကြစမ်းဗျ'

မမျှော်လင့်ဘဲထွက်ပေါ်လာသော မြင့်နိုင်၏အသံ။

ရှိုင်ဖယ်သေနတ်ကြီးကိုကိုင်ထားသည့် ဦးမြင့်နိုင်ပုံသည် ပိတ်ကားမြင်ကွင်းထဲ၌ ပေါ်လာ၏။

''ဟင်း ... ဟင်း ... ဟင်း ... ဟင်း ...''

ဦးမြင့်နိုင်က သရော်ဟန်ဖြင့် လှပ်ရယ် ရယ်လိုက်သည်။

''ငါ့ကို ဒီလိုကျော်လို့ဘယ်ရမလဲကွာ။ ဟော့ ... သမီး၊ လာခဲ့စမ်း။ ဖေဖေ့ဆီ ပြန်လာခဲ့''

''အို ... ဖေဖေ ... ဖေဖေ၊ သမီးတို့ချစ်ခြင်းကို မခွဲပါနဲ့ ဖေဖေရယ်''

ဦးမြင့်နိုင်က သေနတ်ဖြင့် ကျော်သူ့ကိုချိန်လိုက်သည်။

"လာခဲ့စမ်း သမီး၊ သမီးပြန်မလာရင် ဒီကောင့်ကို ဖေဖေ သေနတ်နဲ့ ပစ်သတ်ရလိမ့်မယ်"

မို့မို့မြင့်အောင်က ချစ်သူ့ရှေ့မှကာလိုက်သည်။

"ပစ်ပါ၊ ပစ်ပါ၊ သမီးကိုပါ ပစ်သတ်လိုက်ပါ ဖေဖေရယ်"

"တောက် ... သမီးမိုက်"

ထိုစဉ် ဒေါ်နွဲ့နွဲ့စမ်း အူယားဖားယားဖြင့် ရောက်ရှိလာသည်။

"ဟင် ... သမီး ... သမီးလေး၊ မိုက်လှချည့်လား သမီးရယ်။ လာခဲ့ ... အခု ပြန်လာခဲ့"

ဒေါ်နွဲ့နွဲ့စမ်းက မို့မို့မြင့်အောင်ကို အတင်းဆွဲခေါ်သည်။ မို့မို့မြင့်အောင်သည် ဒေါ်နွဲ့နွဲ့စမ်း ဆွဲခေါ်ရာနောက်သို့ ပါသွားလေ၏။

"ဟင်း ... နင်လိုကောင်ကများ လူပါးဝလို့၊ နင်လိုကောင်နဲ့ ငါ့သမီးနဲ့ တူသလား တန်သလား တောသားရဲ့။ ငါ့သမီး နုနုထွတ်ထွတ်ကလေးကိုများတော်၊ ထွီ ... မုဆိုးမသား၊ ဆင်းရဲသားကများ ရာရာစစ"

ဒေါ်နွဲ့နွဲ့စမ်းက ကျော်သူကို နှိမ့်ချစွာရန်တွေ့နေဆဲတွင် ဦးမြင့်နိုင်က ကျော်သူ့ရှေ့သို့ရောက်သွားပြီး –

"ကိုယ်နဲ့မတန်မရာကိုမှန်းချင်တဲ့ အောက်တန်းစားကောင် ... ကဲ ကွာ"

ကျော်သူ့မျက်နှာကို ရိုင်ဖယ်သေနတ်ဒင်ဖြင့် ပြတ်ရိုက်ချလိုက်လေသည်။

ကျော်သူ၏ နှာခေါင်းနှင့်ပါးစပ်မှ သွေးများစီးကျလာ၏။

ထို့နောက် ဆက်ပြသော မို့မို့မြင့်အောင်ကို မိဘများက အတင်းဆွဲခေါ်သွားပုံ၊ မို့မို့မြင့်အောင် ရုန်းကန်ပုံ၊ ကျော်သူ ငေးမောကျန်နေခဲ့ပုံများကို ကျွန်တော်ကြည့်ချင်စိတ် မရှိတော့။ ဇာတ်က ရင်နာစရာကြီးမို့ နိမိတ်မကောင်းဘူးလို့ ထင်မိသည်။

ဘုပြည့်စုံထွန်းစာပေ

ကျွန်တော့်စိတ်များသည် ပိတ်ကားပေါ်မှပြတ်တောက်ကာ ဘေးမှ ဝေ့ဆီ ပြန်ရောက်သွားပြန်၏။

ဝေလည်း ရုပ်ရှင်ကားကိုကြည့်ပြီး စိတ်မချမ်းမသာ ဖြစ်နေပုံရသည်။

ကျွန်တော်သည် ဝေ့ပါးလေးကို နမ်းဖို့စိတ်ကူးကို အမြန်အကောင် အထည်ဖော်ဖို့ စိတ်ပြင်းပြလာပြန်၏။

ဝေ့ဘက်ကို ကိုယ်ကို ကိုင်းညွတ်လိုက်သည်။

သနပ်ခါးနံ့လေးက နှာဝမှာ သင်းလာ၏။

တကယ်နမ်းတော့မည်ဆိုတော့ စိတ်ကမရဲပြန်။

ဝေကတော့ ပိတ်ကားရှိရာသို့သာ အကြည့်ကိုစူးစိုက်ထား၏။ ထိုစဉ် ပိတ်ကားပေါ်၌ပြနေသောအခန်းမှာ ဦးမြင့်နိုင်လက်ချက်ကြောင့် ဒဏ်ရာရ ယာသော ကျော်သူကို တင်နီလာဝင်းကပြုစုပေးနေပုံ၊ ဒေါ်စံရှားတင်ကြီးက သားဖြစ်သူအား ဆုံးမစကားပြောနေပုံအခန်း ဖြစ်သည်။

ကျွန်တော်သည် ဒီတစ်ခါတော့ ဝေ့ပါးလေးကိုအရမွှေးမည်ဟု စိတ် ကို အရဲစွန့်လိုက်သည်။

"လာခဲ့စမ်း"

ကျွန်တော့်ရင်ခွင်ထဲမှာရှိနေသော ဝေ့ခန္ဓာကိုယ်သည် ရုတ်တရက် လွတ်ထွက်သွား၏။

မမျှော်လင့်သောအဖြစ်ကြောင့် ကျွန်တော် ကြောင်သွားသည်။

ဝေ့ထံမှလည်း မသဲကွဲသော အာမေဋိတ်သံတစ်ခု ထွက်လာသည်။

အမှောင်ထဲတွင် ဝေ့ကို လူတစ်ယောက်က ခပ်ကြမ်းကြမ်းဆွဲခေါ် လိုက်သည်ကို တွေ့လိုက်၏။

ကျွန်တော်လည်း ထိုင်ရာမှအလန့်တကြားထမိကာ ဝေ့ကိုဆွဲခေါ်သူအား ကြည့်လိုက်သည်။

ကိုအောင်မြတ်ဦး။

ကျွန်တော် လန့်သွားသည်။ ကျွန်တော်တို့ရုပ်ရှင်ကြည့်နေတာကို ကိုအောင်မြတ်ဦး ဘယ်လိုသိသွားသည်မသိ။

ဝေက သူ့အစ်ကို လက်ထဲမှရုန်းကန်နေသည်။

ကိုအောင်မြတ်ဦးက ဝေ့ကို အတင်းဆွဲခေါ်၏။

"လာ ... လိုက်ခဲ့၊ နင် အိမ်ကျသိမယ်။ ဟေ့ကောင် ... မင်းနေခဲ့။ မလိုက်ခဲ့နဲ့"

ကျွန်တော့်ကို ကြိမ်းဝါးရင်း ဝေ့ကို အတင်းဆွဲခေါ်သွားလေသည်။

အဖြစ်အပျက်ကြောင့် ဘေးခုံမှရုပ်ရှင်ကြည့်နေသူများလည်း ရုတ်ရုတ်သဲသဲ ဖြစ်သွားကြသည်။ ကျွန်တော်တို့သုံးယောက်ကို ဝိုင်းကြည့်လာကြသည်။

လူတွေသိသွားလျှင် အရှက်တကွဲဖြစ်သွားမည်စိုး၍ ကျွန်တော် ငြိမ်နေလိုက်သည်။ သူတို့မောင်နှမက ရုံပေါက်ဝအထိပင် ရောက်သွားပါပြီ။

ကျွန်တော် သူတို့နောက်ကို လိုက်ခဲ့သည်။

ကိုအောင်မြတ်ဦးက ဝေ့လက်မောင်းကို အတင်းဆုပ်ညှစ်ခေါ်သွားရာ ဝေ ယက်ကန်ယက်ကန်ပါသွားရပုံကို ကျွန်တော် မြင်နေရသည်။

ရုပ်ရှင်ရုံရှေ့အရောက်တွင် သူတို့နှစ်ယောက်ဆီ ကျွန်တော် မီအောင်ပြေးသွားလိုက်၏။

"ဟေ့ကောင် ... မင်းကိုမလိုက်ခဲ့နဲ့လို့ ပြောထားတယ် မဟုတ်လား။ ခွေးသား၊ မင်းနေခဲ့စမ်း"

"ခင်ဗျား ဝေ့ကိုလွှတ်လိုက်၊ သူ့ဟာသူ အိမ်ပြန်လိမ့်မယ်"

"အောင်မယ် ... မအေပေးက လူပါးဝလို့၊ ကဲကွာ"

ဝေ့ကို လွှတ်ပေးလိုက်ပြီး ကိုအောင်မြတ်ဦးက ကျွန်တော့်ဆီ ပြေးလာကာ လက်သီးနှင့် ဗွတ်ထိုးလိုက်သည်။ ရုတ်တရက်မို့ ကျွန်တော် ခံလိုက်ရ၏။ မျက်နှာတစ်ပြင်လုံး ပူခနဲ ဖြစ်သွားသည်။

ခပ်လှမ်းလှမ်း လက်ဖက်ရည်ဆိုင်မှ လူကြီးသုံးလေးယောက် ကျွန်တော်တို့ဆီ ပြေးလာသည်။

"ဟေး ... ဟေး ... ချာတိတ်တွေ ဘာဖြစ်ကြတာလဲ။ လွန်ကုန်မယ်၊ တော်ကြ ... တော်ကြ"

လူကြီးတွေ ဝိုင်းဝန်းဖျန်ဖြေပေးပြီးနောက် ကိုအောင်မြတ်ဦး၏ စက်ဘီးနောက်ခုံတွင် ဝေ ငိုရှိုက်ရင်း ပါသွားလေသည်။

"မင်းမျက်နှာက သွေးတွေကို သုတ်လိုက်ဦး ကလေး"

လူတစ်ယောက်သတိပေးမှ ကျွန်တော့်နှာခေါင်းထဲမှ သွေးတွေ ထွက်ကျနေတာကို သိလိုက်ရသည်။

* * * * *

အဖြစ်အပျက်က အဲဒါပဲဖြစ်သည်။

ထို့နောက်ပိုင်းမှာ ဝေ့ကို ကျွန်တော်မတွေ့ရတော့။ ယနေ့အထိ မတွေ့ရတော့။ နောက်တစ်နေ့မနက်အစောကြီးမှာ ကိုယ်ပိုင်ကားနှင့် မြို့မှ ထွက်သွားသော ဝေ့ကို နောက်ဆုံးနှုတ်ဆက်ခွင့်ပင် ကျွန်တော် မကြုံခဲ့ရပါ။

ခွဲခွာပြီးနောက်ပိုင်းမှာ ဝေ့ထံမှ စာတစ်စောင်မျှပင် မရခဲ့။ ဝေ့ကို သူ့အိမ်က ချုပ်ချယ်ခဲ့ပုံရသည်။ ဝေ စာမရေးသည့်အတွက် ကျွန်တော်လည်း ဝေ့ထံ မဆက်သွယ်နိုင်။ အခြားသူငယ်ချင်းများထံသို့လည်း ဝေ မဆက်သွယ်ခဲ့ပါ။ ဝေ့လိပ်စာကို သည်မြို့တွင် ကျန်ခဲ့သည့် သူငယ်ချင်းအားလုံး သိခွင့်မရခဲ့ပါချေ။

သို့သော် ကျွန်တော် စိတ်မလျှော့ခဲ့ပါ။

ဆယ်တန်းအောင်ပြီးလို့ ကျွန်တော် တက္ကသိုလ်ဆက်တက်လျှင် တက္ကသိုလ်မှာ ဝေနှင့်ဆုံရလိမ့်မည်ဟု မျှော်လင့်သည်။

ကျွန်တော် ထိုနှစ်မှာပဲ ဆယ်တန်းကိုအောင်ခဲ့ပါသည်။

စစ်ကိုင်းတိုင်းအောင်စာရင်းထဲမှာလည်း ဝေ့အမည်ကို တွေ့ခဲ့သည်။ ထို့ကြောင့် ဝေနှင့် တက္ကသိုလ်မှာဆုံဆည်းကြရမည်ဟု မျှော်လင့်ရပါသည်။

ရန်ကုန်မှ ဦးလေးတစ်ယောက် ကျောင်းထားပေး၍ ကျွန်တော် စီးပွားရေးတက္ကသိုလ်မှာ တက်ခွင့်ရခဲ့ပါသည်။

ကျွန်တော်သည် ရန်ကုန်ရောက်သည့်နေ့မှစ၍ ရှိသမျှ တက္ကသိုလ် ကောလိပ်တွေအားလုံးအနှံ့ ဝေ့ကို လိုက်ရှာခဲ့သည်။ မတွေ့ခဲ့ပါ။

စစ်ကိုင်းက အောင်တာဆိုတော့ ဝေ မန္တလေးတက္ကသိုလ်မှာပဲ ဆက်တက်ခွင့်ရလေသလားဆိုသော အတွေးဖြင့် မန္တလေးတက္ကသိုလ်ရောက် သူငယ်ချင်းများကို စုံစမ်းခိုင်းခဲ့သေးသည်။ အကြောင်းမထူးပါပေ။

ဝေတို့ပြောင်းသွားသည့် စစ်ကိုင်းမြို့ကို လှမ်း၍စုံစမ်းဖို့နည်းလမ်း တစ်ခုသာ ရှိတော့သည်။

စီးပွားရေးတက္ကသိုလ်တက်နေသည့် စစ်ကိုင်းသားသူငယ်ချင်း တစ် ယောက်ကို အပူကပ်ရလေသည်။ ကျောင်းပိတ်ရက် စစ်ကိုင်းအပြန်တွင် ထိုသူငယ်ချင်းက ဝေ့အမည်၊ ဝေ့ဖခင်အမည်၊ ဝေ့အဖေအလုပ်လုပ်သည့် ဌာနအမည်တို့ကို မှတ်သားကာ စုံစမ်းပေးရှာပါသည်။

"ခင်ဗျားကောင်မလေးအဖေ စစ်ကိုင်းမှာ တစ်နှစ်ကျော်ကျော် လောက်ပဲ အလုပ်လုပ်ခဲ့တာတဲ့ဗျ။ ကျန်းမာရေးမကောင်းလို့ ဆေးပင်စင်ယူ လိုက်တယ်တဲ့။ ပင်စင်ယူပြီး တစ်မိသားစုလုံး စစ်ကိုင်းက ထွက်သွားကြ တယ်ဆိုတာပဲ စုံစမ်းလို့ရခဲ့တယ်။ ဘယ်မြို့ကို ပြောင်းသွားတယ်ဆိုတာ တော့ ဘယ်သူ့မှမေးလို့မရဘူး"

ယင်းသို့ဖြင့် ဝေနှင့်ပတ်သက်ပြီး ကွင်းဆက်ပြတ်ခဲ့သည်မှာ ယနေ့ ထက်တိုင် ဖြစ်ပါသည်။

ဘယ်လိုပဲဖြစ်ဖြစ် ဝေ့သစ္စာစကားများကိုတော့ ကျွန်တော် ယုံ ကြည်နေဆဲဖြစ်သည်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်တဲ့ တစ်နေ့

ဆုပြည့်စုံထွန်းစာပေ

ဝေနဲ့စိုးနဲ့ ပြန်ဆုံဆည်းကြမယ်ဆိုတဲ့ ဝေ့စကားတွေကို ကျွန်တော် မမေ့နိုင်ပါ။

ကံကြမ္မာကြောင့် ကွဲကွာနေရပေမဲ့ ကျွန်တော်တို့ သစ္စာမှန်လျှင် တစ်နေ့တော့ ဝေနှင့်ပြန်ဆုံခွင့်ရလိမ့်မည်ဟု ကျွန်တော် ယုံပါသည်။

ခုတော့ ကျွန်တော့်မှာ မလှမပခွဲခွာခဲ့ရသော နောက်ဆုံးမြင်ကွင်း လေးကို မြင်ယောင်ရင်းနှင့်သာ ဝေ့ကို လွမ်းနေရတော့သည်။ သူ့အစ်ကို စက်ဘီးနောက်မှာ ငိုရှိုက်ရင်း သနားစဖွယ်ပါသွားရှာသော ကျွန်တော့်ချစ်သူ ဝေ ...

ဝေရယ် ...

ဝေ့ကို လွမ်းရခြင်းနှင့်အတူ ဝေနှင့်ကြည့်ခဲ့ရသည့် ရုပ်ရှင်ကား သည်လည်း ကျွန်တော့်နှလုံးသားထဲမှာ စွဲထင်၍ကျန်ခဲ့ပါသည်။

**'သစ္စာပန်းတစ်ပွင့်'** တဲ့ ...

ကျော်သူ၊ မို့မို့မြင့်အောင်နှင့် တင်နီလာဝင်းတို့ ပါဝင်သော ထို ဇာတ်ကားကို ကျွန်တော် အဆုံးအထိမကြည့်ခဲ့ရပါ။ အဆုံးအထိ မကြည့် ခဲ့ရခြင်းသည်ပင် ကျွန်တော့်အတွက် တသသ ဖြစ်စရာဖြစ်ခဲ့သည်။

**သစ္စာပန်းတစ်ပွင့်** ၏ ဇာတ်လမ်းလေးက ကျွန်တော်နှင့်ဝေတို့ အဖြစ်အပျက်ကလေးနှင့် ဆင်တူနေတာလည်းပါသည်။

ဇာတ်ကားထဲမှာ ကျော်သူ့နောက်ကို လိုက်ပြေးဖို့စီစဉ်နေတုန်း အိမ်ကမိသွား၍ မို့မို့မြင့်အောင်ကို ပြန်ခေါ်ပြီး ချစ်သူချင်း ခွဲလိုက်ကြ သည်။

အဲဒီနောက်ပိုင်း ဘာဖြစ်သွားကြသလဲ ...

ကျော်သူနှင့်မို့မို့မြင့်အောင် ပေါင်းကြရရဲ့လား။ ဇာတ်အဆုံးအထိ မင်းသားမင်းသမီးပေါင်းမပေးဘဲ ဇာတ်သိမ်းခဲ့လေသလား။ တစ်ဖက်သတ်

ချစ်နေတဲ့ တင်နီလာဝင်းနဲ့ပဲ မင်းသားကို ဇာတ်ပေါင်းပေးလိုက်သလား။ ကျွန်တော် သိချင်လှပါသည်။

ဝေ့ကိုလွမ်းတိုင်း၊ သတိရတိုင်း၊ ဝေ့အကြောင်းတွေးမိတိုင်း ဝေနှင့်တန်းတူ 'သစ္စာပန်းတစ်ပွင့်'သည် ကျွန်တော့်အတွေးထဲ၌ နေရာယူလာတတ်တော့သည်။

ကျွန်တော့်ဘဝအတွက် အထင်ကရဖြစ်နေသော်လည်း ထိုဇာတ်ကားသည် နာမည်ကြီးခဲ့ပုံမရပါ။ ဇာတ်လမ်းအစကိုဖော်ပြော၍ ကြည့်ဖူးသူရှိလေမလား မေးမြန်းကြည့်သည့်အခါတိုင်း ကျေနပ်ဖွယ်အဖြေကို မရခဲ့ပေ။ ရုပ်ရှင်စာအုပ်အဟောင်းများတွင်လည်း ထိုဇာတ်ကားနှင့်ပတ်သက်သည့်ဓာတ်ပုံများ၊ ဆောင်းပါးများကို မတွေ့မိပါ။

မသိရလေ ... သိချင်လေ ...။

ဝေနှင့်ပတ်သက်ပြီး စိတ်မပြတ်သည့်နည်းတူ 'သစ္စာပန်းတစ်ပွင့်'သည်လည်း ကျွန်တော့်အတွက် မပြတ်မသားနှင့် သံယောဇဉ်တွယ်စရာ၊ တသသဖြစ်စရာကြီး ဖြစ်ခဲ့ရတော့သည်။

* * * * *

တက္ကသိုလ်သက်တမ်းတစ်လျှောက်လုံး ဝေ့ကို မျှော်လင့်ခဲ့သော်လည်း မတွေ့ခဲ့။ ဝေ့ကို ဘယ်လိုမျှစုံစမ်းလို့ မရခဲ့ပေ။

သို့သော် ဝေနှင့်ကျွန်တော် တစ်နေ့ပြန်ဆုံဆည်းရမည်ဟု မျှော်လင့်နေမိမြဲ ဖြစ်သည်။

ကျွန်တော်တို့သစ္စာမှန်လျှင် ပြန်လို့ဆုံကိုဆုံရပါဦးမည်။

သည်လိုနှင့် တက္ကသိုလ်ကာလများ လွန်မြောက်ကာ ကျွန်တော်ဘွဲ့ရခဲ့လေသည်။

ကံကောင်းထောက်မ,စွာပင် ကျွန်တော်ဘွဲ့ရချိန်သည် ပြောင်းလဲလာသော စီးပွားရေးစနစ်နှင့်အညီ ကုမ္ပဏီများ၊ ပြင်ပအဖွဲ့အစည်းများသည် ဘွဲ့ရပြီးစ ကျွန်တော်တို့လိုလူငယ်များကို လိုအပ်နေချိန်ဖြစ်နေသည်။

ကျွန်တော်သည် ကျွန်တော်ရထားသော စီးပွားရေးပညာဘွဲ့နှင့် လျော်ညီသည့် ရာထူးတစ်ခုကို ကုမ္ပဏီတစ်ခု၌ ရရှိခဲ့သည်။

သည်လိုနှင့် ကျွန်တော် ရန်ကုန်မှာအခြေချ ဖြစ်ခဲ့လေသည်။

ကျွန်တော်ရထားသော Marketing Assistant ခေါ် လက်ထောက်ဈေးကွက်မန်နေဂျာရာထူးမှာ မြန်မာတစ်နိုင်ငံလုံးကို မကြာခဏ ခရီးထွက်ရသော နေရာမျိုးဖြစ်ပါသည်။

ကျွန်တော်သည် ဈေးကွက်အခြေအနေများ စုံစမ်းစနည်းနာရန် မြန်မာနိုင်ငံအနှံ့ ခြေဆန့်ခဲ့ရသည်။

နေရာအနှံ့ကိုရောက်ရှိသွားလာ၊ လူပေါင်းစုံနှင့် ရင်းနှီးပြောဆိုရသည်နှင့်အတူ ဝေ့သတင်းများကိုလည်း ရောက်လေရာနေရာတိုင်းမှာ ကျွန်တော် စုံစမ်းခဲ့ပါသည်။

ကျွန်တော့်ဇာတိမြို့ကို ပြန်ရောက်သည့်အခါတိုင်းလည်း သူငယ်ချင်းများကို ဝေ့သတင်းများသိလိုသိငြား မေးမြန်းခဲ့သည်။ ဝေသည် မြို့မှ ပြောင်းသွားပြီးကတည်းက တစ်ကြိမ်မျှပင်၊ အလည်အပတ် ပြန်မလာခဲ့ပေ။ ဘယ်သူနဲ့မျှလည်း အဆက်အသွယ်မလုပ်ခဲ့ပါပေ။

မည်သို့ပင်ဆိုစေ ...

ကျွန်တော်၏စိတ်တွင် ဝေ့ကို တစ်နေ့ပြန်တွေ့ရမည်ဆိုသော စိတ်က နိုင်မြဲနေဆဲ။ ကျွန်တော့်အတွက် ဖူးစာရှင်အစစ်မှာ ဝေပဲဖြစ်ရမည် ဆိုသည့်အစွဲကလည်း စွဲမြဲနေဆဲပါပေ။

* * * * *

ဝေ့ကို စွဲလမ်းနေဆဲဖြစ်သည့်အတွက် အချစ်ကိစ္စနှင့် ပတ်သက်ပြီး ကင်းရှင်းနေခဲ့တယ်လို့တော့ ကျွန်တော် မဆိုချင်ပါ။

ကုမ္ပဏီ၏အရာရှိငယ်ဘဝတွင် လုပ်ငန်းခွင်မှာ၊ ပြင်ပမှာ လူပေါင်းစုံနှင့် တွေ့ကြုံဆက်ဆံရသည်နှင့်အတူ အမျိုးသမီးအတော်များများသည်လည်း ကျွန်တော့်ဘဝတွင် ပါဝင်ပတ်သက်ခဲ့ပါလေသည်။

ကျွန်တော့်အသက်အရွယ်၊ ကျွန်တော့်ရာထူးနှင့် လုပ်ပိုင်ခွင့်များသည် မိန်းကလေးများအတွက် အလွယ်တကူ လက်ခံလောက်စရာ အခြေအနေမှာ ရှိခဲ့သည်။ အမျိုးသမီးများအတွက် ဘဝအဖော်အဖြစ်လက်တွဲဖို့ စိတ်ချလက်ချရှိနိုင်သော အနေအထားတွင် ကျွန်တော်ရောက်နေသည်။

မိန်းကလေးအတော်များများနှင့်လည်း ကျွန်တော် ပတ်သက်ခဲ့ပါသည်။ တွဲခဲ့ပါသည်။ သူတို့ဆီက အချစ်စစ်၊ အချစ်မှန်ဖြင့် တုံ့ပြန်မှုများကိုလည်း ရခဲ့ပါသည်။

အရောင်းမြှင့်တင်ရေးအတွက် ဆက်သွယ်ရင်းနှီးခွင့်ရရာမှ သံယောဇဉ်တွယ်ခဲ့ရသော လုပ်ငန်းရှင် မမထား ...

ထုတ်ကုန်ပစ္စည်းတစ်ခု၏ကြော်ငြာရိုက်ကူးရင်း ကြုံဆုံခဲ့ရသည့် ကြော်ငြာမင်းသမီးလေး ထက်အာကာမိုး ...

နိုင်ငံရပ်ခြားသို့အသွား လေယာဉ်ပေါ်တွင် ဆုံဆည်းရင်းနှီးခဲ့ရသည့် ကပြားမလေးစင်သီယာ ...

ဆေးဝါးအသစ်တစ်ခု၏မိတ်ဆက်ပွဲတွင် ကြုံဆုံခဲ့ရသည့် ဆရာဝန်မလေး ဒေါက်တာမြတ်လေးငုံ ...

သူတို့သည် ဘဝတစ်သက်တာလက်တွဲဖော်အဖြစ် ရွေးချယ်လက်ခံနိုင်လောက်သော အဆင့်အတန်းရှိ အမျိုးသမီးများပင်ဖြစ်ပါသည်။

သို့သော် ဝေ့ကိုစွဲလမ်းနေသောစိတ်သည် သူတို့အပေါ် အလေးအနက်မထားမိအောင် ဟန့်တားလျက်ရှိခဲ့သည်။

အခြား ... အခြားသော မိန်းကလေးတို့သည်လည်း ကျွန်တော့်ဘဝထဲသို့ ဝင်လာလိုက်၊ ထွက်သွားလိုက်ဖြင့် ရှိနေခဲ့၏။

စိုး၊ မြတ်၊ နန္ဒာ၊ လှိုင်၊ နိုင်၊ သင်း၊ ကြည်၊ အိန္ဒြာကျော်၊ ဇင်ဇင်ဇော်၊ မြင့် ... စသည့် ချစ်သူလေးများသည် ကျွန်တော့်ရင်ခွင်ထဲတွင် ခေတ္တနားခိုခဲ့ဖူးသူများ၊ ချစ်ခွန်းတုံ့တင်ဖူးသူများ ဖြစ်ခဲ့သည်။

ဝေ့ကို တမ်းတနေသောစိတ်က ဘယ်မိန်းကလေးကိုမျှ စွဲစွဲမြဲမြဲ မငြိတွယ်အောင် ကာဆီးလျက် ရှိခဲ့သည်။ ကျွန်တော့်ရင်ခွင်ထဲသို့ မိန်းကလေးများ ဝင်လာလိုက်၊ ထွက်သွားလိုက်ဖြင့်သာ အချိန်တို့ကုန်လွန်ခဲ့လေသည်။

ဝေ့ကို ကျွန်တော်မျှော်လင့်နေဆဲ ...

* * * * *

ယင်းသို့ဖြင့် အချိန်တို့ တရွေ့ရွေ့ကုန်ဆုံးလာခဲ့ရာ ကျွန်တော့် အသက်သည်လည်း သုံးဆယ်ပြည့်လုနီးကာလသို့ ရောက်ရှိလာခဲ့လေပြီ။

ရာထူးအနေဖြင့်လည်း Marketing Manager ဈေးကွက်မန်နေဂျာ အဖြစ်ဖြင့် ကုမ္ပဏီတွင် အရေးပါအရာရောက်သော အရာရှိတစ်ယောက် ဖြစ်လာခဲ့လေသည်။

ကျွန်တော်၏ဘဝသည် ပြည့်စုံဖူလုံစွာဖြင့် အခြေတကျ ရှိနေခဲ့ပါပြီ။

ကျွန်တော့်အောက်မှ ညီနှင့်ညီမနှစ်ယောက်ပင် အိမ်ထောင်ရက် သားကျကာ သားသမီးများနှင့်ဖြစ်နေကြပြီ။

အမေသည် ကျွန်တော်နှင့် ရန်ကုန်မှာပင် လာနေသည်။

ဖခင်ကြီးကတော့ ကွယ်လွန်သွားခဲ့ပါပြီ။

အမေက အသက်အရွယ်အရ ကျွန်တော့်ကို အိမ်ထောင်ပြုသင့်ပြီ ဖြစ်ကြောင်း သတိပေးသည်။

ကျွန်တော့်အနေနှင့်လည်း ဝေ့အပေါ်ထားခဲ့သောအချစ်သည် လျော့ ပါးသွားပြီ မဆိုနိုင်သော်လည်း ဝေ့ကို မျှော်လင့်ရသောမျှော်လင့်ချက်များမှာမူ တစ်စတစ်စ ပါးလျလာခဲ့လေပြီ။

သဘာဝတရားအတိုင်းကြည့်လျှင် ဝေသည်လည်း ယခုအချိန်မှာ အိမ်ထောင်ရက်သားကျပြီး ဖြစ်ရင်ဖြစ်လိမ့်မည်။

ကျွန်တော်တို့ခွဲခဲ့ရသော နှစ်ကာလသည်လည်း မကြာလှတော့သလို၊ တစ်စတစ်စ ကြီးပြင်းလာရသော ဝေ့အသက်သည်လည်း ငယ်တော့သည် မဟုတ်ပေ။

ဘဝကိုလက်တွေ့ဆန်စွာ ကျင့်သုံးဖို့ အချိန်ရောက်လာပါပြီ။

* * * * *

သည့်အချိန်မှာ ကျွန်တော့်ဘဝထဲသို့ သွယ်သွယ်မျိုး ဝင်ရောက်လာခြင်းပဲ ဖြစ်ပါသည်။

သွယ်သည် ကုမ္ပဏီသို့အတော်နောက်ကျမှ အလုပ်ဝင်လာသော ဝန်ထမ်းတစ်ဦး ဖြစ်သည်။ အစက သွယ်သည် အစိုးရရုံးတစ်ရုံးတွင် လုပ်ခဲ့သေးသည်။ နယ်ပြောင်းရသောကြောင့် အလုပ်မှထွက်လိုက်သည်။ ကျွန်တော်တို့ကုမ္ပဏီသို့ သူငယ်ချင်းဖြစ်သူ မြမြမွန်၏အဆက်အသွယ်ဖြင့် ဝင်လာခဲ့ခြင်း ဖြစ်သည်။

မြမြမွန်က ကျွန်တော့်လက်အောက်က လက်ထောက်စျေးကွက်အရာရှိဖြစ်သည်။ မြမြမွန်နှင့် ကိုရဲမင်းတို့သည် လက်ထပ်ရန်ရည်ရွယ်ထားသည့် ချစ်သူများဖြစ်သည်။

ကိုရဲမင်းက ကုမ္ပဏီတည်ထောင်စကပင် ကျွန်တော်နှင့်အလုပ်အတူဝင်ခဲ့သည့် ဝန်ထမ်းတစ်ဦးဖြစ်ကာ ယခု စီမံရေးရာဌာန၏အရာရှိတစ်ဦးဖြစ်နေပါသည်။

ထိုသို့သောဆက်သွယ်မှုများဖြင့် ကိုရဲမင်း၊ မြမြမွန်နှင့် ကျွန်တော်တို့မှာ ခင်မင်ရင်းနှီးသော လုပ်ကိုင်ဖက်များ ဖြစ်နေကြလေပြီ။

ဥပဒေဘွဲ့ရသွယ်သည် ကိုရဲမင်းလက်အောက်က စီမံရေးရာဌာနတွင် ဥပဒေအကြံပေးအဖြစ် ရာထူးတစ်နေရာရခဲ့သည်။

တွေ့စကပင် သွယ်သွယ်မျိုးသည် ကျွန်တော့်အပေါ်မှာ တိမ်းညွတ်လိုဟန်ရှိကြောင်း ရိပ်မိခဲ့သည်။

ကိုရဲမင်းနှင့်မြမြမွန် အိမ်ထောင်ကျသွားခြင်းက သွယ်နှင့် ကျွန်တော့်ကို ပို၍နီးစပ်စေခဲ့ပါသည်။

ကိုရဲမင်းတို့မင်္ဂလာဆောင်တွင် သွယ်က သတို့သမီးအရံ လုပ်ခဲ့သည်။

"သတိတော့ထားနော်၊ သတို့သား သတို့သမီးအရံ လုပ်တဲ့သူတွေဟာ ဘယ်တော့မှုမစွံတော့ဘူး။ လူပျိုကြီးအပျိုကြီး ဖြစ်တတ်တယ်တဲ့"

သွယ်သွယ်မျိုးကို ဝန်ထမ်းမိန်းကလေးများက ဝိုင်းစ,နေကြသည်။

မင်္ဂလာဆောင်၌ သတို့သမီးအရံ သွယ်သည် တကယ့်သတို့သမီး မြမြမွန်ထက် ပို၍လှနေခဲ့လေသည်။

"စိတ်မပူကြပါနဲ့ဟယ်၊ သွယ့်ကိုအပျိုကြီးမဖြစ်အောင် ကယ်တင်မယ့်သူ ရှိပါတယ်"

မြမြမွန်က ကျွန်တော့်ကိုကြည့်ကာ ရယ်ရယ်မောမောဖြင့် ပြောလိုက်သည်။

ကိုရဲမင်းတို့မင်္ဂလာဆောင်သည့်နေ့မှာပင် သွယ်နှင့်ကျွန်တော် ချစ်သူများ ဖြစ်ခဲ့ကြပါသည်။

* * * * *

ကိုရဲမင်းနှင့်မြမြမွန်တို့က အိမ်ထောင်ကျပြီးနောက် တိုက်ခန်းတစ်ခန်းဝယ်၍ သီးခြားနေကြသည်။

ကိုရဲမင်းတို့အိမ်သည် ကျွန်တော့်အတွက် ဝင်ထွက်နေကျဖြစ်လာသည်။ ရုံးဆင်းချိန်၌ ရုံးနှင့်နီးသော ကိုရဲမင်းတို့တိုက်ခန်းသို့လိုက်သွားကာ ကိုရဲမင်းနှင့်ကျွန်တော် အတူအရက်သောက်ပြီးမှ ပြန်တတ်သည်။

တစ်ခါတစ်ရံ မြမြမွန် လုပ်ပေးသည့် အမြည်းနှင့်ပင် အိမ်မှာစား သောက်တတ်သလို၊ တစ်ခါတစ်ရံတော့လည်း ဘီယာဆိုင်မှာ ထိုင်ဖြစ်လေသည်။ သည်လိုနှင့် ကိုရဲမင်း၊ မြမြမွန်တို့လင်မယားမှာ ကျွန်တော့်အတွက် မိတ်ဆွေရင်းချာများ ဖြစ်ခဲ့ရလေသည်။

သွယ်သည်လည်း မြမြမွန်သူငယ်ချင်းမို့ သူတို့အိမ်သို့ ရင်းနှီးစွာ ဝင်ထွက်သွားလာခဲ့၏။

ကိုရဲမင်းတို့လင်မယားကို အကြောင်းပြုကာ သွယ်နှင့်ကျွန်တော်တို့ချစ်သူဘဝမှာ ပို၍ခိုင်မြဲခဲ့လေသည်။

"ဆရာ ... သွယ်က သိပ်ရိုးတဲ့မိန်းကလေးပါ။ ကျောင်းမှာကတည်းက သူ့မှာ ချစ်သူရည်းစားလည်း မရှိခဲ့ဘူး။ သူတို့အိမ်ကလည်း

သိပ်မြန်မာဆန်တဲ့ မိသားစုပါ။ သွယ်က ဆရာ့ကို တကယ်ပဲ စွဲလမ်းပြီး သိပ်ချစ်နေတာပါ ဆရာ''

မြမြမွန်က ကျွန်တော့်ကို မဝံ့မရဲပြောကြားခဲ့လေသည်။ ကျွန်တော့်ထက် လေးငါးနှစ်ငယ်၍ ကျွန်တော့်လက်ထောက်ဝန်ထမ်းဖြစ်သော မြမြမွန်က ကျွန်တော့်ကို 'ဆရာ'လို့ပဲ ခေါ်ပါသည်။

မြမြမွန်သည် ကျွန်တော် မိန်းကလေးထည်လဲနှင့်တွဲခဲ့တာ၊ မမြဲခဲ့တာတွေကို သိနေမြင်နေ၍ အွယ့်အတွက် သတိပေးခြင်းဖြစ်ပါသည်။

''သွယ့်ကိုရတဲ့လူဟာ ကံကောင်းတဲ့လူ ဖြစ်မှာပါ။ ဆရာလည်း စိတ်ကူးမလွဲနဲ့။ အသက်တွေလည်း မငယ်တော့ဘူးနော် ဆရာ။ အိမ်ထောင်ပြုဖို့လည်း စိတ်ကူးဦး''

''ကျွန်တော် သိပါတယ် မြမြ။ သွယ့်အပေါ်မှာ ကျွန်တော် အလေးအနက်ထားပါတယ်၊ စိတ်ချပါ''

ကိုရဲမင်းကလည်း သွယ်နှင့်ပတ်သက်၍ သွယ့်မိသားစုအပေါ် မျက်နှာပျက်စရာမဖြစ်ချင်ကြောင်း သွယ်ဝိုက်၍ပြောခဲ့ပြန်သည်။

သွယ့်ကို အနီးကပ်လေ့လာကြည့်တော့လည်း သွယ်ကျခြေရတာ၊ ရိုးသားတာ၊ မိန်းကလေးပီသတာ၊ စိတ်ထားမြင့်မြတ်တာတွေကို တွေ့လာရပါသည်။

ကျွန်တော် သွယ့်ကို အိမ်ခေါ်သွားကာ အမေနှင့် တွေ့ပေးလိုက်သည်။

မိန်းကလေးတစ်ယောက်ကို အမေ့ရှေ့ခေါ်သွား၍ မိတ်ဆက်ပေးခြင်းသည် ဤတစ်ကြိမ်ပထမဆုံးအကြိမ် ဖြစ်ပါ၏။

''သွယ်သွယ်မျိုးဆိုတဲ့ မိန်းကလေးက မဆိုးပါဘူး။ သားအိမ်ထောင်ပြုမယ်ဆိုလည်း သူ့လိုမိန်းကလေးက သင့်တော်တယ်။ မင်းအသက်လည်း

မငယ်တော့ဘူး။ သုံးဆယ်ကျော်ပြီ။ မင်း အိမ်ထောင်ကျပြီးမှ အမေလည်း စိတ်ချနိုင်မယ်။ ယူမှာဖြင့် ယူလိုက်တော့ သား"

အမေက တိုက်တွန်းခဲ့သည်။

သွယ့်အိမ်ကိုလည်း ကျွန်တော် ဝင်ထွက်လည်ပတ်ခဲ့ပြီးပါပြီ။ ရိုးသား၍ မြန်မာဆန်သောအိမ်ထောင်စုတစ်ခုပင် ဖြစ်ပါ၏။ မောင်နှမနှစ်ယောက်ထဲရှိသော သွယ့်တွင် အစ်ကိုဖြစ်သူက အိမ်ထောင်ကျပြီး၍ အိမ်ခွဲနေသည်။

ငယ်ရွယ်သောဆယ်ကျော်သက်များ မဟုတ်တော့သည့် ကျွန်တော်နှင့် သွယ်သည် လွတ်လွတ်လပ်လပ်ပင် တွဲသွားတွဲလာ ရှိခဲ့ကြသည်။

သွယ်နှင့် ကျွန်တော်သည် အစစအဆင်ပြေနေသော အနေအထားတွင် ရှိခဲ့ကြလေ၏။

ကုမ္ပဏီအသိုင်းအဝိုင်းတစ်ခုလုံးကလည်း သွယ်နှင့်ကျွန်တော့်ကို မကြာခင်လက်ထပ်မည့် ချစ်သူစုံတွဲများအဖြစ် သတ်မှတ်ပြီးကြလေပြီ။

ကျွန်တော့်အတွက်လည်း ထူးထူးထွေထွေ စဉ်းစားစရာမရှိပါ။ ကျွန်တော့်ကို အနွံအတာခံ၍ချစ်ရှာသော သွယ့်ကို ထာဝရလက်တွဲဖို့ ဆုံးဖြတ်လိုက်ရုံသာရှိလေသည်။

* * * * *

"မောင်က ရည်းစားတွေ အများကြီးထားခဲ့တာဆို"

"ဘယ်သူက ပြောလဲ"

"အို . . . ဒီလိုပဲသိတာပေါ့"

"ရည်းစားတွေ အများကြီးထားတာ မဟုတ်ပါဘူး သွယ်ရယ်။ မောင်က မောင်နဲ့အသင့်တော်ဆုံး မောင်အချစ်ဆုံးဖြစ်မယ့် မိန်းမကို ရွေးရင်း လေ့လာကြည့်ရင်းက တွဲတဲ့သူများခဲ့တာပါ"

"အောင်မယ် . . . ပြောတတ်လိုက်တာ။ ဒီလိုအပြောတွေနဲ့ပဲ အဲဒီ မိန်းကလေးတွေ မောင့်ကိုကြွေခဲ့တာဖြစ်မှာ"

"ထာဝရလက်တွဲမယ်ဆိုတဲ့စကားကိုတော့ ဘယ်သူ့ကိုမှ ကတိ မပေးခဲ့တာ သေချာတယ် သွယ်"

"ဒါဖြင့် သွယ်ကတော့ အဲဒီမိန်းကလေးတွေထက် ဘာများပိုထူးလို့ လက်တွဲဖို့ ကတိပေးရတာလဲ မောင်"

"တခြားသူတွေအတွက် ထူးချင်မှထူးပေမဲ့ မောင့်အတွက်တော့ ထူးခြားလို့ပေါ့ သွယ်ရယ်။ တကယ်တော့ အချစ်ဆိုတာ နှလုံးသားက ဆုံးဖြတ်တာပါ။ ဘယ်လောက်ပဲလှလှ ဘယ်လောက်ပဲ ပြည့်စုံပြည့်စုံ ချစ်တဲ့စိတ် ဖြစ်ချင်မှဖြစ်မယ်လေ။ သွယ့်ကို မောင့်နှလုံးသားနဲ့ ဆုံးဖြတ်လိုက်တာပါ"

"သွယ် ယုံပါရစေမောင်ရယ်"

"သွယ်ကရော၊ မောင့်ကို ဘာနဲ့ဆုံးဖြတ်တာလဲ"

"သွယ့်မှာ မောင့်လိုယှဉ်ပြောစရာမရှိပါဘူး မောင်။ သွယ် ဘယ်ယောက်ျားနဲ့မှ မချစ်ခဲ့ဖူးဘူး။ ဘယ်သူ့မျှလည်း စိတ်မဝင်စားခဲ့ဘူး။ မောင်ဟာ သွယ့်အတွက် ပထမပဲ။ သွယ် မောင့်ကိုချစ်တယ်ဆိုတာပဲ သိတယ်"

"သွယ်ရယ်"

သွယ်သည် ရိုးသားသန့်စင်သော စိန်းကလေးတစ်ယောက်သာ ဖြစ်ပါသည်။

* * * * *

ယခုတော့ ဝေဆိုသည်မှာ ကျွန်တော့်ဘဝအတွက် စိတ်ကူးယဉ် ကမ္ဘာထဲမှာ မင်းသမီးလေးတစ်ပါးအဖြစ်သာ ရှိပါတော့သည်။

သည်လိုဆိုလိုက်လို့ ဝေ့အပေါ်မှာ ကျွန်တော့်အချစ်တွေ လျော့ပါး သွားပြီဟု မထင်မှတ်စေလိုပါ။

ပြန်လည်ဆုံဆည်းရန် မျှော်လင့်ချက်မဲ့ခဲ့ပြီဖြစ်သော ချစ်သူကို တမ်းတနေခြင်းဖြင့် အကြောင်းမထူးတော့တာကို နားလည်လာပြီဟု ဆိုလို ခြင်းသာ ဖြစ်ပါသည်။

ဝေဆိုသည်ကတော့ ကျွန်တော့်နှလုံးသားမှာ ရှိနေဆဲ။ ဝေနှင့်အတူ **'သစ္စာပန်းတစ်ပွင့်'** သည်လည်း ကျွန်တော့်ရင်မှာခိုတွယ်နေဆဲ၊ ဝေကတော့ ကျွန်တော့်အတွက် သစ္စာပန်းတစ်ပွင့် မဖြစ်နိုင်တော့ပေ။ ကျွန်တော့်အတွက် သစ္စာပန်းတစ်ပွင့်ဟာ သွယ်သာလျှင် ဖြစ်လာပေတော့မည်။

ကျွန်တော် လက်တွေ့ဆန်ဆန် ကျင့်သုံးရတော့မည် မဟုတ်ပါလား။

ကျွန်တော့်အသက်လည်း မငယ်တော့ပါ။

စိတ်ကူးယဉ်ကမ္ဘာထဲမှ ထွက်ခွာရတော့မည်။

စိတ်ကူးယဉ်လောကနှင့် လက်တွေ့လောကကို ကျွန်တော် ပိုင်းခြား တတ်ရမည်လေ။

* * * * *

ချစ်သူသက်တမ်း ၂ နှစ်အပြည့်တွင် သွယ့်ကို ကျွန်တော် လက်ထပ်ခွင့်တောင်းခဲ့သည်။

သွယ်က ကြည်ကြည်ဖြူဖြူနှင့် ဝမ်းသာအားရပင် လိုက်လျောခဲ့ပါသည်။

နှစ်ဖက်မိဘများကိုလည်း လက်ထပ်တော့မည့်အကြောင်း ဖွင့်ပြောလိုက်သည်။ ရုံးအသိုင်းအဝိုင်းကိုလည်း ကြေညာလိုက်သည်။

လာမည့် သီတင်းကျွတ်လျှင် သွယ်နှင့် ကျွန်တော် လက်ထပ်ဖို့ စီစဉ်ပြီးပါပြီ။

"သွယ်လေ . . . မောင်နဲ့အတူနေရရင် အရမ်းကိုပျော်မှာ မောင်။ သွယ် မောင့်အပေါ်မှာ အစစတာဝန်ကျေစေရပါမယ် မောင်ရယ်"

သွယ်က ရှေ့ရေးကိုတွေးကာ အပျော်ကြီး ပျော်နေခဲ့လေသည်။

သည်အထိ သွယ်နှင့် ကျွန်တော်တို့ချစ်ခရီးမှာ ဖြောင့်ဖြူးသာယာနေခဲ့ပါသည်။

* * * * *

အစစအဆင်ပြေနေသော သွယ်နှင့်ကျွန်တော်တို့ အနေအထား ကို ခင်မောင်ဇော် ယူဆောင်လာသောသတင်းက ပျက်ယွင်းသွားစေခဲ့ခြင်း ဖြစ်ပါသည်။

ခင်မောင်ဇော်ဆိုသည်မှာ ဝေ ကျွန်တော်တို့ကျောင်းကိုရောက်လာ စဉ်က ဝေ့နာဖည်ကို အဦးဆုံးသိအောင် စုံစမ်းနိုင်ခဲ့သည့် ကျွန်တော့် ငယ်သူ ငယ်ချင်းပဲ ဖြစ်ပါသည်။

ခင်မောင်ဇော်က ယခု မန္တလေးမှာရောက်နေသည်။ NGO အဖွဲ့ တစ်ဖွဲ့တွင် Project Officer စီမံချက်အရာရှိအဖြစ် တာဝန်ယူနေရသူ ဖြစ် သည်။

ရုံးကိစ္စဖြင့် ရန်ကုန်ရောက်တိုင်း ခင်မောင်ဇော် ကျွန်တော့်ဆီ ဝင်လည်တတ်၏။

သည်တစ်ခေါက်တော့ ရန်ကုန်သို့ထွက်မလာမီ မန္တလေးကတည်း က ကျွန်တော့်ထံဖုန်းဆက်ပြီး ထူးခြားသော စကားတစ်ခွန်းကိုပြောခဲ့သည်။

"မနက်ဖြန် ငါ ရန်ကုန်ဆင်းလာခဲ့မယ်။ ဟေ့ကောင် ... မင်း အတွက် ဝမ်းသာစရာ သတင်းတစ်ခုပါလာမယ်"

"ဘာလဲကွ"

"ဒီအတိုင်းဘာယ်ပြောနိုင်မလဲကွ"

"တကယ်ဟုတ်လို့လား ခင်မောင်ဖော်ရာ၊ ဟုတ်ရင်လည်း ဈေးကိုင်မနေပါနဲ့၊ ပြောစမ်းပါ"

"ဟား ... ဟား ... ဟား ... ဒီလောက်တန်ဖိုးကြီးတဲ့ သတင်းကို ဒီတိုင်းပြောလို့ဘယ်ဖြစ်မလဲကွ။ ဒီမယ် ... ပေါ့ကောင်၊ မနက်ဖြန်မနက် ငါ ရန်ကုန်ရောက်မယ်။ ငါ့ကိစ္စတွေပြီးရင် မင်း ရုံးကို ရုံးဆင်းအမီလာခဲ့မယ်။ ဘီယာဆိုင်ကျမှ ပြောကြတာပေါ့ကွာ"

"မင်းကို ဘီယာတိုက်နေကျပါ သူငယ်ချင်းရာ။ တိုက်မှာပါ။ ပြောစရာရှိတာ ခုပြောစမ်းပါ"

"မပြောဘူးကွာ၊ မနက်ဖြန်ညနေအထိ စောင့်၊ ဒါပဲ"

တစ်ဖက်က ဖုန်းချသွားသည်။

ကျွန်တော့်စိတ်ထဲမှာ ကသိကအောက်ဖြစ်၍ကျန်ခဲ့၏။ အကြောင်းမထူးဘဲနဲ့တော့ ခင်မောင်ဖော်နောက်နေတာ မဖြစ်နိုင်၊ ဘာသတင်းထူးပါလိမ့်။

အဲသည်တုန်းက ခင်မောင်ဖော် ယူဆောင်လာမည့်သတင်းသည် ဝေနှင့်ပတ်သက်မည်ဟု ကျွန်တော် မထင်မှတ်ခဲ့ပါ။

မောင်မင်းကြီးသားက ဘီယာနှင့်အကင်ဆိုင်ကိုခေါ်သွားပြီး ကောင်းကောင်းပြုစုတာတောင် ချက်ချင်းမပြောသေးဘဲ ဈေးကိုင်နေလိုက်သေးသည်။

အနည်းငယ် ရီဝေနေချိန်ရောက်မှ သူက စကားစ၏။

"မင်း ဝေလွင့်ကို သတိရသေးလား"

"ဟင်"

မမျှော်လင့်သောစကားကြောင့် သောက်ရန်ရွယ်ထားသော ဘီယာခွက်ကို စားပွဲပေါ်ပြန်ချလိုက်မိသည်။ ဘီယာများ စားပွဲပေါ်ဖိတ်စဉ်သွားလေ၏။

"ဝေလွင်လေ၊ မင့်ငယ်ချစ်ဦးကြီး ဝေလွင်"

"ဘယ်လိုပြောလိုက်တာလဲ သူငယ်ချင်း။ ငါ့ရင်ထဲမှာ ဝေ အမြဲရှိနေတာ မင်းအသိဆုံးပါကွာ"

"စိတ်မကုန်သေးဘူးပေါ့"

"ဘာလို့မေးတာလဲ ခင်မောင်ဇော်"

"ငါ ဝေလွင်နဲ့တွေ့တယ်ကွ"

"တကယ် ... တကယ်လား ခင်မောင်ဇော်။ ဘယ်မှာ တွေ့တာလဲ၊ ဘယ်မှာတွေ့တာလဲဟေ"

"အေးအေးဆေးဆေးမေးပါဟာ၊ အေး ... မင်း ဝေလွင်နဲ့ ပတ်သက်ပြီး တုန်လှုပ်နေသေးတယ်ဆိုရင် ငါသတင်းပေးရကျိုးနပ်ပါပြီ။ ဝေလွင်လည်း ဝမ်းသာမှာပဲ"

"မြန်မြန်ပြောပါကွာ"

"ပြီးခဲ့တဲ့အပတ်က ပြင်ဦးလွင်မှာတွေ့တာကွ"

"ဒါနဲ့များကွာ၊ ငါ့ကိုဖုန်းဆက်ပြီးပြောရောပေါ့၊ ခုမှပြောရလား"

"နားထောင်ပါဦး စိုးဦးရာ၊ မင်းတို့နှစ်ယောက်ကလည်း တူလိုက်တာ၊ ဝေလွင်လည်း မင်းလိုပဲ။ ငါ့ကိုတွေ့တော့ မင်းအကြောင်း မေးလိုက်တာ အငမ်းမရပဲ"

"ဟုတ်လား"

"ဝေလွင် အိမ်ထောင်မကျသေးဘူးကွ"

"ဟင်"

"မင်းကို တောင်းပန်ခိုင်းလိုက်ပါတယ်။ မြို့ကထွက်သွားပြီးနောက်ပိုင်း မင်းကိုစာရေးချင်ပေမဲ့ သူ့အိမ်ကချုပ်ချယ်လွန်းလို့ မရေးနိုင်ခဲ့ဘူးတဲ့။ သူငယ်ချင်းတွေဆီကိုတောင် သူ့အိမ်က စာရေးခွင့်မပေးဘူးတဲ့ကွာ။ နှစ်တွေ ကြာလာတော့ သူ မင်းကိုမဆက်သွယ်ရဲတော့ဘူးတဲ့။ အဲဒါလည်း

တခြားကြောင့် မဟုတ်ဘူး။ မင်းမှာ အချစ်သစ်တွေဘာတွေ ရှိနေမှာစိုးလို့။ သူဘွဲ့ရပြီးနောက်ပိုင်းမှာ လွတ်လပ်ခဲ့ပါတယ်။ မင်းနဲ့ဆက်သွယ်ချင်ရင် ရပါပြီတဲ့။ ဒါပေမဲ့ ခုနပြောသလိုပေါ့ကွာ။ မင်းက သူ့ကိုစိတ်မဝင်စားတော့တဲ့ အချိန်မျိုးဖြစ်နေမှာ ကြောက်လို့ မဆက်သွယ်တော့တာပါတဲ့"

"မင်းက ပြောမပြဘူးလား"

"သူက မိန်းကလေးလေကွာ၊ ယောကျ်ားလေးတစ်ယောက်က နှစ်ပေါင်းများစွာ စွဲလမ်းနေလိမ့်မယ်လို့ တထစ်ချ ဘယ်ယုံရဲမလဲ"

"တက္ကသိုလ်တွေအနှံ့ ငါစုံစမ်းခဲ့တဲ့အကြောင်း မင်းသိသားပဲ။ နောက်ဆုံး စစ်ကိုင်းက သူ့အဖေ အလုပ်လုပ်သွားတဲ့ ရုံးအထိအောင် စုံစမ်းခဲ့သေးတယ်လေ"

"အဲဒါတွေ ငါအကုန်ပြောပြလိုက်ပါတယ်။ သူလည်း တော်တော်ခံစားသွားရတယ်။ ငါတို့စုံစမ်းတာက ရန်ကုန်က တက္ကသိုလ်တွေနဲ့ မန္တလေး တက္ကသိုလ်ကိုသာ စုံစမ်းတာကိုးကွ။ တို့မျက်စိရှမ်းသွားတာက ပျဉ်းမနားက ရေဆင်းတက္ကသိုလ်လေ"

"ဟင်"

"ဝေလွင်က တိ/ကုတက္ကသိုလ်တက်ခွင့်ရခဲ့တာကိုး။ အခု ... သူက တိရစ္ဆာန်ဆေးကုဆရာဝန်လေ၊ ငါနဲ့တွေ့ရပုံကလည်း ..."

ခင်မောင်ဇော်တို့ NGO အဖွဲ့မှာ လူမှုရေးအထောက်အပံ့ပေးသော အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။ စိုက်ပျိုးရေး မွေးမြူရေးအတွက် ရင်းနှီးငွေ မ,တည်ပေးခြင်းမှာလည်း စီမံချက်လုပ်ငန်းတစ်ခုဖြစ်သည်။ ပြင်ဦးလွင်ရှိ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းရှင်များအတွက်လည်း ရင်းနှီးငွေများ အတိုးမဲ့ ထုတ်ပေးထားခဲ့သည်။

ယခင်အပတ်က ခင်မောင်ဇော်သည် တာဝန်အရ ပြင်ဦးလွင်သို့ သွားရောက်ခဲ့လေသည်။ ချေးငွေရယူထားသော ကိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စစ်ဆေးရန်အတွက် ဖြစ်သည်။

မွေးမြူရေးလုပ်ငန်းမှ တိရစ္ဆာန်များကို ဆေးကုသပေးရန်အတွက် ပြင်ဦးလွင်ရှိ တိရစ္ဆာန်ဆေးကုဆရာဝန်တစ်ယောက်ကို ငှားခဲ့သည်။ ထိုဆရာဝန်မှာ ဒေါက်တာဝေလွင်ဆိုသော 'ကျွန်တော့် ... ဝေ' ဖြစ်နေလေသည်။

"ဟာ ... မဝေလွင်၊ ဝေလွင် မဟုတ်လားဟင်"

"အို ... ခင်မောင်ဇော် ... ခင်မောင်ဇော်နော်၊ ခင်မောင်ဇော် ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ... မဝေလွင်၊ မဝေလွင်က ပြင်ဦးလွင်ရောက် နေတာကိုး"

"စိုး ... ကိုစိုးဦးရောဟင်၊ ကိုခင်မောင်ဇော်က အခု ..."

"ကျွန်တော်က ဒီအဖွဲ့က ပရောဂျက်အော့ဖစ်ဆာပါ။ စိုးဦး ရှိပါတယ် မဝေ။ သူ မဝေကို လိုက်စုံစမ်းနေခဲ့တာ၊ တော်တော်ကြာပြီ"

ဝေလွင်၏မျက်နှာသည် အံ့ဩမှုဖြင့် ပျက်ယွင်းသွားသလို၊ တစ်ဆက်တည်းမှာပင် ကျေနပ်မှုဖြင့် နှစ်သိမ့်ဟန်များ ပေါ်လွင်သွားလေ၏။

အလုပ်တွေပြီးတော့ ခင်မောင်ဇော်နှင့်ဝေတို့ အေးအေးဆေးဆေး စကားပြောဖြစ်ကြသည်။

"ဒက်ဒီကတော့ ဆုံးသွားပြီ။ စစ်ကိုင်းမှာကတည်းက ကျန်းမာရေး မကောင်းတော့လို့ အသက်မပြည့်သေးဘဲ ဆေးပင်စင်ယူလိုက်ရတယ်။ ဒက်ဒီ ပင်စင်ယူပြီးတာနဲ့ ဝေတို့ ဒီပြင်ဦးလွင်မှာအခြေချလိုက်တာ ကိုခင်မောင်ဇော်။ အခု မာမီနဲ့ပဲ နေတယ်"

"မဝေအစ်ကို ကိုအောင်မြတ်ဦးရော"

"ကိုကိုက ဆယ်တန်းမအောင်ခဲ့ဖူးလေ၊ ဒက်ဒီရှိတုန်းကတည်းက နိုင်ငံခြားသင်္ဘောပေါ် တင်ပေးလိုက်တယ်။ ခုတော့ နိုင်ငံခြားမှာပဲနေပြီး တခြားအလုပ်လုပ်နေတယ်။ အိမ်ထောင်လည်း ကျနေပြီ"

"မဝေက တိ/ကုဆိုတော့ ပျဉ်းမနားမှာ ကျောင်းဆက်တက်ခဲ့တာ ပေါ့နော်။ စိုးဦးက မန္တလေးတက္ကသိုလ်အထိ စုံစမ်းခဲ့ပါသေးတယ်။ နယ် ကောလိပ်တွေတောင် မကျန်ဘူး။ သူ မဝေကို တော်တော်ရှာခဲ့ပါတယ်"

"ဖြစ်ရလေ ခင်မောင်ဇော်ရယ်၊ ဝေကလေ ... ခွဲရတာ ကြာတော့ သူလည်း မေ့ရင်မေ့လောက်ပါပြီဆိုပြီး ... "

ဝေက ပြောရင်း ခေါင်းငုံ့သွားလေသည်။

"မင်း ရှာတယ်ဆိုတာပြောလိုက်တော့ သူတော်တော် စိတ်မကောင်း ဖြစ်သွားတယ်။ ယူကျုံးမရလည်း ဖြစ်သွားပုံပဲ၊ ဖြစ်ချင်တော့ သူကျောင်း တက်တဲ့ နှစ်မှာ ရေဆင်းတက္ကသိုလ်ကို ဖိုမြို့ကကျောင်းသားတစ်ယောက် မျှ ရောက်မသွားဘူး။ သူ့ဘက်က မေးမြန်းဖို့ လူမရှိဖြစ်နေတာပေါ့။ မိန်း ကလေးဆိုတော့လည်း မင်းလောက်တော့ ကျယ်ကျယ်ပြန့်ပြန့် မစုံစမ်းနိုင် ဘူးပေါ့ကွာ"

"ဝေက ငါ့အတွက် စာလေးတစ်စောင်မျှ ရေးမပေးလိုက်ဖူးလား ကွာ"

"လိပ်စာပေးလိုက်ပါတယ်၊ မင်းကို ဆက်ဆက်ပေးပေးပါတဲ့။ စာ လည်း ရေးလိုက်ပါတဲ့"

ခင်မောင်ဇော်က သူ့အိတ်ထဲက လိပ်စာရေးထားသော စာရွက် လေးကို ထုတ်ပေးသည်။

စာရွက်ပေါ်မှ ဝေ့လက်ရေးလေးများကိုမြင်ရုံနှင့် ကျွန်တော်မှတ်မိလိုက်ပါသည်။

"ဟော့ကောင် ... ချင့်ချင့်ချိန်ချိန်လည်း လုပ်ဦးနော်။ ဒီမှာလည်း မင်းကောင်မလေးနဲ့ ယူတော့မယ့် အခြေအနေ မဟုတ်လား"

"တစ်ကယ္လွစ်ပါကွာ"

"တော်ကြာ ... ပြဿနာရှုပ်ကုန်ရင် ငါတရားခံဖြစ်မှာစိုးလို့ပါ။ မင်းတို့နှစ်ယောက်ကတော့ တကယ်တူတယ်ဟော့။ ဟိုတစ်ယောက်ကလည်း မင်း အိမ်ထောင်မကျသေးဘူး လူပျိုဘဝပဲ ရှိပါသေးတယ်ဆိုတော့ ဝမ်းသာသွားလိုက်ပုံများ ဣန္ဒြေတောင် မဆောင်နိုင်ဘူး။ ဟား ... ဟား ... ဟား ဟော့ကောင်၊ မင်း ဝေက လှတုန်းပဲကွ။ ငယ်ငယ်ကထက်တောင် ပိုလှလာသေးတယ်၊ အသက်ကြီးမှပိုလှလာတာ၊ သိလား"

* * * * *

စိုး ...

ရေးလိုက်တဲ့ စာကိုရတယ်၊

ဘယ်လိုဝမ်းသာမှန်း မသိဘူး စိုးရယ် ...

ဝေ့အပေါ်မှာ အရင်လို စိတ်ဝင်စားတုန်းပဲဆိုလို့ ကျေးဇူးတင်ပါတယ်။ ဝေလည်း စိုးကို ဘယ်တုန်းကမျှ မေ့မရဘူးဆိုတာ ယုံပါစိုး။

အကြောင်းအမျိုးမျိုးကြောင့် အဆက်ပြတ်ခဲ့ရပေမဲ့ ဝေ့ရင်မှာ စိုး အမြဲရှိနေပါတယ်။ စိုးကို ဆက်သွယ်ချင်ပေမဲ့ ဝေကမိန်းကလေးလည်း ဖြစ်နေ၊ စိုး ဘက်ကသဘောထားပြောင်း မပြောင်းကိုလည်း မသိရလို့ စိတ်ကိုထိန်းချုပ်ထားတာ ကြာပါပြီ စိုးရယ် ...

ဝေလေ ... မရှက်တမ်းဝန်ခံရရင် ဝေ့နှလုံးသားထဲမှာ စိုးကလွဲပြီး ဘယ်သူ့ကိုမျှ နေရာမပေးနိုင်ခဲ့ဘူး။ တစ်နေ့မှာ စိုးနဲ့ ပြန်ဆုံရလိမ့်မယ်လို့လည်း ယုံနေမိတယ်။

ဝေ့ရဲ့သစ္စာမှန်ရင် ပြန်ဆုံရပါစေလို့လည်း ဆုတောင်းမိတယ်စိုး။ ခုတော့ ဝေ့သစ္စာ မှန်ခဲ့လို့ စိုးနဲ့ပြန်တွေ့ရတော့မှာပေါ့နော်။

စိုးရယ် ... စာနဲ့ရေးပြရုံနဲ့ ဝေ့ခံစားချက်တွေ ပြည့်စုံမှာ မဟုတ်ဘူး။ စိုးနဲ့တွေ့ချင်လှပါပြီ။

ဝေ့ထံမှစာများသည် ကျွန်တော့်နှလုံးသားကို တစ်ဖန် ပြန်လည် လန်းဆန်းစေခဲ့သည်။ ရင့်ကျက်တည်ငြိမ်စပြုနေသော အသက်အရွယ်နှင့် မလိုက်ဖက်အောင် ကျွန်တော့်ရင်တွေ လှုပ်ရှားခဲ့ရသည်။

တကယ်တော့လည်း ဝေနှင့်ပတ်သက်လျှင် ကျွန်တော်သည် လူမှု ပေါက်အရွယ်ခံစားမှုမျှသာ ရှိသေးသည်ဟု ဆိုနိုင်၏။ ရင်ခုန်လှုပ်ရှားတတ် ခါစကာလမှာ ချစ်ခဲ့ရသောအချစ်ဦးနှင့် ထိုကာလမှာပင် ခွဲခွာခဲ့ရသည်။ ကွဲကွာနေခဲ့သော ၁၅ နှစ်တာကာလကို ကျွန်တော်တို့ဘဝထဲမှ ဖယ်ထုတ် ပစ်ရပါမည်။

လူချင်းမတွေ့မမြင်ရသဖြင့် ကျွန်တော်နှင့်ဝေတို့၏ အချစ်ခံစားမှု မှာ လွန်ခဲ့သော ၁၅ နှစ်တာကာလကအတိုင်း ရပ်တန့်နေခဲ့သည်ဟု ဆိုနိုင် သည်။ သည့်တော့လည်း ဝေ့စာတွေကိုဖတ်ရတိုင်း ဆယ်ကျော်သက်ကလေး လို စိတ်လှုပ်ရှားရတာ ကျွန်တော့်အလွန်မဟုတ်တော့ဘူး ထင်သည်။

ဝေနှင့် ပြန်လည်ဆက်သွယ်ခွင့်ရချိန်မှစ၍ သွယ့်အပေါ်ဆက်ဆံ ရေးတွေ အေးစက်ခဲ့တာကိုလည်း ကျွန်တော်ဝန်ခံပါသည်။

သွယ့်ကိုအချစ်လျော့သွားခြင်း မဟုတ်ပါ။ စိတ်မဝင်စားတော့ခြင်း လည်း မဟုတ်ပါ။

ဝေနှင့်သွယ်သည် ကျွန်တော့်အတွက် တစ်ကဏ္ဍစီသာဖြစ်သည်။ နှိုင်းယှဉ်စရာမလိုသော သီးခြားမိန်းမနှစ်ဦးသာ ဖြစ်ပါသည်။

ဖြစ်နေတာက နှစ်ရှည်လများ စောင့်စားမျှော်လင့်ခဲ့ရသည့်ဝေ့ကို မထင်မှတ်ဘဲ ပြန်လည်ဆက်သွယ်ခွင့်ရသည်။ သည့်အတွက် ... ကျွန်တော့် စိတ်တွေလှုပ်ရှားနေသည်။ ပျော်နေသည်။ အဲဒီခံစားချက်တွေက လက်ရှိ တွဲနေသော သွယ့်အပေါ် သွေးအေးစေခဲ့ခြင်းပဲ ဖြစ်ပါသည်။

အဲဒါကြောင့်လည်း ...

ဆုပြည့်စုံထွန်းစာပေ

"မောင်က ခုတလောတစ်မျိုးပဲကွယ်"

ဆိုသည့် သံသယစကားကို သွယ်က ပြောခဲ့ခြင်းဖြစ်ပါသည်။

သွယ်နှင့် တွဲခဲ့သည့်ကာလသည် သုံးနှစ်မျှရှိခဲ့ပြီ။ သွယ်သည် အချိန်မရွေး ကျွန်တော့်စိတ်တိုင်းကျ တွဲသွားတွဲလာခွင့်ပေးထားသော ကျွန်တော့်အပေါ် အရိပ်တကြည့်ကြည့်ချစ်နေသူဖြစ်သည်။ ဒါကြောင့်လည်း သွယ်မှာ ကျွန်တော့်အဖို့ ဆန်းသစ်မှုလျော့ပါးနေသော ချစ်သူလည်းဖြစ်ပါ၏။

ဝေကတော့ အချစ်ဦးဆိုသည့်တိုင် သူ့ဆီက ချစ်အဖြေရပြီးပြီးချင်းမှာပင် ခွဲခဲ့ရသူလည်း ဖြစ်သည်။ ပြီးတော့ ဝေ့လက်ကလေးကိုသာ ကိုင်ရုံကိုင်ခဲ့ဖူးပြီး ဝေ့ပါးကလေး မွှေးဖို့အခွင့်အရေးကိုပင် မရခဲ့သော အနေအထားမဟုတ်ပါလား။

သည်တော့လည်း ဝေ့ကို တသသဖြစ်နေမိတာ မဆန်းပါ။

* * * * *

ဝေ့ထံမှရောက်လာသော ဒုတိယမြောက်စာက ကျွန်တော့်ကို အတိတ်ဖြစ်ရပ်များပြန်၍ သတိရစေကာ ငယ်မူပြန်သည်ထိ အတိတ်ကို လည်ပြန်လွမ်းသွားစေခဲ့ပါသည်။

စာအိတ်ကိုဖွင့်လိုက်သည်နှင့် စာရွက်ပိုင်းလေး ၂ ခု ထွက်ကျလာခဲ့သည်။

ဝေသည် စာနှင့်အတူ ကျွန်တော်ငယ်ငယ်က သူ့အော်တိုထဲတွင် ရေးပေးခဲ့သောစာမျက်နှာ ၂ ခုကို မိတ္တူကူးပေးလိုက်ခြင်းဖြစ်သည်။

တစ်ရွက်က အော်တိုစာအုပ်ရှေ့ဆုံးစာမျက်နှာတွင် ပန်းစာလုံးဖြင့် ကျွန်တော်ပုံဖော်ပေးခဲ့သော ဝေလွင် ဆိုသည့် နာမည်လေး။ ထိုနာမည်စာလုံးလေးအထက်၌ ...

*'အမှတ်တရထက် အမှတ်ရစေဖို့*

*အမှတ်တရစာစုလေးတွေ*

*ရေးပေးကြနော် ...''*

*ဝေလွင်*

ဆုပြည့်စုံထွန်းစာပေ

ဆိုသည့် ဝေ့လက်ရေးကလေးကလည်း ပါလာပါသေးသည်။

နောက်တစ်ရွက်က အော်တိုထဲတွင် ကျွန်တော်ရေးပေးခဲ့သည့် အမှတ်တရစာစုလေး။

*'ဝေ့အတွက်ဆို ...*

*ဘာပဲလိုလို*

*ဘာပဲလုပ်ပေးရ ပေးရ ...*

*ဝေ လိုသမျှ အကူအညီတွေကို*

*အမြဲဖြည့်ဆည်းပေးပါ့မယ် ...*

*ဝေ့ကို ထာဝရပါရမီဖြည့်ချင်တဲ့*

စိုးဦး'

ဝေက ကျွန်တော်နှင့်ပတ်သက်သော အမှတ်ရစရာများကို ယခုထိ သိမ်းထားဆဲဖြစ်ကြောင်း သက်သေပြလိုက်လေပြီ။

လွန်ခဲ့သောဆယ့်ငါးနှစ်က အော်တိုစာအုပ်ထဲတွင် ကျွန်တော် ရေးပေးခဲ့သော အမှတ်တရစာစုကလေးကိုကြည့်ရင်း ကျွန်တော့်တစ်ဘဝလုံး အတိတ်သို့ ပြန်ရောက်သွားရလေသည်။

ကျွန်တော်သည် ရင်ခုန်တတ်ခါစ ဆယ်ကျော်သက်လူငယ်လေး တစ်ယောက် ပြန်ဖြစ်သွားခဲ့သည်။

ဝေနှင့် ပြောခဲ့ဆိုခဲ့ဆက်ဆံခဲ့ဖူးသည့် အတိတ်ဖြစ်ရပ်အားလုံးကို ကျွန်တော့်အတွေးထဲတွင် ရုပ်လုံးကြွထင်မြင်ယောင်လာလေသည်။

* * * * *

*ကျွန်တော်သည် ဝေပေးလိုက်သော အော်တိုစာအုပ်ကလေးကို ကိုင်ကာ ဘာရေးရမှန်းမသိပဲ တွေဝေနေခဲ့သည်။*

*ကျွန်တော်သည် ဝေ့အော်တိုထဲတွင် ဘာရေးရမှန်း မသိ၊ စာသား ရှိုးရိုးကြီးတွေလည်း မရေးလို၊ သူတကာထက် ထူးခြားတဲ့စကားလုံးမျိုးလည်း*

တွေးမရနှင့် အော်တိုစာအုပ်ကလေးကိုကိုင်ရင်း တွေဝေနေလေသည်။

သည်လိုနှင့် ကျွန်တော်သည် အော်တိုစာအုပ်ကလေး၏ ရှေ့ဆုံးစာမျက်နှာကိုလှန်ကြည့်လိုက်ရာ ... ဝေ့လက်ရေးဖြင့် ...

'အမှတ်တရထက် အမှတ်ရစေဖို့
အမှတ်တရစာစုလေးတွေ
ရေးပေးကြနော် ...'

ဝေလွင်

ဟု လက်မှတ်ထိုးပြီး ရေးထားသောစာသားလေးကို တွေ့လိုက်ရသည်။

ဝေ့လက်မှတ်နှင့် စာသားအောက်တွင် စာမျက်နှာ ထက်ဝက်ခန့်မှာ အလွတ်အတိုင်း ရှိနေလေသည်။

ကျွန်တော်သည် လွတ်နေသောစာမျက်နှာအောက်ပိုင်း၌ ဝေလွင်ဆိုသောအမည်ကို ပန်းချီစာလုံးဖြင့် ရေးခြယ်နေမိလေသည်။

ဘောပင်အပြာဖြင့် ဝေလွင့်အမည်ကို ပန်းစာလုံးပုံဖော်ကာ ဘေးမှ ဘောပင်အနီဖြင့် အရောင်ထပ်၍ ခြယ်လိုက်သည်။ ဝေလွင် ဆိုသော နာမည်လေးသည် ကျွန်တော် ရေးခြယ်လိုက်သောပန်းစာလုံးပုံနှင့် လိုက်ဖက်စွာ နှစ်ရောင်စပ်ဖြင့် လှပစွာချယ်မှုန်းပြီးသွားလေသည်။

ထိုညက ကျွန်တော်သည် ဝေ့အော်တိုစာအုပ်ကလေးကို အဖြန့်ဖြန့်အလှန်လှန် လှန်လှောဖတ်ရှုပြီး ပန်းချီစာလုံးဖြင့် ဝေ့နာမည်ရေးဆွဲသည်နှင့်သာ အချိန်ကုန်သွားရလေသည်။ အော်တိုထဲ၌ရေးသားရန်စာသားများ စိတ်ကူးထဲတွင် ပေါ်မလာ၍ မရေးဖြစ်ခဲ့သေးပေ။

* * * * *

နောက်နှစ်ရက်အကြာတွင် ဝေက သူ့အော်တိုစာအုပ်ကို ကျွန်တော့်ထံမှပြန်တောင်းသည်ထိ ကျွန်တော်အော်တိုမရေးရသေးပါ။

"မရေးရသေးဘူး ဝေ"

"ဟင် ... စိုးဦးကလည်း၊ အော်တိုရေးတာ ဘာများခက်လို့လဲကွာ"

"သူများတွေထက် ပိုပြီးထူးထူးခြားခြားရေးချင်လို့ စဉ်းစားနေတာပါဝေ"

"အလို ... ကဲ ... ဒီလိုဆိုလည်း အပြောင်မြောက်ဆုံးဖြစ် အောင်ရေးပြလိုက်စမ်းပါ စိုးဦးရယ်"

ကျွန်တော်သည် နှစ်ရက်၊ သုံးရက် အချိန်ကုန်ခံလိုက်မှပင် ဝေ့အော်တိုစာအုပ်ထဲ၌ သုံးလေးကြောင်းစာ စာသားလေး တစ်ပိုဒ်ကိုရေးနိုင်ခဲ့လေသည်။

အော်တိုစာအုပ်ကို ဝေ့ဆီပြန်ပေးတော့ လှန်ဖတ်မည်ပြင်နေသော ဝေ့ကို ကျွန်တော်က ဟန့်တားလိုက်သည်။

"အိမ်ကျမှဖတ်ပါဝေရယ်"

ကျွန်တော်ရေးထားတဲ့စာကို ကျွန်တော့်ရှေ့မှာ ဖတ်ကြည့်မှာကို ကျွန်တော် ရှက်နေသည်။

တကယ်တော့ ကဗျာစပ်ပေးရကောင်းနိုးဖြင့် ကဗျာစာသားတွေလည်း တစ်ပိုင်းတစ်စရေးခြစ်၊ နှုရွသည် ပြောင်မြောက်သည်ထင်သော စာသားများကိုလည်း ရွေးချယ်စဉ်းစားရင်း စာရွက်လွတ်ပေါင်းများစွာ ကုန်ခဲ့ရသော ကျွန်တော်သည် ... တကယ်တမ်း ရေးလိုက်သည့်အခါတွင်တော့ ဘာမျှမဆန်းကြယ်သော စာပိုဒ်လေးတစ်ခုသာ ထွက်လာခဲ့ပါသည်။

"ဝေ့အတွက်ဆို ...

ဘာပဲလိုလို
ဘာပဲလုပ်ပေးရ ပေးရ ...
ဝေလိုသမျှအကျအညီတွေကို
အမြဲကြည့်ထည့်ပေးမှာပါမယ် ...
ဝေ့ကို ထာဝရယ်ပါရမီကြည့်ချင်တဲ့
စိုးဦး

* * *

သည်လိုနှင့် ရှစ်တန်းစာမေးပွဲကြီး ပြီးဆုံးသွားလေသည်။

နွေရာသီကျောင်းပိတ်ရက်တွင် ဝေ့ကို ကျွန်တော် မတွေ့ရပါ။ ဝေတို့မောင်နှမနှစ်ယောက်စလုံး ရန်ကုန်မှာသွားနေကြသည်ဟု သတင်းကြားရသည်။

ကိုးတန်းနှစ်အတွက် ကျောင်းပြန်ဖွင့်သည့်နေ့မှပင် ဝေ့ကိုပြန်တွေ့ရတော့သည်။

"ပေား ... စိုး"

ဝေက ကျွန်တော့်ကိုမြင်မြင်ချင်း ပြေးလာကာ ဝမ်းသာအားရ ခေါ်လိုက်သည်။

"စိုးကိုပေးဖို့ ဝေ့မှာ လက်ဆောင်ပါလာတယ်"

ဝေကပြောပြောဆိုဆို လွယ်အိတ်ထဲမှ အထုပ်တစ်ထုပ်ကို ဆွဲယူလိုက်၏။

ကျွန်တော့်လက်ထဲကမ်းပေးလို့ စက္ကူအိတ်ကိုလှပ်ကြည့်လိုက်သည့်အခါ ချုပ်ပြီးသားကျောင်းဝတ်ပုဆိုးတစ်ထည်ကို တွေ့လိုက်ရလေသည်။

"ဟင် ... ဝေ ဘာဖြစ်လို့"

ကျောင်းစိမ်းပုဆိုးအသစ်ကလေးကိုကြည့်ကာ ကျွန်တော်ဝတ်ထားသော ပုဆိုးဟောင်းလေး၏နိမ့်ချာမှုအတွက် ရှက်သွားမိလေသည်။ ကျွန်တော်ဝတ်ထားသောပုဆိုးမှာ မနှစ်ကဝတ်ခဲ့သော ပုဆိုးပင် ဖြစ်ပါသည်။ ကျွန်တော့်မှာ လဲဝတ်စရာပုဆိုးနှစ်ထည်ပဲ ရှိသည်။

ဒါကိုသိလို့များ ဝေက ကျွန်တော့်ကို လက်ဆောင်ပေးလေသလား။

"ဝေက စိုးကို လက်ဆောင်ပေးတာလေ"

"ဘာလို့ပေးရတာလဲ ဝေရယ်"

"စိုးက ဝေ့ကိုကူညီတယ်လေ၊ စာအုပ်တွေပေးငှားတယ်၊ စာတွေလည်း ကူးပေးတယ် မဟုတ်လား"

"အဲဒါ ... စေတနာသန့်သန့်နဲ့ကူညီတာပါ။ လက်ဆောင် မျှော်ကိုးလို့ မဟုတ်ပါဘူး ဝေ"

"သိပါတယ်၊ စိုး ကူညီလို့ ဝေ စာတွေလိုက်နိုင်တာ။ သိပ္ပံဘာသာတွဲနဲ့အောင်တာ။ မာမီကလည်း စိုးကိုလက်ဆောင်ပေးခိုင်းတယ်"

"ဟင်"

"အဲဒါ ... ဝေ ရန်ကုန်ကဝယ်လာတာ"

"ဝေရယ်"

* * * * *

ဝေနှင့်ကျွန်တော့်ကြားမှာ အဟန့်အတားဟူ၍ တစ်ခုသာရှိသည်။ ထိုတစ်ခုကား ... ဝေ့အစ်ကို ကိုအောင်မြတ်ဦး ဖြစ်ပါသည်။

တစ်နေ့ ... ကျောင်းမုန့်စားဆင်းချိန်တွင် သူက ကျွန်တော့်ကို လာရန်လုပ်လေသည်။

"ဟေ့ကောင် ... နေဦး"

နောက်မှခေါ်သံကြောင့် ကျွန်တော်လှည့်ကြည့်လိုက်တော့ ကိုအောင်မြတ်ဦး ဖြစ်နေသည်။

ကျွန်တော် ရပ်စောင့်နေလိုက်သည်။

"မင်းက ဘာကောင်လဲကွ"

စပြောကတည်းက မပြေပြစ်သောစကားဖြင့် စသည်။

"မင်းကို ငါ ကြည့်မရဘူး၊ ဟောကောင်"

"ဘာ"

ကျွန်တော် ဒေါသထောင်းခနဲ ထွက်သွားသည်။ ဝေ့အစ်ကိုဆိုသော အသိဖြင့် စိတ်ကိုထိန်းလိုက်ရ၏။

"မင်း ငါ့ညီမနဲ့မတွဲနဲ့၊ ငါ့ညီမနဲ့ မင်းနဲ့ ဘာမှမဆိုင်ဘူး။ မင်းလိုဆင်းရဲသားနဲ့ မတူမတန်ဘူး၊ နားလည်လား"

"မင်း ... ဝေလွင်နဲ့ဆက်ပြီး ပတ်သက်ရရင် ပတ်သက်ကြည့်၊ ငါနဲ့တွေ့မယ်။ ဒီမယ် ... ဒါကိုကြည့်ထား"

* * * * *

စနေနေ့ကျောင်းပိတ်ရက်တွင် မမျှော်လင့်ဘဲ ကျွန်တော်တို့ အိမ်အထိ ဝေရောက်လာခဲ့သည်။

ကြက်များကို အစာကျွေးနေသော ကျွန်တော်သည် ...

"ဒါ ... စိုးဦးတို့အိမ်လားဟင် ဒေါ်ဒေါ်"

ဆိုသော မေးသံကိုကြားလိုက်သောကြောင့် အိမ်ရှေ့သို့ ပြေးထွက်လာခဲ့လေသည်။ ဝေ့အသံကိုမှတ်မိလိုက်၍ အံ့လည်း အံ့ဩသွားမိသည်။

"ဟာ ... ဝေ"

* * * * *

"ဒီနားပတ်နား စက်ဘီးစီးမယ်လို့ပြောပြီး ထွက်လာခဲ့တာပေါ့။စိုးဦး အလုပ်ပြီးပြီလားဟင်"

"ပြီးပါပြီ"

"ဝေ့ကို ဒီနားက လွမ်းစေတီဆိုတာကို လိုက်ပို့ပေးပါလား"

"လွမ်းစေတီက ဟိုးချောင်ထဲမှာ"

"ရှုခင်းလှတယ်ဆိုလို့ပါ"

"ဝေ သွားချင်ပို့ပေးပါ့မယ်ဗျာ၊ ဒါဆို ... ကျွန်တော် တစ်လက်စ တည်း ရေချိုးလိုက်ဦးမယ်နော်"

"အိုးလေ၊ ဝေစောင့်နေမယ်"

* * * * *

လွမ်းစေတီကိုရောက်တော့ ဝေက စေတီကိုဦးချရှုံချသည်။ ကျွန်တော့်ဘက်သို့လှည့်ကာ ဝေက ပြောလေသည်။

"ဝေလာတာ စိုးဦးကို တောင်းပန်ချင်လို့ပါ"

"ဗျာ"

"ဟိုတစ်နေ့က ကိုကိုက စိုးဦးကို ရန်စတယ်ဆို"

"ဪ ... ဒါလား၊ ကိစ္စမရှိပါဘူး ဝေ၊ သူပြောတာတွေလည်း မှန်သားပဲ။ အစ်ကိုတစ်ယောက်အနေနဲ့ပြောတာ ပြောပါစေ"

"ဟင် ... ကိုကိုက စိုးဦးကို ဘာတွေပြောသွားလို့လဲဟင်၊ ဝေ့ကို ပြောစမ်းပါ"

"ကျွန်တော်က ဆင်းရဲသားတဲ့၊ ဝေနဲ့မတူမတန်ဘူးတဲ့၊ ကျွန်တော့်ကို ဝေနဲ့ကင်းကင်းနေပါတဲ့"

"အို"

"ကိုအောင်မြတ်ဦး ပြောတာတွေ မှန်ပါတယ် ဝေ၊ ကျွန်တော်တို့က ဆင်းရဲသားတွေပါ၊ ဝေ အခုမြင်ခဲ့ပြီပဲ"

"စိုးဦး ... အဲဒါနဲ့ဘာဆိုင်လဲ၊ ဝေ့မှာ ဒါတွေမရှိဘူး၊ စိုးဦးကို ခင်တာပဲရှိတယ်။ ဝေ့ကို စိုးဦးကူညီခဲ့တာတွေအတွက်လည်း ဝေက ကျေးဇူးတင်နေတာ။ ဆင်းရဲတာချမ်းသာတာ လူနဲ့ဘာမှမဆိုင်ပါဘူး။ စိုးဦးက လူငယ်ပဲ၊ ယောကျ်ားလေးပဲ၊ အခုဆင်းရဲပေမဲ့ ကိုယ့်ခြေထောက်ပေါ်ကိုယ်ရပ်တည်တဲ့အခါကျ ချမ်းသာမှာပေါ့"

"ဘာပဲဖြစ်ဖြစ်လေ၊ ကိုအောင်မြတ်ဦးကလည်း အစ်ကိုတစ်ယောက်ဆိုတော့ သူ့ညီမအတွက် ပြောပိုင်ခွင့်ရှိတာပေါ့"

"ဝေတောင်းပန်ပါတယ် စိုးဦး၊ ကိုကို့အစား ဝေကပဲ တောင်းပန်ပါတယ်။ ကိုကိုကလေ ဘွားဘွားက မြေးဦးဆိုပြီး အလိုလိုက်ထားလို့ ဆိုးချင်တိုင်းဆိုးနေတာ"

"ကျွန်တော်စကတည်းက စိတ်မဆိုးပါဘူး ဝေရယ်"

"စိုးဦးက သဘောထားကြီးတယ်နော်။ ဝေလေ ကိုကိုပြောတာတွေအတွက် တောင်းပန်ချင်လို့ သက်သက်လာခဲ့တာ"

"ဩော် ... ဝေရယ်"

* * * * *

ဝေကား လူငယ်ထုကြားတွင် ရေပန်းစားလှသော အလှနတ်မိမယ်တစ်ပါးပါတကား။

ဝေ့ကိုကျွန်တော့်နည်းတူ နှစ်သက်နေသူတွေ မနည်းမနော ရှိနေကြောင်း ထိုအဖြစ်က သက်သေပြလိုက်လေသည်။

ကျွန်တော့်ရင်တွေ ပူလောင်လာသည်။

ဝေ့နှလုံးသားတွင် အခြားသူတစ်ယောက်ရှိနေမှာကို ကျွန်တော်စိုးရိမ်လာသည်။

လတ်တလောအခြေအနေတွင် ကျွန်တော်သည် ဝေနှင့် အရင်းနှီးဆုံးနှင့် အနီးကပ်ဆုံးနေခွင့်ရသူဖြစ်သည်။ ဝေနှင့် သည့်လောက် အနေနီးစပ်ပြီးမှ ဝေ တခြားသူတစ်ယောက်ကိုချစ်လိုက်လျှင် ကျွန်တော် ခံနိုင်ရည်ရှိပါမည်လား။

ကျွန်တော်ချစ်နေကြောင်းကို ဝေသိအောင် တရားဝင် ဖွင့်ပြောသင့်သလား။

ခင်မောင်ဇော်နှင့် အခြားသူငယ်ချင်းများကလည်း ကျွန်တော့်ကို မြှောက်ပေးခဲ့လေသည်။

"မင်း စဉ်းစားနော်၊ ခုအချိန်မှာ ဝေက မင်းကိုအရမ်း ဖေဖာပေးနေတာ၊ မင်းကျွန်ရစ်ဖြစ်နေမယ် ပေ့ကောင်"

"ဟုတ်တယ်၊ ဝေ့ကို လိုက်နေတဲ့ကောင်တွေက နည်းတာ မဟုတ်ဘူး"

* * * * *

ကျွန်တော်သည် အနန္တဆုံး၊ အလှပဆုံးစာလုံးများကို တန်ဆာဆင်ကာ ဝေ့ကိုပေးဖို့ ရည်းစားစာတစ်စောင်ကို သုံးညအချိန်ကုန်ခံ၍ ရေးခဲ့လေသည်။

"အဲဒီ ... အဲဒီထဲမှာ စာ ... စာတစ်စောင်ပါတယ်ဝေ၊ ဖတ်ကြည့်၊ အိမ်ရောက်မှ ဖတ်ကြည့်နော်"

ကျွန်တော့်အသံများ သိသိသာသာ တုန်ယင်နေပါသည်။

* * * * *

တစ်ညလုံး ကျွန်တော်အိပ်မပျော်တော့။

ဒီအချိန်ဆိုရင် ဝေ ကျွန်တော့် စာကိုဖတ်နေပေရော့မည်။ ဝေ စိတ်ဆိုးမှာလား။ ကျွန်တော့်ကိုများ ရန်တွေ့မလား။

ဆုပြည့်စုံထွန်းစာပေ

သည့်လိုမှမဟုတ်လျှင် ဝေ ကျွန်တော့်ကို ချစ်တယ်လို့အဖြေပေးမှာလား။ အဖြေပေးရင်ကော စာပြန်ရေးပြီးပေးမှာလား။ နှုတ်နှင့် ဖြေမှာလား။

ကျွန်တော်သည် အမျိုးမျိုးစဉ်းစားရင်း ဘယ်လူညာလိုမှဖြင့် အိပ်မပျော်နိုင်အောင် ဖြစ်နေရလေသည်။

နောက်တစ်နေ့ ကျောင်းအသွားတွင် ကျွန်တော်၏ အထင်အမြင်များ အားလုံးလွဲမှားသွားသည်ကို ကြုံရလေသည်။

"ဝေတို့က ငယ်ငယ်လေး ရှိသေးတာပဲ စိုးရယ်၊ ဝေ့ကို အဲ့လိုစကားမျိုး မပေးပါနဲ့"

"မဟုတ်ဘူး ဝေ၊ ကျွန်တော် ဝေ့ကို . . ."

"အဲ့လိုစကားမျိုးလည်း မပြောပါနဲ့ဦး စိုး။ ဝေတို့က ခုမှ ဆယ်တန်းပဲ ရှိသေးတာ၊ ဝေတို့အရွယ်က ရည်းစားထားရမယ့်အရွယ်မှ မဟုတ်သေးတာ"

"ဒါပေမဲ့"

"ဘာဖြစ်လဲ"

"ဝေ့ကို . . . ဝေ့ကို . . . ကျွန်တော်"

"ချစ်တယ်ပေါ့ ဟုတ်လား"

"ဟုတ်ပါတယ်"

"ဝေ ယုံပါတယ် စိုး။ စိုး ဝေ့ကိုချစ်နေတာလည်း သိပါတယ်။ ဒါပေမဲ့ ဝေတို့ ရည်းစားလိုတော့ မနေချင်သေးဘူးဟယ်"

"ကျွန်တော် ဘယ်လိုနားလည်ရတော့မှာလဲ ဝေ"

"ကျောင်းနေတုန်းမှာ ဝေ ရည်းစားမထားချင်ဘူး။ ဆယ်တန်းအောင်ပြီးမှထားမယ်။ အဲ့ဒီကျမှထားမယ့် ဝေ့ရဲ့ရည်းစားကလည်း စိုးပဲဖြစ်မှာ

ပါ။ စိုးဝေ့ကိုချစ်တယ်ဆိုတာ ဝေ ယုံတယ်။ အခုတော့ ဒီစကားတွေ မပြော ကြေး။ ဆယ်တန်းအောင်မှ တစ်ခါထပ်ပြောနော်"

"ဝေရယ်၊ အခုပြောရတာက ဝေ့ကိုစိုးရိမ်လို့ပါ။ ဝေ့ကို စိတ်ဝင်စား နေတဲ့လူတွေက များတယ်လေ"

"စိုး . . . တို့နဲ့အနီးကပ်အဖြစ်ဆုံး စိုးက ရည်းစားစာ ပေးတာကို တောင် ဝေငြင်းနေတာလေ။ ဝေ့ကို ဘယ်သူတွေက ဘယ်လောက်စိတ်ဝင် စားစား၊ ဝေက ပညာသင်တုန်းမှာ အချစ်ရေးကို စဉ်းစားမှာကိုမဟုတ်ဘူး"

"ဒါဖြင့် . . ."

"မစိုးရိမ်ပါနဲ့ စိုးရယ်၊ ဝေပြောပြီလေ၊ ဆယ်တန်းအောင်တဲ့ အချိန် ကျ ဝေ့ကို ရည်းစားစကားတစ်ခါထပ်ပြောပါလို့၊ အဲ့ဒီကျတော့ ဝေ အဖြေ ပေးမှာပါလို့၊ စိတ်ချပါ စိုး။ ဝေ ပေးမယ့်အဖြေကလည်း စိုးကို ချစ်တယ် ဆိုတဲ့ အဖြေမျိုးပဲဖြစ်မှာပါ"

* * * * *

ဝေမိတ္တူကူးပေးလိုက်သော စာရွက်ပိုင်းလေး ၂ ခုကို ကြည့်ရင်း အတိတ်ဖြစ်ရပ်များက အသစ်သဖွယ်ပြန်လည် ထင်ဟပ်လာခဲ့လေသည်။

စိုးရေ . . .

ဝေ မိတ္တူကူးပေးလိုက်တဲ့ စာရွက်ကလေး နှစ်ရွက်ကိုမြင်တာနဲ့ ငယ်ငယ်က စိုးရဲ့လက်ရေးလေးတွေဆိုတာ စိုးမှတ်မိမှာပေါ့။

ပြီးတော့ စိုးနဲ့ပတ်သက်တဲ့ ပစ္စည်းပစ္စယလေးတွေအားလုံးကို အသေးအဖွဲကအစ ဝေ သိမ်းထားတယ်ဆိုတာ ယုံစေချင်လို့ပါ။

ဝေ့မှာလေ ၈ တန်းနှစ်က စိုး ကူးပေးထားတဲ့ မှတ်စုစာအုပ် ကလေးတွေတောင် ခုထိရှိတုန်းပဲ၊ သိလား။ အမှတ်တရ သိမ်းထား တာလေ။ စိုးနဲ့ ပြန်ဆုံမှ သက်သေပြရဦးမယ်။

ဆုပြည့်စုံထွန်းစာပေ

စိုးရေ … ဝေလေ … စိုးနဲ့ပြန်ဆက်သွယ်ခွင့်ရတော့ ငယ်ငယ်ကအကြောင်းလေးကို ပြန်ပြီး သတိရမိတယ်ကွယ်။ နေ့ရှိသရွေ့ ငယ်ငယ်ကအကြောင်းတွေပဲ တွေးနေမိတော့တာပဲ။

ကိုကိုက စိုးကိုရန်စတာတွေ၊ စိုးအိမ်ကို ဝေ လာလည်တာတွေ ရောပေါ့။ ဪ … စိုးရေ ကိုကိုတစ်ယောက်တော့ လူကြီးဖြစ်သွားလို့ အရင်လိုလူဆိုးကြီး မဟုတ်တော့ပါဘူးဟယ်၊ သူလည်း နိုင်ငံခြားမှာ အတွေ့အကြုံ စုံလို့ ရင့်ကျက်နေပါပြီ။

ဟိုတလောက စာရေးတုန်းကတောင် 'မိဝေ … နင် မငယ်တော့ဘူးနော်။ အိမ်ထောင်ပြုရင် ပြုပါတော့လား'' တဲ့။ သူက တိုက်တွန်းနေတာ။

ငယ်ငယ်တုန်းကများ။ ဒီလိုစကားမျိုး ပြောပါလိမ့်မယ်နော်၊ ညီမအနားကပ်တဲ့သူမှန်သမျှကို ရန်လုပ်နေတာ။

စိုး ဆုံချင်လှပြီကွယ်။

ဝေ မာမီ့ကို ဖွင့်ပြောလိုက်တော့မယ်။

ဝေတို့ဆုံဖို့ကိစ္စ စီစဉ်ပါဦး၊

စိုးရေ … သစ္စာပန်းတစ်ပွင့်ဆိုတဲ့ ရုပ်ရှင် ဇာတ်ကားကိုရော သတိရသေးရဲ့လား။

ဝေဟာ စိုးရဲ့ သစ္စာရှိသော ပန်းကလေးတစ်ပွင့်ပါကွယ် …

ဝေ၏စာများက ကျွန်တော့်နှလုံးသားကို ငယ်မူပြန်စေကာ လန်းဆန်းတက်ကြွစေခဲ့ပါလေသည်။

* * * * *

"ပန်းခြံထဲကို ခဏဝင်ချင်တယ် မောင်"

ရုံးဖွင့်သည့်နေ့တိုင်း ရုံးအတက်တွင် သွယ့်အိမ်သို့ ဝင်ခေါ်လေ့ရှိသလို၊ ရုံးအဆင်းတွင်လည်း အိမ်အထိ ကျွန်တော် လိုက်ပို့တတ်ပါသည်။

သည်နေ့တော့ သွယ်က ပန်းခြံထဲဝင်ချင်တယ်ဆို၍ မဟာဗန္ဓုလ ပန်းခြံထဲသို့ရောက်သွားကြလေသည်။

လူရှင်းသည့်ထိုင်ခုံအထိ ဦးဆောင်သွားနေသည့်သွယ့်တွင် ကျွန်တော့်ကို ပြောစရာတစ်ခုခု ရှိနေပြီ ထင်ပါသည်။

သွယ်က ထိုင်ခုံတစ်ခုတွင် ဝင်ထိုင်လိုက်သည်။

"မောင် ... ထိုင်လေ"

"သွယ် ... မောင့်ကို ဘာပြောစရာရှိလို့လဲ"

"ပေးစရာတစ်ခုရှိလို့ပါ မောင်"

သွယ်က လက်ဆွဲခြင်းထဲက တစ်စုံတစ်ခုကို ဆွဲထုတ်လိုက်သည်။ သွယ့်လက်ထဲတွင် နိုင်ငံခြားဖြစ်စာအိတ်တစ်လုံး ပါလာလေသည်။

စာအိတ်နှင့် စာအိတ်ပေါ်မှလက်ရေးကို မြင်လိုက်သည်တွင် ကျွန်တော့်မျက်လုံးတွေ ပြာဝေသွားရတော့သည်။

ဝေ ကျွန်တော့်ဆီစာရေးတိုင်း သုံးနေကျ စာအိတ်အပြာနှင့် စာအိတ်ပေါ်မှ ဝေ့လက်ရေး။ ဝေက စာရေးတိုင်း ရုံးလိပ်စာနှင့်သာ ထည့်တတ်သည်။

"စာခွက်ထဲမှာတွေ့လို့ သွယ်ယူလာတာ။ မောင့်စာဆိုတော့ သွယ်နဲ့လည်း ဆိုင်တယ်လို့မှတ်ပြီး ဖတ်မိတယ် မောင်"

"သွယ်"

ရုံးလိပ်စာဖြင့် ရောက်လာသော ကိုယ်ရေးကိုယ်တာစာများကို ဝင်စာဌာနမှရွေး၍ စာထည့်ခွက်တစ်ခုထဲ ထည့်ပေးထားတတ်မါသည်။ သက်ဆိုင်သူက စာခွက်ထဲတွင် ရှာယူရုံသာဖြစ်သည်။ ဝေပို့လိုက်သောစာကို သွယ်က ကျွန်တော့်အတွက် ယူလာခဲ့ခြင်းဖြစ်ပါသည်။

"သွယ့်ကို ခွင့်လွှတ်ပါ၊ သူများရဲ့ပုဂ္ဂိုလ်ရေးစာကို သွယ်မဖတ်သင့်ပါဘူး။ မောင်ကတော့ သွယ်နဲ့လက်ထပ်ဖို့ထိအောင် နားလည်မှုရပြီးသားဆိုတော့ သွယ် သိသင့်တယ်ထင်ပြီး ဖတ်လိုက်မိတာပါ။ ရော့ ... မောင့်စာ"

သွယ် ကမ်းပေးသည့် စာအိတ်ကလေးကိုကြည့်ပြီး ကျွန်တော် ကြောင်နေမိသည်။

"ယူပါ မောင်၊ ဒီစာရေးတဲ့ အမျိုးသမီးက မောင့်ငယ်ရည်းစားပေါ့နော်။ သွယ့်ထက် အချိန်အများကြီးစောပြီး ချစ်ခဲ့တဲ့ မောင့်ချစ်သူပေါ့။ ဟုတ်လား မောင်"

ပြောရင်း သွယ့်အသံတွေ တုန်လာပြီး မျက်ရည်ကျလာသည်။

"မငိုပါနဲ့ သွယ်ရယ်"

ဆုပြည့်စုံထွန်းစာပေ

"အို ... မောင်တစ်မျိုးမထင်ပါနဲ့။ သွယ့်ဘဝသွယ် ဝမ်းနည်းပြီး မျက်ရည်ကျမိတာပါ။ မောင့်ကို မျက်ရည်ခံထိုးနေတာ မဟုတ်ပါဘူး မောင်။ မောင် ပစ်သွားရင် သွယ့်ဘာသာသွယ် ကြိတ်မှိတ်ပြီး ခံစားမယ်။ ကိုယ့်ဘက် ပါလာအောင်တော့ သွယ်ဘယ်တော့မှ မျက်ရည်ခံမထိုးဘူး မောင်"

"သွယ့်စိတ်ဓာတ်ကို မောင်နားလည်ပါတယ်။ အခုကိစ္စက မောင့်ကြောင့် ဖြစ်ရတာပါ၊ မောင်မကောင်းတာပါ"

သွယ်မျက်ရည်များကို သုတ်ပစ်ရင်း ခေါင်းခါသည်။

"မောင် မကောင်းတာ မဟုတ်ပါဘူး။ မောင်လည်း ကောင်းတယ်၊ ဝေဆိုတဲ့ အမျိုးသမီးလည်း ကောင်းပါတယ်၊ မကောင်းတာက သွယ့်ကံပါ"

"သွယ်ရာ"

"စာကိုဖတ်ကြည့်တာနဲ့ မောင်တို့အခြေအနေကို နားလည်လိုက်ပါပြီ မောင်။ အဲဒီတော့ မောင် ပြတ်သားရတော့မယ်"

"ဟင်"

"ဟုတ်တယ်လေ၊ ဟိုတစ်ယောက်ကိုလည်း အဆက်မပြတ်နိုင်၊ သွယ့်ကိုလည်း ကတိတွေပေးထားပြီး လေ့နှံနှစ်ဖက်နင်းချင်နေလို့ရမလား မောင်။ မောင်ပြတ်ပြတ်သားသား ဆုံးဖြတ်ရမှာပေါ့"

"မောင် အဲဒီအထိ မစဉ်းစားရသေးပါဘူး သွယ်ရာ"

"ဘာ ... ဒီမယ် မောင်၊ သွယ်ရော ... ဝေဆိုတဲ့ အမျိုးသမီးရောပဲ မိန်းမပေါ့၊ မိန်းမပျက်တွေ မဟုတ်ဘူး မောင်ရဲ့။ မောင်က အလေးအနက် မစဉ်းစားဘဲနဲ့ သွယ်တို့နှစ်ယောက်ကို ဘယ်လိုသဘောနဲ့ ဆက်ဆံနေတာလဲ ... ကဲ ..."

"သွယ့်ကို မောင်လက်ထပ်မယ်လို့ ကတိပေးထားတယ်လေ"

"အဟင်း ...ဟင်း ... အဲဒါက ဝေနဲ့မောင် ပြန်အဆက်မရခင်က ပေးခဲ့တဲ့ကတိလေ။ သွယ် ရှင်းရှင်းပဲမေးပါ့မယ်၊ အခုအချိန်မှာ သွယ်နဲ့ဝေ နှစ်ယောက်ထဲက တစ်ယောက်ကိုပဲ ရွေးဆိုရင် မောင် ဘယ်သူ့ကို ရွေးမလဲ၊ ဘယ်သူ့ကိုလက်ထပ်မလဲ"

" ... ... ... ..."

"မောင် မဖြေနိုင်တော့ဘူး မဟုတ်လား။ စဉ်းစားပါဦး မောင်။ မောင့်အနေနဲ့ မဆုံးဖြတ်လို့လည်း မရတော့ပါဘူး။ အဲဒီစာကို ဖတ်ကြည့်လေ။ ဧကလည်း မောင့်အဖြေကိုစောင်းဆိုထားတာ တွေ့လိမ့်မယ်။ မောင် တွေဝေနေလို့ မရတော့ပါဘူး။ သွယ်ကတော့ စကားအကုန်ပြောလိုက်မယ် မောင်။ မောင်ဆုံး ဖြတ်ချင်သလိုဆုံးဖြတ်ပါ၊ မောင်ရွေးချင်တဲ့သူကို ရွေးပါ၊ သွယ် ကျေနပ်ပါ့မယ်။ သွယ့်ကို ငဲ့ညှာစဉ်းစားမနေပါနဲ့။ မောင့်နှလုံးသားနဲ့ တကယ်ပိုချစ်နိုင်မယ့်သူ၊ မောင်နဲ့တစ်သက်လုံး လက်တွဲနိုင်မယ်လို့ ထင်တဲ့ သူကိုသာ မောင်ရွေးလိုက်ပါ။ သွယ်နဲ့ပေါင်းနေပြီးမှ တခြားမိန်းမတစ်ယောက် ကို တမ်းတနေတဲ့ အဖြစ်မျိုးကိုတော့ သွယ် မလိုလားဘူး။ သွယ့်သဘော က ဒါပါပဲ"

* * * * *

စိုး –

ဝေတို့အနှစ်နှစ်အလလက မျှော်လင့်ခဲ့ကြတဲ့ ပြန်ဆုံကြဖို့ အခွင့်အရေးကတော့ ပေါ်လာပြီ စိုးရေ ..

စိုးကို ချစ်ပါဇာယ်လို့အဖြေပေးပြီး ပြန်ဆုံဆည်းကြဖို့ ကတိတွေကိုလည်း အထပ်ထပ်ပေးခဲ့တယ်နော်။ အဲဒါဟာ ၁၅ နှစ်မက တောင် ကြာခဲ့ပါရောလား စိုးရယ် ..

ခုချိန်ထိ မဆုံကြရသေးတာကတော့ ဝေ့ဘက်က လိုအပ်ချက်ပါ။ ဝေလေ ... ညကတစ်ညလုံး စိုးနဲ့ခွဲရခါနီး မြနန္ဒာရုံကြီးမှာ ရုပ်ရှင်ကြည့်ခဲ့တာတွေကို ပြန်တွေးနေမိတယ်။

ဝေတို့ကြည့်ခဲ့တဲ့ကားက **'သစ္စာပန်းတစ်ပွင့်'** နော်။ အဲဒါ ဝေတို့အတွက် နိမိတ်ပါပဲ။ ဝေရော စိုးရော သစ္စာမှန်ကြလို့ ဝေတို့ ပြန်ဆုံကြရတော့မယ်လေ။

ပြင်ဦးလွင်ထိအောင် စိုးမလာခဲ့နဲ့ဦး။ ကြားထဲမှာ အစီအစဉ် တစ်ခုဖြစ်သွားလို့။ ဝေ့မာမီရယ်၊ အဒေါ်တစ်ယောက်ရယ် ဒီနှစ်နွေမှာ ပုဂံကိုဘုရားဖူးသွားကြမယ်လေ။ အဲဒါ ဝေလိုက်ပို့ရမယ်။

ဝေတို့ မေလ ၁၂ ရက်နေ့ ပြင်ဦးလွင်က ထွက်ကြမယ်။ ၁၃ ရက်နေ့ည မိတ္ထီလာမှာ တစ်ညအိပ်မယ် စိုး။ ဝန်ဇင်းဟိုတယ်မှာ အိပ်ဖို့စီစဉ်ထားတယ်။

အဲဒီတော့ မေလ ၁၃ ရက်နေ့မှာ မိတ္ထီလာကိုရောက်အောင် စိုး လာခဲ့ပါ။ ဝန်ဇင်းဟိုတယ်မှာ ဝေတို့ရှိနေကြမယ်။ လာတွေ့လှည့်ပါ။ စိုးကို မာမီနဲ့ရော အန်တီနဲ့ပါ တွေ့ပေးချင်တယ်။ ဝေ မာမီ့ကိုလည်း အကြောင်းစုံဖွင့်ပြောထားပြီးပါပြီ။ မာမီက ဝေ့ဆုံးဖြတ်ချက်အတွက် ဘာမျှမပြောဘူး။ သမီးသဘောပါတဲ့။

စိုးရေ ... စိုးနဲ့ဝေတို့ဘဝရှေ့ရေးကိုလည်း ဆွေးနွေးကြစို့ကွယ်၊

စိုးရယ် ... ၁၅ နှစ်ဆိုတဲ့အချိန်ဟာ တကယ် ဖြတ်သန်းပြီးတော့လည်း ဘာမျှမကြာသလိုပါလားနော်။ ဝေတော့ စိုးနဲ့ ပြန်ဆုံရမှာ တွေးပြီး ဝမ်းသာလိုက်တာ။ ငယ်ငယ်က စိုးပြောခဲ့တဲ့စကားတွေ ကြားယောင်ပြီး မျက်စိထဲမှာ စိုးကိုပဲ မြင်ယောင်နေမိတယ်။

မေလ ၁၃ ရက်နေ့အရောက် မိတ္ထီလာကို လာဖြစ်အောင် လာနော် စိုး၊ ဝေမျှော်နေမှာ၊

သာယာလှပမယ့် အနာဂတ်အတွက် ...

စိုးရဲ့

ဝေ ...

သည့်အကြောင်းတွေကို မကြာခင်မှာပင် ကိုရဲမင်း သိသွားခဲ့သည်။ ကိုရဲမင်းက ကျွန်တော့်ကို ပြင်းပြင်းထန်ထန်ပင် ပုတ်ခတ်ခဲ့ပါသည်။

ကိုရဲမင်းကတော့ သူ့ဇနီးမြမြမွန်နှင့်ပတ်သက်ကာ သွယ်ဝိုက်မှ ခံပြင်းပေမည်။ သဘာဝကျပါသည်။

ကျွန်တော့်အဖို့တော့ ငယ်စဉ်ကအကြောင်းများကို ဘာမှမသိသော ကိုရဲမင်းကို အကြောင်းပြစရာရှာမရပါ။ ကျွန်တော်ပြောလျှင်လည်း အပြစ်လွတ်အောင် ဆင်ခြေပေးတာလို့ပင် ထင်ပေမည်။

ကျွန်တော်သည် ကိုရဲမင်း၏ရှုတ်ချမှု၊ မြမြမွန်၏ငြိုငြင်မှုများကို မသိကျိုးကျွင်ပြု၍ နေခဲ့ရလေသည်။

အဲဒါထက်အရေးကြီးတာက ကျွန်တော်ဆုံးဖြတ်ဖို့၊ ကျွန်တော့် ဆုံးဖြတ်ချက်မှန်ကန်ဖို့သာ ဖြစ်ပါသည်။

သွယ်ပြောသလိုပင် ကျွန်တော် ပြတ်ပြတ်သားသား ဆုံးဖြတ်ရတော့မည်။

ဝေ ပေးလိုက်သည့် ရက်ချိန်းကိုရောက်ဖို့ ရက်သိပ်မလိုတော့။ ၂ ပတ်သာ လိုပါတော့သည်။

ကျွန်တော် ဘယ်သူ့ကို ရွေးရမည်လဲ။

ဝေ ဖိတ်ခေါ်ရာ မိတ္ထီလာသို့သွားလိုက်လျှင် ဝေ့ကို ရွေးချယ်ပြီး သား ဖြစ်လိမ့်မည်။ ဝေနှင့် သွားတွေ့သင့်သလား။

သွယ့်ကိုရော ကျွန်တော် လက်လွှတ်နိုင်ရဲ့လား။

ကျွန်တော့်နှလုံးသားသည် ဝေခွဲရခက်စွာဖြင့် အပြင်းအထန် လှုပ် ရှားလာရသည်။

အနှစ်နှစ်အလလှက မျှော်လင့်ကောင့်စားခဲ့ရသော ကျွန်တော့်အချစ် ဦး ဝေကို ကျွန်တော် သွားမတွေ့ဘဲ မနေနိုင်ပါ။

သွယ့်ကိုလည်း လက်တွဲဖြုတ်ပစ်ဖို့ မဝံ့ရဲပါ။ မိန်းကလေးဖြစ်သော သွယ့်ဘဝကို ကျွန်တော်စာနာရပေမည်။ ယခုဆိုလျှင် ကျွန်တော်တို့နှင့် ပတ်သက်ရာ ပတ်ဝန်းကျင်တစ်ခုလုံးက သွယ်နှင့် ကျွန်တော့်အနေအထား ကို သိထားပြီးဖြစ်သည်။ မကြာမြင့်သောအချိန်တွင် လက်ထပ်ကြမည့် ချစ်သူ နှစ်ဦးဟု သိထားဆဲအချိန်တွင် သွယ့်ကို ကျွန်တော်ပစ်ထားခဲ့ပါက သွယ့်ဘဝ ဘယ်လိုဖြစ်သွားမည်နည်း။

ဆွေမျိုးသားချင်းတွေအလယ်မှာ သွယ် မျက်နှာငယ်ရပေတော့ မည်။ ရုံးအသိုင်းအဝိုင်းကြားမှာ ရည်းစားပျက်မအဖြစ် နာမည်ဆိုး တွင်တော့ မည်။ လူအထင်သေးမှု၊ ရှုတ်ချမှုတွေကို သွယ် ရင်ဆိုင်ရလိမ့်မည်။ လူမှုရေး ဆိုးရွားနံစ်နာမှုတွေ သွယ့်မှာ အများကြီးရှိလာနိုင်ပါသည်။

ပြီးတော့ ကျွန်တော်ကရော သွယ့်ကို ဘယ်လိုဆက်ပြီး မျက်နှာ ချင်းဆိုင်မည်လဲ။

လက်တွဲဖြုတ်ပြီးနောက်ပိုင်းမှ အမိုးအကာတစ်ခုထဲအောက်မှာ နေ့စဉ်တွေ့မြင်နေရမည့် အနေအထားကို ရင်ဆိုင်နိုင်ဖို့မလွယ်ပါ။

ကျွန်တော့်ကိုယ်ကျွန်တော် ယောက်ျားကောင်းတစ်ယောက်လို့ လိပ်ပြာလုံစွာ မှတ်ယူနိုင်ဖို့အတွက် သွယ့်ဘဝကို စာနာရပေတော့မည်။

သည့်လိုဆိုရင် ဝေ့ကိုရော . . . လက်လွှတ်နိုင်ရဲ့လား။

ဝေ့ကိုလည်း ကျွန်တော် စွန့်လွှတ်နိုင်စွမ်းမရှိပါ။

ဝေသည် ကျွန်တော်အချစ်ဦး။ ငယ်ကျွမ်းဆွေ ဖြစ်သည်။ နှစ်လများစွာ မျှော်မောခဲ့ရသော ချစ်ဦးသူဖြစ်သည်။

ဝေခွဲရခက်နေပြီ။

ကျွန်တော့်ခေါင်းတွေ ရှုပ်ထွေးလာပြီ။

တစ်ရက်ပြီးတစ်ရက် ကုန်ဆုံးသွားသော်လည်း ပြတ်သားသော ဆုံးဖြတ်ချက်ကို မချနိုင်သေးပါ။

* * * * *

မည်သို့ပင်ဆိုစေ ဝေနှင့် ချိန်းဆိုထားသည့်ရက် အပိုင်းအခြားအတွက် ခွင့်ကြို၍တင်ထားလိုက်သည်။

ခရီးထွက်ရန် ဟူသော အကြောင်းပြချက်ဖြင့် ခွင့်တစ်ပတ်တောင်းခံထားသော ခွင့်လျှောက်လွှာလေးကို ကြည့်၍ သွယ်မျက်နှာ ပျက်နေရှာသည်။

ယခုဆိုလျှင် မိတ္ထီလာသို့သွားရောက်ရန်အတွက် မီးရထား လက်မှတ်ကိုပင် ကျွန်တော် ဝယ်ထားပြီးပါပြီ။

ကျွန်တော်၏ခွင့်ရက်သည် မနက်ဖြန်မှ စတင်ပါလိမ့်မည်။ မနက်ဖြန်ညနေ ၃ နာရီ ၁၅ မိနစ်တွင် ရန်ကုန်ဘူတာကြီးမှထွက်ခွာမည့် ဒဂုံ–မန်းအထူးအမြန်ရထားဖြင့် သာစည်ဘူတာအထိ ကျွန်တော်လိုက်ပါသွားမည်။ သာစည်မှတစ်ဆင့် မိတ္ထီလာသို့ခရီးဆက်ရမည်။

"မောင်သွားတော့မှာပေါ့နော်"

ညနေပိုင်းရုံးအဆင်းတွင် သွယ့်အိမ်အထိ ကျွန်တော်လိုက်ပို့တော့ သွယ်က ကျွန်တော့်ကိုစိုက်ကြည့်ကာ မေးခဲ့သည်။ သွယ်သည် မျက်ရည်ခံ

မထိုးဘူးဆိုသည့် သူ့စကားအတိုင်း မျက်ရည်မကျအောင် ထိန်းချုပ်ထားခဲ့သည်။ ထိန်းချုပ်ထားမှုန်းလည်း သွယ့်အမူအရာက သိသာလှပါသည်။ သည့်အဖြစ်ကပဲ သွယ့်အပေါ် ကရုဏာသက်စရာ၊ သနားစရာဖြစ်နေရပါသည်။

ကျွန်တော်လည်း သွယ်စိတ်ပေါ့ပါးသွားရန် နှစ်သိမ့်ရမည့် စကားလုံးကိုရှာမရခဲ့ချေ။ ဟန်ဆောင်ပြီးတော့လည်း ချော့မော့မနေချင်တော့ပါ။ သွယ်သည် ဟန်ဆောင်နှစ်သိမ့်တိုင်း ယုံမည့်မိန်းကလေး မဟုတ်။

"မောင်ပြန်လာမှာပါ သွယ်၊ မောင်ပြန်လာမှာပါ"

ကတိပေးသကဲ့သို့ မရေရာသောစကားကိုသာ ရွတ်ပြခဲ့မိလေသည်။

ယခုအချိန်အထိ ကျွန်တော်တိတိကျကျ မဆုံးဖြတ်ရသေးပါ။ ကျွန်တော့်ခေါင်းထဲမှာ ရှုပ်ထွေးနေဆဲသာဖြစ်သည်။

မိတ္ထီလာသို့သွားရောက်ခြင်းမှာ ဝေ့ကို တွေ့ချင်စိတ်သက်သက်ဖြင့် သွားခြင်းသာဖြစ်သည်။ ဝေ့ကိုရွေးချယ်လိုက်ပြီဟု ပိုင်ပိုင်နိုင်နိုင် မဆုံးဖြတ်ဝံ့သေး။

သွယ့်ကိုလည်း သနားနေမိသည်။

အဲဒီလိုအချိန်မှာပဲ ကျွန်တော်၏ဝေခွဲရခက်မှုကို မထင်မှတ်သောအကြောင်းတရားတစ်ခုက ပံ့ပိုးကူညီလိုက်ခြင်း ဖြစ်ပါသည်။

* * * * *

အိမ်ပြန်အရောက်တွင် ရေမိုးချိုးပြီးနောက် ယနေ့ထုတ်သတင်းစာကိုယူ၍ဖတ်လိုက်သည်။

ယနေ့ ရုပ်မြင်သံကြားအစီအစဉ်ကို အမှတ်မထင် ဖတ်ကြည့်လိုက်ရာ ကျွန်တော့်မျက်လုံးများ ရုတ်တရက် ပြာဝေသွားရလေတော့သည်။

ရင်များလည်း တဒိတ်ဒိတ် ခုန်လာသည်။

မြန်မာရုပ်ရှင်ဇာတ်လမ်း

"သစ္စာပန်းတစ်ပွင့်"

( ကျော်သူ၊ မို့မို့မြင့်အောင်၊ တင်နီလာဝင်း )

ကျွန်တော်နှင့်ဝေ ခွဲရခါနီးကြည့်ခဲ့သော ရုပ်ရှင်ကားဟောင်းကို တီဗီမှ ပြန်လည်ထုတ်လွှင့်တော့မည်။

ကျွန်တော့်သွေးတွေ နွေးလာသည်။

"သစ္စာပန်းတစ်ပွင့်"

အဆုံးအထိမကြည့်ခဲ့ရသောဇာတ်ကားတစ်ကား။ မင်းသားနှင့် မင်းသမီး ကွဲသွားပြီးနောက် ဘာဆက်ဖြစ်သေးတယ်ဆိုတာ သိချင်နေရတဲ့ ဇာတ်ကား။

ဝေ့ကိုလွမ်းရခြင်းနှင့်အတူ ဤဇာတ်ကားကိုပါ ကျွန်တော် ထာဝရအမှတ်ရနေခဲ့သည်။

ခုတော့ လွန်ခဲ့သော ၁၅ နှစ်က တစ်ပိုင်းတစ်စသာ ကြည့်ခွင့်ရခဲ့သော ရုပ်ရှင်ကားဟောင်းကို ရုပ်မြင်သံကြားဖန်သားပြင်ပေါ်မှတစ်ဆင့် ပြန်လည်မြင်တွေ့ခွင့်ရပေတော့မည်။

တိုက်ပဲ တိုက်ဆိုင်လွန်းပါသည်။

မနက်ဖြန် ဝေနှင့်သွားတွေ့ခါနီးအချိန်နှင့် ကိုက်ညီစွာပင် ကျွန်တော်တို့ဘဝ၏ အမှတ်တရ ရုပ်ရှင်ကားကို တီဗီက ထုတ်လွှင့်ပြသပေတော့မည်။

ကျွန်တော့်အတွက် ကောင်းသောနိမိတ်ဖြစ်ပါစေ ...

* * * * *

အစောကြီးကတည်းက ရုပ်မြင်သံကြားရှေ့မှာ ကျွန်တော် ရောက်နေခဲ့ပြီ။

ရုပ်ရှင်ဇာတ်ကားလာမည့်အချိန်ကို စိတ်စောစွာဖြင့် စောင့်စားနေမိလေသည်။

သတင်းအစီအစဉ်အပြီးမှာ အနှစ်နှစ်အလလက ကြည့်ချင်ခဲ့သော ကျွန်တော့်ရဲ့ 'သစ္စာပန်းတစ်ပွင့်' ဇာတ်ကား စပြပါပြီ။

ဟိုးလွန်ခဲ့သော ၁၅ နှစ်ကျော်က ရုံတင်ပြသခဲ့သည့် အဖြူအမည်းဖလင်ဖြင့် ရိုက်ကူးထားခဲ့သော ရုပ်ရှင်ဇာတ်ကားတစ်ကား။

မို့မို့မြင့်အောင်၏ နုပျိုလန်းဆန်းသောအလှကို ပြန်လည်မြင်တွေ့ရသည်။ ပြုပြင်ဖန်တီးမှုများဖြင့် ဟန်ဆောင်စရာမလိုဘဲ တကယ်လှပ၍ တကယ်နုပျိုသော တကယ့်အလှကိုပြန်မြင်ရခြင်းပဲဖြစ်ပါသည်။

ကျော်သူ့ကိုလည်း တက်ကြွသွက်လက်သော လူငယ်လေးတစ်ဦးအဖြစ် ပြန်မြင်ရလေသည်။

တကယ်တော့လည်း ဤဇာတ်ကားသည် ထိုမင်းသား မင်းသမီးများ တက်သစ်အရွယ်က ရိုက်ကူးထားခြင်း ဖြစ်ပါသည်။

ဇာတ်ကားစသည်နှင့် ကျွန်တော့်အတွေးများသည် လွန်ခဲ့သော ၁၅ နှစ်ဆီသို့ ရောက်ရှိသွားလေသည်။ ဖန်သားပြင်ထက်မှမြင်ကွင်းများသည် ကျွန်တော့်အား အတိတ်ဆီသို့ဆွဲခေါ်သွားလေပြီ၊ ဘောဟတိဝန်းကျင်တစ်ခုလုံးသည် ကျွန်တော့်မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

ကျွန်တော်သည် ကျွန်တော်တို့မြို့က မြနန္ဒာရုံတော်ကြီးထဲသို့ ပြန်လည်ရောက်ရှိသွားလေ၏။

မြနန္ဒာရုံတော်ကြီးထဲတွင် ကျွန်တော့်ဘေး၌ ဧဝ ထိုင်နေသည်။

အကြော်ရောင်းသည့် မုဆိုးမကြီးဒေါ်စံရှားတင်က သားကျော်သူကို ပညာတတ်ကြီးဖြစ်အောင်ကြိုးစားဖို့ ဆုံးမသည့်အခန်း။

ကျော်သူနှင့် အိမ်နီးချင်းသူငယ်ချင်းတင်နီလာဝင်းတို့ ကျောင်းအတူသွားကြခန်း။

ထိုပြကွက်များပြစဉ်က ဧဝ့လက်ဖမိုးလေးကို ကျွန်တော့်လက်ဖဝါးဖြင့် ခပ်ဖွဖွလေး အုပ်ထားခဲ့သည်။ ပိုင်ပိုင်နိုင်နိုင်မကိုင်ရဲဘဲ အဲဒီလိုခပ်ဖွဖွလေး ထိထားရုံဖြင့် ရင်တွေမတရားခုန်ခဲ့တာကို သတိရလာသည်။

ထို့နောက် ကျော်သူတို့ကျောင်းကို မို့မို့မြင့်အောင် ရောက်လာသည်။ မို့မို့မြင့်အောင်ကို ကျောင်းလာအပ်ပုံအခန်း။ ကျွန်တော်တို့ အဖြစ်နှင့် ဆင်တူသဖြင့် ဧဝ့လက်ကို ရုတ်တရက် ဖျစ်ညှစ်အသိပေးလိုက်ရာမှ လွှတ်မပေးတော့ဘဲ ပိုင်ပိုင်နိုင်နိုင် ကိုင်ထားဖြစ်ခဲ့သည်။

မို့မို့မြင့်အောင်နှင့်တင်နီလာဝင်း သူငယ်ချင်းတွေဖြစ်သွားပုံ၊ တင်နီလာဝင်းမှတစ်ဆင့် ကျော်သူနှင့်မို့မို့မြင့်အောင်တို့ ခင်မင်ရင်းနှီးသွားကြပုံ

ပြကွက်များက တီဗီမြင်ကွင်းထက်တွင် ဆက်ပေါ်လာသည်။

"ဧဝ ကိုယ့်ဆီကိုစာဆက်ဆက်ရေးနော်"

"အင်းပါ"

"ဝေ စႏ္ဒရေးမှ ကိုယ်ရေးလို့ရမှာလေ၊ ဝေတို့ လိပ်စာအသစ်ကို ငဲ့ဝ့စာဖတ်ရမှ သိရမှာ မဟုတ်လား"

"ဝေ ပြောင်းသွားပြီးတစ်ပတ်အတွင်းမှာ စိုးဆီကို ဝေ့စာရောက်လာစေရမယ်"

အဲသည်တုန်းက ပြောခဲ့တဲ့စကားတွေလေ။ ဝေ့အသံတွေကို လတ်လတ်ဆတ်ဆတ် ကြားယောင်လာသည်။

ကျော်သူနှင့်မို့မို့မြင့်အောင်တို့ ချစ်သူဖြစ်သွားကြပြီ။ မို့မို့မြင့်အောင် မိဘများက ရိုက်နှက်ဆုံးမသည့်အခါ လွမ်းခန်းစလာတော့သည်။

"ဟင်း ... အကြော်သည်မုဆိုးမသားဆင်းရဲသားကိုမှ ချစ်ရတယ်လို့ကွာ။ တောက် ... ဒင်းနဲ့ငါ့သမီးနဲ့ တူသလား။ တန်သလား"

ဝေ့လည်တိုင်နှင့်ပါးပြင်မှ သနပ်ခါးနံ့လေးများက တစ်ချက်တစ်ချက် သင်း၍လာသည်။ ဝေနှင့်ခွဲရတော့မယ့်အချိန်က တဖြည်းဖြည်း နီးလာပေပြီ။

မခွဲရခင်မှာ ဝေ့ပါးလေးကို မွှေးခွင့်ရဖို့ ထိုအချိန်မှစ၍ ကျွန်တော် ကြိုးစားခဲ့ပါသည်။

ရုပ်ရှင်က ကျော်သူက မို့မို့မြင့်အောင်ကို ခိုးပြေးမည့်အခန်း ရောက်နေပြီ။

မို့မို့မြင့်အောင် အိမ်ပေါ်မှ တိတ်တိတ်ကလေးဆင်းလာပုံ။

ကျော်သူ ခြံနောက်ဘက်သစ်ပင်အကွယ်မှာ စောင့်နေပုံ။

ချစ်သူနှစ်ဦးဆုံမိသွားကြသည်။ တစ်ယောက်နှင့်တစ်ယောက် ပွေ့ဖက်ထားလိုက်၏။

လွန်ခဲ့သည့် ၁၅ နှစ်၊ ကျွန်တော် ကြည့်ခဲ့စဉ်က ထိုအခန်းအပြီး နောက်တစ်ခန်းအထိသာ ကြည့်ခွင့်ရခဲ့ပါသည်။ မြင့်နိုင်နှင့် နွဲ့နွဲ့စမ်း လိုက်

ဆုပြည့်စုံတွန်းစာပေ

လာပြီး မို့မို့မြင့်အောင်ကို အတင်းဆွဲခေါ်၊ ကျော်သူ့ကို သေနတ်ဒင်နှင့် ရိုက်သည့်အခန်းအထိသာ ကောင်းကောင်းကြည့်ခဲ့ရသည်။

နောက်တစ်ခန်းအကူးတွင် ကိုအောင်မြတ်ဦး ရောက်လာကာ ဝေ့ကို ဆွဲခေါ်သွားခဲ့ခြင်း ဖြစ်ပါသည်။

ယခုတော့ ဤဇာတ်ကားကို အစအဆုံးကြည့်ရပေတော့မည်။

မင်းသားနဲ့မင်းသမီး ကွဲသွားပြီး ဘာဆက်ဖြစ်ကြသေးလဲ။ ကျော်သူ့ အတွက် သစ္စာပန်းတစ်ပွင့်ဟာ မို့မို့မြင့်အောင်လား၊ တင်နီလာဝင်းလား၊ နှစ်ပေါင်းများစွာ သိချင်ခဲ့သောအဖြေကို ယခုသိရပေတော့မည်။

ဤဇာတ်ကား၏ဇာတ်သိမ်းသည် ကျွန်တော်ကြုံတွေ့နေရသော ဝေခွဲရခက်မှုအတွက် အထောက်အကူတစ်မျိုး ဖြစ်လာနိုင်ပါသည်။

ဟော ... မြင့်နိုင်နဲ့နွဲ့နွဲ့စမ်းတို့ မို့မို့မြင့်အောင်ကို အတင်းဆွဲ ခေါ်တဲ့အခန်း ပြနေပြီ။

"ဟင်း ... နင်ကများလူပျိုဝလို့၊ နင်လိုအကောင်နဲ့ တူသလား၊ တန်သလား တောသားရဲ့။ ငါ့သမီး နုနုထွတ်ထွတ်ကလေးကိုများတော်၊ ထွီ မုဆိုးမသား၊ အကြော်သည်သား၊ ဆင်းရဲသားကများ၊ ရာရာစစ"

မဲ့ကာရွဲ့ကာပြောနေသော နွဲ့နွဲ့စမ်း၏ဟန်။

"ကိုယ်နဲ့မတန်မရာကို မှန်းချင်တဲ့ အောက်တန်းစားကောင်၊ ကဲကွာ"

ထို့နောက် ဒဏ်ရာရလာသည့်မင်းသားကို တင်နီလာဝင်းနှင့် ဒေါ်စံရှားတင်တို့က ပြုစုပေးနေစဉ် –

"ဖျတ်"

"ဟာ"

"ဟင်"

ဆုပြည့်ပုံနှိပ်စာပေ

ရုတ်တရက် ပတ်ဝန်းကျင်တစ်ခုလုံး မှောင်ကျသွားလေသည်။

*"မီးပြတ်သွားပြီ"*

*"မီးပျက်သွားပြီဟေ့"*

"ကြည့်ကောင်းနေတုန်းကွာ ... တောက်"

လျှပ်စစ်မီးများ ပြတ်တောက်သွားခြင်း ဖြစ်ပါသည်။ ဘေးအိမ်တွေကို ကြည့်လိုက်တော့ တစ်ရပ်ကွက်လုံး မီးပျက်သွားခြင်းဖြစ်ကြောင်း သိလိုက်ရသည်။

"ဟင်း"

ကျွန်တော် သက်ပြင်းချမိ၏။

ငယ်ငယ်တုန်းကလည်း ကိုအောင်မြတ်ဦးကြောင့် သည်ဇာတ်ကားကို သည်နေရာအထိသာ ကြည့်ခဲ့ရသည်။

ယခုလည်း တိုက်တိုက်ဆိုင်ဆိုင်၊ သည်နေရာရောက်မှ မီးပျက်သွားရသတဲ့။

စိတ်ပျက်လက်ပျက်နှင့် ထိုင်ရာမှထလိုက်ပြီး လမ်းထိပ်လက်ဖက်ရည်ဆိုင်သို့ ထွက်လာခဲ့တော့သည်။

* * * * *

'**သစ္စာပန်းတစ်ပွင့်**'ကို ဇာတ်သိမ်းခန်းထိ ကြည့်ချင်သော ကျွန်တော့် ဆန္ဒသည်မပြည့်ဝခဲ့။

သို့သော် ထိုဇာတ်လမ်း၏ဇာတ်သိမ်းကိုသိရဖို့ ယခင်ကလောက် အခက်အခဲမရှိပါ။ ကျွန်တော်တို့ရပ်ကွက်မှာ မီးပျက်သော်လည်း မီးမပျက်သည့် နေရာမှကြည့်ခဲ့သူတစ်ယောက်ယောက်ကို နောက်တစ်နေ့မှာ မေးကြည့်ရုံနှင့် သိနိုင်ပါသည်။

ဒါပေမဲ့ ကျွန်တော်မသိချင်တော့ပါ။

ကျွန်တော်သည် လက်ဖက်ရည်ဆိုင်မှာထိုင်၍ စီးကရက်ကို ရှိုက်ဖွာရင်း အတွေးနယ်ချဲ့နေမိသည်။ ည ၁၁ နာရီအချိန်ခန့်မို့ လက်ဖက်ရည်ဆိုင်မှာလည်း လူသူရှင်းလင်းတိတ်ဆိတ်နေပေပြီ။

လမ်းမပေါ်မှာလည်း ကားအသွားအလာကျဲပါးလျက် ...

'သစ္စာပန်းတစ်ပွင့်'ကြည့်နေစဉ် မီးပျက်သွားခြင်းကပဲ ကျွန်တော့်အတွက် အနှစ်သီတရားတစ်ခုကို ရခဲ့ပါတော့သည်။

ဖြစ်ချင်တိုင်းဖြစ်မလာတတ်တာ၊ မျှော်လင့်တဲ့အတိုင်းလည်း ဖြစ်ချင်မှဖြစ်တတ်တာ၊

တထစ်ချယုံကြည်ထားတိုင်းလည်း ဟုတ်ချင်မှဟုတ်တတ်တဲ့ လောကသဘာဝတွေကို တရေးရေး သဘောပေါက်လာမိသည်။

အဲဒီလိုသဘောပေါက်ခြင်းနှင့်အတူ ဝေနှင့်ပတ်သက်လို့လည်း စဉ်းစားစရာအတွေးတွေ ရှိလာသည်။

'သစ္စာပန်းတစ်ပွင့်'ကို တစ်ပိုင်းတစ်စ ပြန်လည်ကြည့်ရှုမိ၍ တွေးမိလာသောအတွေးများ ဖြစ်ပါသည်။

'သစ္စာပန်းတစ်ပွင့်'သည် လွန်ခဲ့သော ၁၅ နှစ်ကျော်က ဇာတ်ကားတစ်ကားဖြစ်သလို ဝေဆိုသည်မှာလည်း လွန်ခဲ့သော ၁၅ နှစ်ကျော် ကျွန်တော် လူပျိုပေါက်အရွယ်က ချစ်ခဲ့ရသောအချစ်ဦး ဖြစ်ပါသည်။

ဝေ့ကို ၁၅ နှစ်လုံးလုံး တမ်းတနေခဲ့သည်။

'သစ္စာပန်းတစ်ပွင့်'ကိုလည်း ဝေနှင့်အတူ တသသရှိနေခဲ့၏။

'သစ္စာပန်းတစ်ပွင့်'ကို ယနေ့ပြန်ကြည့်ရတော့ မျှော်လင့်သလို ဖြစ်မလာ။

ဝေကရော . . .

ဝေနှင့် ပြန်တွေ့လျှင်ကော . . .

ဝေဟာ ကျွန်တော် မျှော်လင့်သလို အနေအထားမျိုးရှိနေပါ့မလား။

ကျွန်တော့်မျက်စိထဲမှာ မြင်ယောင်နေလေ့ရှိသော ဝေမှာ လွန်ခဲ့သော ၁၅ နှစ်က အသက် ၁၆ နှစ်အရွယ် နုပျိုလန်းဆန်းသော ဝေသာ ဖြစ်ပါသည်။ ယခုရှိနေမည့် ဝေ့ပုံပန်းသဏ္ဍာန်ဟာ ဘယ်လိုမျိုးရှိနေမယ်ဆိုတာ ကျွန်တော် မသိသေး။

'သစ္စာပန်းတစ်ပွင့်' ဇာတ်ကားထဲက မင်းသမီးမို့မို့မြင့်အောင်ပင် ဇာတ်ကားထဲကပုံစံနှင့် ယခုလက်ရှိပုံစံမတူတော့။ အချိန်ကာလရွေ့လျား သည်နှင့်အတူ မို့မို့မြင့်အောင်သည် အရွယ်ကြီးရင့်သော မိန်းမကြီးတစ်ယောက် ဖြစ်နေပြီ။ ဝါရင့်မင်းသမီးကြီးတစ်ယောက် ဖြစ်နေပြီ။ အမေခန်းနှင့် ဇာတ်ပို့ ခန်းများတွင် ပါဝင်တင်ဆက်ရသော အရွယ်သို့ ရောက်ရှိနေခဲ့ပါပြီ။

တစ်ချိန်တုန်းက အင်မတန်လှပကြော့ရှင်းခဲ့သော မင်းသမီးကလေး ပင် ဇရာ၏သဘောကို မလွန်ဆန်နိုင်ပါ။

ဝေသည်လည်း ကျွန်တော်အမြဲမြင်ယောင်နေသည့် လွန်ခဲ့သော ၁၅ နှစ်က ပုံစံအတိုင်းရှိနိုင်ပါတော့မလား။

၁၅ နှစ်ဆိုသောကာလသည် မိန်းမတစ်ယောက်၏ပုံပန်းသဏ္ဌာန် အား တစ်မျိုးတစ်ဖုံပြောင်းလဲသွားစေရန် လုံလောက်သောအချိန်ကာလ ဖြစ်ပါသည်။

ကျွန်တော်ချစ်နေရသောဝေမှာ တစ်ဆယ်ကျော်ငါးနှစ်ပတ်လည် အလှသွေးကြွယ်စ သပြေခက်အရွယ် မိန်းမလှလေး ဝေ သာ ဖြစ်ပါသည်။ ယခုဝေသည် ဝဖိုင့်ဆူဖြိုးနေသော မိန်းမကြီးတစ်ယောက်ဖြစ်နေနိုင်သလို ပိန်လှီခြောက်ကပ်နေမည့် အမျိုးသမီးတစ်ယောက်လည်း ဖြစ်နိုင်သေးသည်။ အသက်သုံးဆယ်ဆိုသောအရွယ်သည် မိန်းမသားများအတွက် အကျဖက်ကို ဦးတည်သွားစအရွယ်လည်း ဖြစ်သေးသည်။

တွေးရင်းပင် ကျွန်တော်လန့်လာသည်။

ဆယ်တန်းကျောင်းသူဝေ့သဏ္ဌာန်နှင့် ယခုလက်ရှိဝေ့သဏ္ဌာန် ဆန့် ကျင်ဘက်ကြီး ကွဲပြားခြားနားနေခဲ့လျှင် ဝေ့ကို ကျွန်တော်ချစ်နိုင်ပါဦးမလား။

ဝေ့ကိုတွေ့လိုက်ရမှ ... ကျွန်တော့်အချစ်တွေ လျော့ပါးကုန်ခန်း သွားရလျှင် မခက်ပါလား။

အို . . . ဝေဟာ အလုံမပျက်ဘဲ ယခင်ကထက်ပိုမိုကြော့ရှင်းလှပနေသည်ပဲဆိုစေဦးတော့ ဝေ့ကို ကျွန်တော်မတွေ့ချင်တော့ပါ။

စိတ်ကူးထဲမှာလွမ်းရင်းနှင့် တသသချစ်နေရသည့်အချစ်မျိုးနှင့်သာ ဝေ့ကိုချစ်သွားပါတော့မည်။

စိတ်ကူးဘဝနှင့် လက်တွေ့ဘဝကို ကျွန်တော်ခွဲခြားနိုင်ပါပြီ။

သွယ့်ကိုလည်း စွန့်လွှတ်ဖို့မဖြစ်နိုင်သော အနေအထားဝယ် ရှုပ်ထွေးလာမယ့် အခြေအနေမျိုးကို ကျွန်တော် အရောက်မခံတော့ပါ။

ဝေဟာ ကျွန်တော့်စိတ်ကူးယဉ်ကမ္ဘာထဲက မင်းသမီးလေးတစ်ပါးအဖြစ်သာ ရှိနေပါစေတော့။

ဝေ့ကို ကျွန်တော် သွားမတွေ့တော့ပါ။

* * * * *

'သစ္စာပန်းတစ်ပွင့်'အား ဒုတိယအကြိမ် ကြည့်ခွင့်ကြုံလိုက်ရခြင်းသည် ကျွန်တော်၏တွေဝေဒွိဟဖြစ်နေသော စိတ်များကို တည့်မတ်နိုင်ဖို့ အခွင့်အရေးရခဲ့ခြင်းပဲ ဖြစ်ပါသည်။

ပိုင်နိုင်သောဆုံးဖြတ်ချက်ကို ချလိုက်မိချိန်တွင် ကျွန်တော့်စိတ်တွေ ဖျော့ပါးသွားလေ၏။

ကျွန်တော်က လက်ဖက်ရည်ဖိုးကို ခွက်အောက်တွင် ဖိထားခဲ့ကာ ဆိုင်ထဲမှ ထွက်လာခဲ့လေသည်။

လမ်းထိပ်အရောက် လမ်းမီးတိုင်အောက်တွင် အိတ်ကပ်ထဲမှာ အသင့်ပါလာခဲ့သော ဒဂုံ-မန္တလေးအမြန်ရထားလက်မှတ်ကလေးကို ထုတ်ယူလိုက်သည်။

"ခွင့်လွှတ်ပါ ဝေ"

နှုတ်မှတီးတိုးရွတ်ဆိုမိရင်း ရထားလက်မှတ်ကလေးကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် ဆုတ်ဖြဲပစ်လိုက်လေတော့သည်။

လက်မှတ်အပိုင်းအစကလေးများမှာ လမ်းမပေါ်တွင် ပြန့်ကျဲသွားလေ၏။

အရှိန်ပြင်းစွာမောင်းလာသော ကားတစ်စီးကြောင့် လက်မှတ်အပိုင်းအစကလေးများသည် ကတ္တရာလမ်းတစ်လျှောက် လွင့်မျောဝဲပါကာ တစ်စစီ ပျောက်လွင့်သွားလေတော့သည်။

* * * * *

မနက်ကျလျှင် သွယ့်အိမ်ကိုစောစောသွားမည်။

မိတ္တီလာသို့ ကျွန်တော်မသွားဖြစ်တော့တဲ့အကြောင်း ပြောပြမည်။

တင်ထားသောခွင့်ကိုလည်း ပယ်ဖျက်လိုက်တော့မည်။

ကျွန်တော့်ရဲ့ ဆုံးဖြတ်ချက်ကို သွယ် သဘောပေါက်အောင် ရှင်းပြလိုက်ပါမည်။

သည်အခါမှာ ကြည်နူးရွှင်ပျသွားမယ့် သွယ့်မျက်နှာလေးကို ယခုပင် ကျွန်တော် မြင်ယောင်နေမိပါတော့သည်။

ဆောင်းလုလင်